


# The VOICE Daily




Vol. 5 / No. 112 | Established in 2004 | ၁၃၇၉ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ (Monday, August 21, 2017)

# ခြောက်ကပ်စပြုလာတဲ့ ရန်ကုန်မြို့ ညဈေးတန်း


ဓာတ်ပုံ – အောင်နိုင်

သခင်မြပန်းခြံအနီးမှ ပန်းဆိုးတန်းကမ်းနားအထိ ဈေးဆိုင်ခန်းပေါင်း ၁၆၀၀ ကျော်ဖြင့် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်မြို့ညဈေးတန်းသည် ယခုအခါ ဆိုင်ခန်းပေါင်း ၃၀၀ ကျော်သာ ကျန်ရှိတော့သည်

လွန်ခဲ့သော ၉လခန့် ရန်ကုန်မြို့တွင် ဈေးသည်များ၊ စားသုံးသူများဖြင့် စည်ကားခဲ့သော ညဈေးတန်းမှာ ယခုအခါ လူကျိုးတိုးကျဲတဲဖြင့် တိတ်ဆိတ်ခြောက်ကပ်လျက်ရှိနေပေသည်။

ည ၈ နာရီ သာသာ ရှိသော်လည်း အချို့ဆိုင်များတွင် စားသောက်မည့်သူမရှိ။ အချို့ကလည်း ဆိုင်သိမ်းသွားကြပြီ။

ညဈေးတန်း စတင်ဖွင့်လှစ်စဉ်က ကမ်းနားလမ်း (သခင်မြပန်းခြံအနီးမှ ပန်းဆိုးတန်း ကမ်းနားအထိ) ဈေးဆိုင်ခန်းပေါင်း ၁၆၀၀ ကျော်ကို နေရာချပေးခဲ့ပြီး စဖွင့်စဉ်က အလွန်စည်ကားလှသည့် ညဈေးတန်းဖြစ်ခဲ့သော်လည်း ယခုအခါ ဖွင့်လှစ်နေသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်သာ ကျန်ရှိတော့သည်။

ရန်ကုန်မြို့တော်၏ပထမဆုံး ညဈေးတန်းကို ကမ်းနားလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းတို့တွင် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် စတင်ဖွင့်လှစ်ခဲ့ပြီး ညနေ ၃ နာရီမှ ည ၁၁ နာရီထိ ဈေးရောင်းချခွင့်ပေးထားသည်။

အဆိုပါညဈေးတန်းတွင် မြို့တွင်း လေးမြို့နယ်မှ အစားအသောက်နှင့် သစ်သီးရောင်းချသည့် လမ်းဘေးဈေးသည်များကို အဓိက ပြောင်းရွှေ့နေရာချထားပေးခဲ့ခြင်းဖြစ်သည်။

ညဈေးတန်းတွင် ဈေးရောင်းချမည့် ဈေးသည်များအတွက် ရေပေးဝေရေးစနစ်များ၊ လမ်းမီးတိုင်နှင့် အများပြည်သူသုံး သန့်စင်ခန်းများ၊ အမှိုက်သိမ်းစနစ်တို့ကိုလည်း ရန်ကုန်တိုင်းအစိုးရအဖွဲ့မှ စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

သို့သော်လည်း ညဈေးတန်းမှာ ထင်သလောက် အောင်မြင်မှုမရရှိခဲ့ပေ။

ညဈေးတန်းစတင်ဖွင့်လှစ်သည့် စာ 15

## စစ်ကိုင်းတိုင်းအတွင်း လူဦးရေတစ်သောင်းခန့် ရေဘေးဒဏ်သင့်

ကလေး၊ ဩဂုတ် ၂၀

မြန်မာနိုင်ငံ၏အဓိကမြစ်ကြီးများဖြစ်သည့် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ် ရေစိုးရိမ်ရေမှတ်အထက်မြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းအတွင်းမှ လူဦးရေတစ်သောင်းခန့်သည် ရေဘေးဒဏ်ကိုရင်ဆိုင်နေရပြီး ရေလွတ်ရာသို့ပြောင်းရွှေ့နေထိုင်နေရကြောင်း စစ်ကိုင်းတိုင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး စဝီလီဖရန့်က ပြောကြားသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ဩဂုတ်လ ၁၂ ရက်နေ့မှ စတင်ကာ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီနှင့် မုံရွာမြို့တို့တွင်လည်း စိုးရိမ်ရေမှတ်သို့ ဆက်လက်မြင့်တက်လာကြောင်း၊ စာ 2

ဒေါက်တာတင်မျိုးဝင်း စင်ကာပူတွင် နှလုံးခွဲစိတ်မှုခံယူမည် စာ 2
လေးလောင်းပြိုင် လူသတ်မှုကို ပိတ်သိမ်းခြင်းမရှိ စာ 2
ရန်ကုန်မြို့တွင်းရေမြောင်းများကို သုံးနှစ်စီမံကိန်းဖြင့် တိုးချဲ့မည် စာ 6
ဝမ်းတွင်းမြို့နယ်မှ ပိုးသတ်ဆေးခတ်ခံရသည့်ရေကို ဓာတ်ခွဲစမ်းသပ်မည် စာ 26



# ဒေါက်တာတင်မျိုးဝင်း စင်ကာပူတွင် နှလုံးခွဲစိတ်မှု ခံယူမည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းသည် နှလုံးရောဂါ ခွဲစိတ်ကုသရန် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေပြီး ခွဲစိတ်မှုကို လာမည့် တနင်္လာနေ့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောသည်။

ဒေါက်တာတင်မျိုးဝင်းသည် ဩဂုတ်လ ၁၁ ရက် မွန်းလွဲပိုင်းက ရင်ဘတ်အောင့်၍ ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကာ ဆေးကုသမှုခံယူနေပြီး ဩဂုတ် ၁၉ ရက်တွင် စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခြင်းဖြစ်သည်။

ဒေါက်တာတင်မျိုးဝင်းသည် နှလုံးကို ပို့လွှတ်သည့် သွေးကြောပိတ်သည့်အတွက် ခွဲစိတ်ကုသမှုခံယူရန် ဆရာဝန်ကြီးများ တိုင်ပင်၍ စင်ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေါက်တာအေးကိုကိုက ပြောသည်။

"နှလုံးရောဂါဆိုတော့ စိုးရိမ်ရတယ်လည်းမဟုတ်ဘူး၊ မစိုးရိမ်ရဘူးလည်း မဟုတ်ဘူး။ စောစောစီးစီး ကုလိုက်တာကတော့ အကောင်းဆုံးပဲ။ ဒါကြောင့် စောစောသွားကုလိုက်တာပါ" ဟု ၎င်းက ဆိုသည်။

ဒေါက်တာတင်မျိုးဝင်း၏ နှလုံးတွင် ပိတ်နေသည့် သွေးကြောများကို ခွဲစိတ်ကာ သွေးကြောအစားထိုးမှု ပြုလုပ်ပြီးပါက ပိုမိုကောင်းမွန်လာနိုင်ကြောင်း ဒေါက်တာအေးကိုကိုက ဆိုသည်။

ဒေါက်တာတင်မျိုးဝင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန်အဖြစ် တာဝန်ယူလျက်ရှိပြီး NLD အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူလည်း ဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့် ဩဂုတ်လ ၁၁ ရက်က ရန်ကုန်မြို့တွင် ကျင်းပသည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ကာ မိန့်ခွန်းပြောကြားပြီးနောက် လက်ရှိ ရောဂါခံစားရ၍ ရန်ကုန်ဆေးရုံကြီး၌ သွားရောက်ကုသမှု ပြုလုပ်ခဲ့သည်။

■ J-09



ဓာတ်ပုံ - အောင်နိုင်

မျက်နှာဖုံး - စစ်ကိုင်းတိုင်းအတွင်း လူဦးရေတစ်သောင်းခန့် မှ အဆက်



Photo- TPK

ရောဝတီမြစ်ရေသည် ကသာ၊ ထီးချိုင့်၊ စစ်ကိုင်း မြို့သုံးမြို့တွင် စိုးရိမ်ရေမှတ်ကျော်လွန် ရောက်ရှိနေပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်းသို့ ရေဝင်ရောက်သဖြင့် ယင်းမြို့များရှိ ခန့်မှန်းလူဦးရေ ၉၉၆၂ ဦးသည် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း ၎င်းက ရှင်းပြသည်။

"ရေတက်တဲ့အခါကျတော့ ကျွဲတွေ၊ နွားတွေ ကျောင်းဖို့နေရာမရှိဘူး။ ရေလွတ်ရာ တောထဲတွေ ကျောင်းရတာဆိုတော့ လူရောအိမ်မွေးတိရစ္ဆာန်တွေရော အနေအထိုင်အစားအသောက်တော့ ခက်ခဲတယ်" ဟု မော်လိုက်မြို့ ဆည်တောရပ်ကွက်နေ ဒေါ်မာလာဦးက ပြောဆိုသည်။

ရေကြီးရေလျှံမှုကိုရင်ဆိုင်ရသည့် ဒေသခံများကို ဆန် ၊ ဆီ၊ ဆားစသည့်တို့ကိုထောက်ပံ့လျက်ရှိပြီး စက်သုံးဆီများလိုအပ်ပါကလည်း စက်သုံးဆီကိုထောက်ပံ့လျက်ရှိကြောင်း၊ ဩဂုတ်လအတွင်း ထောက်ပံ့ငွေ ကျပ်သိန်း ၁၂၀ ကျော်ရှိပြီဖြစ်ကာ ပြီးခဲ့သည့်ဇူလိုင်လအတွင်းကလည်း စစ်ကိုင်းတိုင်းအတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အတွက် လူဦးရေ ၁၃၀၀၀ ကျော် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနထံမှ သိရသည်။

"ထောက်ပံ့မှုကတော့ လုံလောက်တယ်ဆိုတာ ဘယ်ရှိမလဲလေ။ အဓိကတော့ ရေဘေးဖြစ်လာမယ်ဆိုလို့ရှိရင် အသက်အန္တရာယ် မဆုံးရှုံးဖို့တော့ လိုတာပေါ့" ဟု ညွှန်ကြားရေးမှူး စဝီလီဖရန့်က ဆိုသည်။

■ R-20

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၃) ဦး
အဆောင်စီစဉ်ပေးမည်။

# လေးလောင်းပြိုင်လူသတ်မှုကို ပိတ်သိမ်းခြင်းမရှိ

**ရန်ကုန်၊ ဩဂုတ် ၂၀**

လွန်ခဲ့သော တစ်နှစ်က မင်္ဂလာဒုံမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လေးလောင်းပြိုင် လူသတ်မှုကို ပိတ်သိမ်းခြင်း မရှိသေးဘဲ မသင်္ကာသူ အမျိုးသားသုံးဦးကိုမူ ဆက်လက်ရှာဖွေလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့မှ အကြီးတန်း အရာရှိတစ်ဦးက ပြောကြားသည်။

မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်ရှိ ကျူးကျော်ကွက်သစ်၊ မြအေးချမ်းလမ်းတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၀ ရက် နေ့က ရဲအရာရှိဟောင်း ကိုစိုးနောင် အပါအဝင် မိသားစုဝင်လေးဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ယခုနှစ် ဇူလိုင်လက ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ရာတွင် မှုခင်းဆရာဝန်ကြီး၏ စစ်ဆေးချက်အရ ကိုစိုးနောင်မှာ စိတ်ဖောက်ပြန်ပြီး မိသားစုဝင်များကို သတ်၍ မိမိကိုယ်ကိုယ် ပြန်သတ်သေခဲ့ကြောင်းနှင့် အခင်းဖြစ် နေအိမ်ရှေ့လာရောက်ခဲ့သည့် အမည်မသိ အမျိုးသား သုံးဦးကို စစ်ဆေးနိုင်ရန် ဆက်လက်စုံစမ်းဆောင်ရွက်နေကြောင်း ဖော်ပြခဲ့သည်။

"ထုတ်ပြန်ချက်မှာ အချို့အချက်တွေ လွဲမှားနေတယ်။ သေဆုံးသူ မောင်စိုးနောင်ကို သူတို့က ဘယ်သန်လို့ ဆိုထားတယ်။ အမှန်က သူကညာသန်၊ လူသတ်မှုဖြစ်တဲ့နေ့က အိမ်ထဲမှာ လူငါးယောက်ရဲ့ ခြေရာပဲ တွေ့တယ် ပြောတယ်။ အမှန်ဆို အိမ်ထဲဝင်ထားတဲ့ အခြားသူတွေရဲ့ခြေရာတွေပါ ရှိရမှာလေ။ ဒီထုတ်ပြန်ချက်ကို လက်မခံနိုင်ဘူး။ ပြန်စစ်ဆေးပေးဖို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ တောင်းဆိုမှာပါ" ဟု လေးလောင်းပြိုင် နေအိမ်မှ တစ်ဦးတည်း အသက်ရှင်ကျန်ရစ်ခဲ့သော ကိုစိုးနောင်၏ ယောက္ခမဖြစ်သူ ဒေါ်ရီရီနွဲ့က ပြောဆိုသည်။

အဆိုပါ လေးလောင်းပြိုင် လူသတ်မှုကို ရဲတပ်ဖွဲ့က DNA စစ်ဆေးချက်အရ အမှုဖြစ်စဉ်ကို ဖော်ပြခဲ့ပြီး ယင်းအမှုနှင့် ပတ်သက်၍ မသင်္ကာသူ သုံးဦးကို တွေ့ရှိပါက သတင်းပေးရန် ထုတ်ပြန်ကြေညာထားသည်။

အမှုကို ၁၀ လကြာ စစ်ဆေးခဲ့ပြီးနောက်အခင်းဖြစ်နေ့က လာရောက်စစ်ဆေးခဲ့သည့် ရဲအရာရှိ၏ ကနဦးမှတ်ချက် အတိုင်း ကိုစိုးနောင်မှာ ၎င်း၏ မိသားစုဝင်များကို သတ်ပြီးနောက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း ဖော်ပြခဲ့သောကြောင့် ကျန်ရစ်သူ မိသားစုဝင်မှ ယခုနှစ် ဇူလိုင်လ ၃ ရက်နေ့က သတင်းမီဒီယာများကို အခင်းဖြစ်နေအိမ်သို့ ဖိတ်ခေါ်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာတွင် အခင်းဖြစ်နေ့က နေအိမ်အတွင်းသွေးများကို ချက်ချင်းဆေးကြောသန့်ရှင်းခြင်းနှင့် သေဆုံးသူတို့၏ ရုပ်အလောင်းများကို သုံးရက်အတွင်း သင်္ဂြိုဟ်ခဲ့ခြင်း၊ အမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့၏ လုပ်ဆောင်နေမှုအပေါ် ဆက်သွယ်မေးမြန်းခွင့် မရရှိခဲ့ခြင်းတို့ကြောင့် ယင်းအမှုကို ပြန်လည်စစ်ဆေးပေးရန် ရဲချုပ်ထံ စာတင်မည်ဖြစ်ကြောင်း မိသားစုဝင်များကပြောကြားခဲ့သည်။

■ S-03

# လုံခြုံရေးအခြေအနေကြောင့် မလေးရှားနှင့်ပွဲအတွက် လက်မှတ်မဝေရန် မြန်မာဘောလုံးအဖွဲ့ချုပ် ဆုံးဖြတ်

**ရန်ကုန်၊ ဩဂုတ် ၂၀**

မလေးရှား ရဲတပ်ဖွဲ့ဝင်များအနေနှင့် အထောက်အထားမပြနိုင်သော ဘောလုံးပရိသတ်များကို ဖမ်းဆီးမှုများရှိနေသောကြောင့် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်မည့် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အတွက် လက်မှတ်မဝေရန်ဆုံးဖြတ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောကြားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများက လာအိုအသင်း၊ ဘရူနိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့သော ပွဲစဉ်များအတွက် မြန်မာပရိသတ်များကို လက်မှတ်ပေးဝေခဲ့ပြီး မလေးရှားနှင့်ပွဲအတွက် လက်မှတ်မဝေရသည့် အကြောင်းနှင့် ပတ်သက်၍ ၎င်းက ပြောကြားခြင်းဖြစ်သည်။

ယင်းသို့လက်မှတ်မဝေရန် ဆုံးဖြတ်ထားသော်လည်း မြန်မာပရိသတ်များအတွက် အွန်လိုင်းမှတစ်ဆင့် လက်မှတ်စောင်ရေ ၆၀၀၀ ရောင်းချပေးထားပြီးဖြစ်ကြောင်း၊ လက်မှတ်အရေအတွက် ၈၀၀၀ ကျော်အထိ ရောင်းချပေးနိုင်ရန် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဩဂုတ်လ ၂၀ ရက်နေ့က ညှိနှိုင်းထားခဲ့ကြောင်း ၎င်းကပြောဆိုသည်။

"Online ticket က 6000 ရောင်းပြီးသွားပြီ။ ဒီတော့ ကျွန်တော်တို့လည်း လက်မှတ်မဝေတော့ဘူး။ လုံခြုံရေးကိစ္စ သူတို့ အာမခံပေမယ့်လည်း စိုးရိမ်မိတယ်" ဟု ဦးကိုကိုသိန်းက ရှင်းပြသည်။

မလေးရှားဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပွဲစဉ်သို့ လာရောက်အားပေးကြမည့် မြန်မာပရိသတ်များ၏ လုံခြုံရေးအခြေအနေနှင့် ဖမ်းဆီးထိန်းသိမ်းခံရမည်ကိုစိုးရိမ်လျက်ရှိသည်ဟု အဖွဲ့ချုပ်အသိုင်းအဝိုင်းထံမှ သိရသည်။

မလေးရှားရဲတပ်ဖွဲ့က မြန်မာအသင်း ယှဉ်ပြိုင်သည့် ပွဲစဉ်များအပြီးတွင် အထောက်အထားမပြနိုင်သော မြန်မာနိုင်ငံသားများကို ဖမ်းဆီးမှုများရှိနေသည်ဟု အဆိုပါနိုင်ငံသို့ရောက်ရှိနေသာ သတင်းထောက်အချို့၏အဆိုအရလည်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေနှင့် မြန်မာပရိသတ်များ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲကြည့်ရှုနိုင်ရန် လက်မှတ်စီစဉ်ပေးမည်ဖြစ်ပြီး မြန်မာအသင်းအကျီများကိုလည်း ဖြန့်ဝေရန်စီစဉ်ထားသည်။

■ **E-06**

The VOICE Daily CARTOON




# ဆိုင်ခန်း၁ တစ်ရက် ကျပ် ၅၀၀ တန် ညဈေး ထားဝယ်တွင် ဖွင့်မည်

**ထားဝယ်၊ ဩဂုတ် ၂၀**

ထားဝယ်မြို့ ကမ်းနားလမ်းရှိ DDPC ဈေးဝယ်စင်တာအရှေ့တွင် ညဈေးတန်းကို လာမည့် စက်တင်ဘာလ ၁ ရက်နေ့၌ စတင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ထားဝယ် ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက် (DDPC) ကုမ္ပဏီထံမှ သိရသည်။

DDPC shopping mall ရှေ့ရှိ မြက်ခင်းပြင်တွင် ခင်းကျင်းရောင်းချခွင့်ပြုမည့် ညဈေးကို ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ နေ့စဉ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၅၀ ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း DDPC ကုမ္ပဏီ၏ ပြည်သူ့ဆက်ဆံရေး အရာရှိ ဦးကျော်သိန်းနိုင်က ဆိုသည်။

ဆိုင်ခန်းတစ်ခန်းလျှင် အလျား ၁၀ ပေရှိပြီး ရေအသုံးပြုခ၊ မီးအသုံးပြုခနှင့် သန့်ရှင်းရေးအတွက် တစ်ရက်လျှင် ၅၀၀ ကျပ်နှုန်း ကောက်ခံမည်ဖြစ်ကာ အကင်၊ အအေးအစရှိသည့် အစား အသောက် များ ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"ညဈေးမှာ အရက်၊ ဘီယာတော့ ရောင်းလို့ မရပါဘူး" ဟု ဦးကျော်သိန်းနိုင်က ပြောသည်။

ဩဂုတ်လ ၁၄ ရက်နေ့အထိ ဆိုင်ခန်း ၃၀ ကျော်အတွက် လာလျှောက်ထားကြပြီး ဆိုင်ခန်းနေရာအတွက် လျှောက်ထားလိုက DDPC OFFICER ဖုန်း ၀၉၉၆၅၆၉၅၀၀ ကိုဆက်သွယ်နိုင်ကြောင်း DDPC ကုမ္ပဏီထံမှ သိရသည်။

ထားဝယ်မြို့စည်ပင်သာယာဈေးကြီးနံဘေးရှိ ဈေးတောင်ဘက်လမ်းတွင် လည်း စည်ပင်သာယာရေးအဖွဲ့က စီစဉ်ဖွင့်လှစ်ထားသည့် ညဈေးတစ်ခုရှိသည်။

■ **Dawei Watch**

# ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချို အပါအဝင် ငါးဦးကို ယနေ့ ရုံးထုတ်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

အဂတိလိုက်စားမှုဖြင့်အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းထားသော ကရင်ပြည်နယ် အစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးပြုံးချို အပါအဝင် ငါးဦးကို ဩဂုတ်လ ၂၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ရုံးထုတ်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

"ဒီအမှုမှာ ဝရမ်းထုတ်ထားသူ တစ်ယောက်က အခုထိ မမိသေးတာကြောင့် ရုံးထုတ်ပေမယ့် အမှုက မစစ်ဆေးနိုင်သေးဘူး။ ချုပ်ရမန်ပဲ ဆက်ယူဖြစ်ဖို့များတယ်" ဟု ရဲအရာရှိက ဆိုသည်။

ဖမ်းဆီးထိန်းသိမ်းထားသူများမှာ ဦးပြုံးချိုနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုရဲမှူးကြီး ကျော်ဇေယျ၊ စစ်ကိုင်းတိုင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်၊ ဗိုလ်ကြီးဟောင်း ဦးနေမျိုးထွန်း၊ မြေရှင်၏ ကိုယ်စားလှယ် ဦးကျော်စိုးနိုင်တို့ဖြစ်ပြီး ၎င်းတို့အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၆/၆၃ ဖြင့် တရားစွဲဆိုထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ တရားစွဲဆိုခံရသူများမှာ နိုင်ငံတော်က ပြန်လည်လွှဲပြောင်းပေးအပ်ထားသည့် ရန်ကုန်မြို့ရှိ စက်မှုဝန်ကြီး ဌာန မြေ အမည်ပေါက်ကိစ္စနှင့် ပတ်သက်ပြီး ရောင်းချသူမြေရှင်နှင့် ဝယ်ယူသူတို့ကို အဂတိလိုက်စားပြီး နှောင့်ယှက် ဟန့်တားခြိမ်းခြောက်မှုတို့ကြောင့် ရန်ကုန်မြို့ ကမာရွတ်နှင့် ရန်ကင်းမြို့နယ်တို့ရှိ နစ်နာသူများက တိုင်ကြားခဲ့သောကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက ယင်းအမှုအား စစ်ဆေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ထံသို့ လွှဲအပ်ခဲ့သည့်အမှုဖြစ်သည်။

မြေယာကိစ္စနှင့်ပတ်သက်ပြီး ကျပ်သိန်းထောင်ချီ အဂတိလိုက်စားမှုတွင် ပါဝင်ခဲ့သော မော်လိုက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ရဲသွေးမှာ လက်ရှိ ထွက်ပြေးတိမ်းရှောင်နေသောကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှဖမ်းဝရမ်းထုတ်ပြန်ထားပြီး ဦးပြုံးချို အပါအဝင် ငါးဦးကိုမူ အင်းစိန်အကျဉ်းထောင်တွင်ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

**S-03**

မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ် ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ (ပင်ရင်း)
နှစ်ပေါင်းနှစ်ဆိုင်း ဈေးကွက်သို့တွင် ဘိုင်ပြတ်နေသော ဆန်းရှိုင်း

# E D I T O R I A L

## မလုံခြုံစိတ်၏ အန္တရာယ်

မလုံမခြုံခံစားချက်မျိုးရှိနေခြင်းကို အင်္ဂလိပ်လို Insecurity ဟု သုံးနှုန်းကြသည်။ တစ်နည်းဆိုရသော် တစ်စုံတစ်ရာကို စိုးရိမ်ကြောက်လန့်နေခြင်းကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ အားနည်းချက်ဟုလည်း အဓိပ္ပာယ်ယူနိုင်သည်။

များသောအားဖြင့် မိမိကျူးလွန်၊ ပြုမူထားသော အတိတ် သို့မဟုတ် မျက်မှောက်ကာလကဖြစ်စေ၊ လုပ်ရပ်တစ်ခုခုနှင့် ပတ်သက်ပြီး အပြစ်မကင်းသောစိတ်၊ မှားယွင်းနေမှန်းသိသော်ငြား အများသိရှိသွားမည်ကို စိုးရိမ်စိတ်ရှိနေတတ်သူများထံတွင် မလုံမခြုံခံစားချက်မျိုး ရှိနေတတ်သည်။

ထိုခံစားချက်မျိုးရှိသူတို့သည် အရာရာတိုင်းကို မလုံခြုံစိတ်ဖြင့် လက်ခံတတ်သည့်အတွက် တစ်ဖက်က မည်သို့သော စိတ်အခံဖြင့် ပြုမူ၊ ပြောဆိုသည်ဖြစ်စေ မိမိ၏အားနည်းချက်၊ လိုအပ်ချက်ကို သွယ်ဝိုက် သို့မဟုတ် တိုက်ရိုက်ထိခိုက်ပုတ်ခတ်သည်ဟု ယူဆလေ့ရှိတတ်သည်။

တစ်နည်းဆိုရသော် အပေါင်းလက္ခဏာဆောင်သောကိစ္စဖြစ်စေ၊ သာမန် သွေးရိုးသားရိုးအကြောင်းအရာဖြစ်စေ မိမိစိတ်အတွင်းရှိ မလုံခြုံသောခံစားချက်ဖြင့် အနုတ်လက္ခဏာဆောင် ဘာသာပြန်အနက်ကောက်လေ့ရှိတတ်သည်။

အကျိုးဆက်မှာ ထိုသို့အဓိပ္ပာယ်ကောက်သူ မိမိကိုယ်၌ ဦးစွာပူလောင်သော ဒေါသ၊ ဗျာပါဒ၊ သောက ဦးစွာဖြစ်ရသည်။ ထိုမှတစ်ဆင့် တစ်ဖက်သားအပေါ်အထင်အမြင်လွဲကာ အနိမ့်ဆုံးအဆင့် လူမှုဆက်ဆံရေးထိခိုက်မှုမှသည် သက်ဆိုင်ပတ်သက်သော နယ်ပယ်နှစ်ရပ်အကြား အမုန်းပွား၊ ရန်ငြိုး စည်းခြားသည်အထိ ဖြစ်သွားတတ်သည်။

ဤနေရာတွင် သတိပြုရမည့်အချက်မှာ မလုံမခြုံစိတ်ဖြင့် အရာရာကိုရှုမြင်လေ့ရှိသူသည် တစ်ဖက်ကို မတုံ့ပြန်မီ ကနဦးအားဖြင့် မိမိကိုယ်တိုင် ပူလောင်မှု ဖြစ်နေသောအချက်ပင်ဖြစ်သည်။

ထိုစိတ်အခံမျိုးရှိသူသည် ကိုယ်စားပြုသော အဖွဲ့အစည်း၊ နယ်ပယ်ရပ်ဝန်းအပေါ်မူတည်ကာ အကျိုးသက်ရောက်မှု အတိုင်းအတာလည်း အနည်းနှင့်အများ ကွာခြားသွားတတ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မရှိမဖြစ်အရေးကြီးသော ပရော်ဖက်ရှင်နယ် အဖွဲ့အစည်း၊ အင်စတီကျူးရှင်းတစ်ခုဖြစ်ပါက ကာယကံရှင်အတွက်သာမက သက်ဆိုင်ရာ ကိုယ်စားပြုနယ်ပယ်၊ ရပ်ဝန်း၊ နိုင်ငံ၊ လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် ပါတိုက်ရိုက်အချိုးချကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၂၀ - ၈ - ၂၀၁၇ )**

# ယာဉ်စီးခထဲမှ သုံးမရသည့်ငွေစက္ကူ တစ်လလျှင် ကျပ် ၁၄ သိန်းခန့်ရှိ

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရန်ကုန်မြို့တွင်း ခရီးသည်များက ယာဉ်စီးခအဖြစ် ပေးသော ငွေစက္ကူများထဲမှ သုံးမရသော ငွေစက္ကူမှာ တစ်လလျှင် ကျပ် ၁၄ သိန်းခန့်ရှိကြောင်း ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ YUPT ထံမှ သိရသည်။

"သုံးလို့ကို မရတော့တဲ့ ငွေအစုတ်တွေကို ဗဟိုဘဏ်မှာ ပြန်လဲနေရတယ်။ ငွေအပြဲတွေကို တိပ်နဲ့ကပ်၊ မီးပူတိုက်ပြီးမှလဲရတာပါ။ ဒီနေ့အထိ ငွေအစုတ်တွေကို ထည့်တာရှိနေတုန်းပဲ" ဟု YUPT ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးမောင်မောင်လွင်က ဆိုသည်။

ဗဟိုဘဏ်တွင် ငွေစက္ကူအစုတ်အပြဲများကို တစ်လလျှင် နှစ်ကြိမ် လဲလှယ်ပြီး ဩဂုတ်လဒုတိယအပတ်က ငွေစက္ကူအစုတ် ကျပ်ခုနစ်သိန်းဖိုးကို မူလတန်ဖိုးအတိုင်း လဲလှယ်ထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နေ့စဉ်ခရီးသည်များထံမှ ကျပ်တစ်ရာတန်၊ ကျပ်နှစ်ရာတန်နှင့် ကျပ်ငါးရာတန်အပါအဝင် အကြွေကျပ်သိန်း ၆၀ မှ ၁၀၀ ကြားအထိ ရရှိနေပြီး အဆိုပါအကြွေများကို ခရီးသွားပြည်သူများထံ ပြန်လည်လဲလှယ်ပေးကြောင်း YUPT ကုမ္ပဏီထံမှ သိရသည်။

ထို့အပြင် YBS ယာဉ်လိုင်း ၁၁ လိုင်းတာဝန်ယူပြေးဆွဲသည့် ခေတ်သစ်ဘုရင့်နောင်ကုမ္ပဏီတွင်လည်း ခရီးသွားပြည်သူများအနေနှင့် ငွေစက္ကူအပြဲများ ငွေပုံးအတွင်း ထည့်ခြင်းမှာ တစ်ရက်လျှင် ဆယ်ရာခိုင်နှုန်းခန့်ရှိကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ယာဉ်စီးခအကြွေမရှိခြင်း ပြဿနာ ပြေလည်ရန် ငွေအကြွေလဲပေးခြင်း လုပ်ငန်းကို ယာဉ်လိုင်း ၂၀ ကျော် ပြေးဆွဲသည့် YUPT ကုမ္ပဏီအပြင် ယာဉ်လိုင်း ခြောက်လိုင်းကို တာဝန်ယူပြေးဆွဲသော Omni Focus ကုမ္ပဏီနှင့် YBS 22 ယာဉ်လိုင်း ပြေးဆွဲသည့် ခေတ်သစ်ငြိမ်းချမ်းရေးကုမ္ပဏီတို့လည်း နေ့စဉ် ငွေအကြွေများ လဲပေးနေကြောင်း အဆိုပါကုမ္ပဏီများထံမှ သိရသည်။

ဗဟိုဘဏ်က ခရီးသည်များ အကြွေရှားပါးမှုပြဿနာ ပြေလည်စေရန် အကြွေကျပ် ၁၈ ဘီလီယံခန့်ကို ဩဂုတ်လအတွက် အစိုးရဝန်ထမ်းများ လစာပေးရာတွင် ထည့်သွင်းပေးမည်ဖြစ်ပြီး ကျပ်တစ်ရာတန်၊ ကျပ်နှစ်ရာတန်၊ ကျပ် ငါးရာတန်များပါဝင်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ထံမှ သိရသည်။

YBS ဘတ်စ်ကားများတွင် ယာဉ်နောက်လိုက်များမထားဘဲ ခရီးသည်များက ငွေပုံးအတွင်းသို့ ကိုယ်တိုင် အကြွေထည့်၍ စီးနင်းရသည့်စနစ်သို့ ပြောင်းလဲချိန်တွင် ရန်ကုန်မြို့၌ အကြွေရှားပါးမှု ပိုမိုဆိုးရွားလာပြီး အများပြည်သူ အကြား အကြွေသုံးစွဲနိုင်မှု မြင့်တက်လာစေရန် ဝန်ထမ်းများလစာပေးရာတွင် အကြွေများ ထည့်သွင်းပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ဗဟိုဘဏ်တွင် ငွေစက္ကူ အကြွေ အလုံအလောက်ရှိကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။ ■ J-06

The VOICE Daily CARTOON




The Voice Daily

လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊
မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo,
Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma,
Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung. **Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.




CAPITAL AUTOMOTIVE

Go Further

**YANGON SHOWROOM:**

No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar.
Ph : +95(0)1 521-959

**MANDALAY SHOWROOM:**

No. (55), Corner of 78th Street & 10th Street of Near Kywe Sel Kan, Pyi Gyi Tagon Township, Mandalay.
Ph : +95(0)2 56014-18

Ford-Myanmar.com | sales@ford-myanmar.com

# ရန်ကုန်မြို့တွင်းရေမြောင်းများကို သုံးနှစ်စီမံကိန်းဖြင့် တိုးချဲ့မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရေကြီးရေလျှံမှု လျော့ချရေးအတွက် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ ရေဆင်းမြောင်းတိုးချဲ့တည်ဆောက်မည့် စီမံကိန်းကို သုံးနှစ်စီမံကိန်းအဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ထံမှ သိရသည်။

အဆိုပါစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ ချေးငွေ အမေရိကန်ဒေါ်လာ ၆၅ သန်း အသုံးပြုဆောင်ရွက်မည်ဖြစ်ရာ ယင်းလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပမှ တည်ဆောက်ရေးကုမ္ပဏီများကို ယခုနှစ်အတွင်း တင်ဒါခေါ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ထံမှသိရသည်။

"ရေမြောင်းပြုပြင်ရေး၊ မြို့ပြရေမြောင်းစနစ်နဲ့ပတ်သက်ပြီး အတွေ့အကြုံ ၁၀ နှစ်ရှိတဲ့ ကုမ္ပဏီတွေကို ခေါ်သွားမယ်။ လျှောက်ထားမယ့်ကုမ္ပဏီအနေနဲ့ မြေပြင်တိုင်းတာရေးလုပ်ငန်းများအတွက် လုပ်သက်ငါးနှစ်အထက်ရှိ လုပ်သားတွေ ပါရမယ်။ ပြည်တွင်းကုမ္ပဏီ ဒါမှမဟုတ် ပြည်တွင်းပြည်ပ ဖက်စပ်ကုမ္ပဏီတွေကို လုပ်ငန်းဆောင်ရွက်ခွင့်ပေးမယ်" ဟု ၎င်းက ဆိုသည်။

ရေကြီးရေလျှံမှု လျော့ချရေးစီမံကိန်းအတွက် ရေမြောင်း စနစ်များ ပြန်လည်ပြုလုပ်ခြင်းလုပ်ငန်းများကို လုပ်ငန်းလုပ်ကိုင်မည့်ကုမ္ပဏီများအနေနှင့် ဒီဇိုင်းပိုင်းအတွက် အချိန်ရှစ်လကြာ လေ့လာမည်ဖြစ်ပြီး စည်ပင်သာယာရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ ထုတ်ပြန်ကြေညာထားသည်။

လုပ်ငန်းပိုင်းနှင့်ပတ်သတ်ပြီး ကုမ္ပဏီဘက်မှ ရန်ကုန်မြို့တွင်းရေအတက်အကျတိုင်းတာခြင်း ရေဆင်းပိုက်များ လေ့လာခြင်း၊ တည်ဆောက်မည့်မြောင်းများအတွက် အစီအစဉ်အသေးစိတ်တွက်ချက်ခြင်း၊ မြစ်အတွင်းအောက်ခြေ အခြေအနေများ တိုင်းတာခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘက် မှကမ္ဘာ့ဘဏ်တွင် ချေးငွေ ရယူကာ မြို့တွင်းမြို့နယ်များဖြစ်သည့် လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ပန်းပဲတန်းစသည့်မြို့နယ်များကို ဦးစားပေးဆောင်ရွက် မည်ဖြစ်သည်။

ရေကြီးရေလျှံမှုလျော့နည်းစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ ဘတ်ဂျက် ၁ ဘီလီယံသုံးစွဲကာ မြို့နယ်အားလုံး၌ နေ့စဉ်မြောင်းများကို ချဲ့ထွင်ကာ လူအင်အား၊ ယန္တရားများ၊ စက်များဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■J-10



ဓာတ်ပုံ - The Voice

# သီရိမင်္ဂလာဈေးဟောင်းကို ဖျက်သိမ်း သင့်၊ မသင့် တိုင်းအစိုးရအဖွဲ့ စစ်ဆေးမည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ သက်တမ်းနှစ် ၂၀ ကျော်ရှိ သီရိမင်္ဂလာဈေးဟောင်းနေရာကိုအန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ထားသောကြောင့် ဖျက်သိမ်းရမည့် အဆောက်အအုံ ဟုတ်၊ မဟုတ် တိုင်းအစိုးရအဖွဲ့က စစ်ဆေးမည်ဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက ပြောကြားသည်။

လက်ရှိအဆိုပါဈေးကို အန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ထားသော်လည်း ဖျက်သိမ်းမည့် အစီအစဉ်ကို ခေတ္တရပ်ဆိုင်းထားပြီး သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းရှိ ယာဉ်များကို ဆက်လက်ရပ်နားခွင့်ပြုထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အခု သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဆီကို စာတင်ထားတယ်။ ဥက္ကဋ္ဌက တိုင်းအစိုးရအဖွဲ့နဲ့ညှိနှိုင်းမယ်။ အစိုးရအဖွဲ့က လာစစ်ဆေးမယ်လို့ သိရတယ်။ ၂၁ ရက်နေ့ကျ အဖြေသိရမယ်" ဟု ဦးခင်ဝင်းကဆိုသည်။

ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဈေးနေရာတွင် ဖွင့်လှစ်ထားသော ယာဉ်ရောင်းဝယ်ရေးစခန်းကို ဩဂုတ်လ ၁၇ ရက်က စတင်ပိတ်သိမ်းလိုက်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"သီရိမင်္ဂလာယာဉ် ရောင်းဝယ်ရေးစခန်းက အဆောက်အအုံကိုအန္တရာယ်ရှိတယ်လို့ ကြေညာတဲ့အတွက် ဩဂုတ်လ ၁၇ ရက်မှာ ပိတ်သိမ်းကတည်းက ဌာနအနေနဲ့ ယာဉ်ရပ်နားခ တစ်နေ့နှစ်ရာ မကောက်ခံတော့ဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရုံးချုပ်က တာဝန်ရှိသူတွေ ဆုံးဖြတ်မှာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ အကြီးတန်းအရာရှိ တစ်ဦးကဆိုသည်။

ရန်ကုန်တိုင်းတွင် သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်း၊ လှိုင် ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းသုံးခုသာရှိပြီး လက်ရှိ သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း၌ ယာဉ်စီးရေ ၇၀၀ ကျော် ရပ်နားလျက်ရှိသည်။

သီရိမင်္ဂလာဈေးကို ၁၉၉၇ ခုနှစ်က ငါးထပ်အဆောက်အအုံဈေးအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်ခဲ့ပြီး ယင်းဈေးသည် မြန်မာတစ်နိုင်ငံလုံးကို လက်ကားဖြန့်ရောင်းချနေသော ကုန်စိမ်းဈေးကြီးဖြစ်ခဲ့ကာ ရန်ကုန်စည်ပင်က (က) အဆင့်သတ်မှတ်ထားသည့်ဈေးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

၂၀၁၀ ခုနှစ်မှ စတင်ကာ သီရိမင်္ဂလာဈေး တစ်ခုလုံးကို လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းပေါ်ရှိ ယခင်ရတနာဖွဲ့နွဲ့ ဆီစက်ဝင်းအတွင်း ပြောင်းရွှေ့ခဲ့ပြီး ယင်းနှစ်တွင်ပင် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းကို ဈေးဟောင်းတွင်ပင် ဖွင့်လှစ်ခဲ့သည်။ ■J-10

# ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းမျက်နှာကြက်နံရံများ ပြိုကျ

**ရန်ကုန်၊ ဩဂုတ် ၂၀**

ယုဇနဥယျာဉ်မြို့တော်ရှိ နှစ် ၂၀ ကျော်သက်တမ်းရှိသည့် တိုက်ခန်းများ၏ မျက်နှာကြက်နံရံ ပြိုကျမှုများ ယခုရက်ပိုင်းတွင် ဖြစ်ပွားနေကြောင်း ယုဇနဥယျာဉ်မြို့တော်တွင် နေထိုင်သူများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါယုဇနဥယျာဉ်မြို့တော်တွင် ယခုလက်ရှိ တိုက်ခန်းများ၏မျက်နှာကြက်များ ပြိုကျမှုများဖြစ်နေသည့်အပြင် C ဘလောက် ၁၅ လမ်းရှိ တိုက်အမှတ် ၃၇ မှာ လူနေထိုင်ရန် မသင့်သည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်တို့မှ စစ်ဆေးခဲ့ပြီး အဆိုပါတိုက်မှ အခန်းပေါင်း ၂၀ တွင်နေထိုင်သူများကို ယုဇနကုမ္ပဏီက မရောင်းချရသေးသည့်အခန်းများသို့ ဩဂုတ်လအတွင်း ရွှေ့ပြောင်းပေးခဲ့ကြောင်း ယုဇနဥယျာဉ်မြို့တော်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရန်ရှင်းက ပြောကြားသည်။

"အခုလက်ရှိ တိုက်တွေ တော်တော်များများ မျက်နှာကြက်တွေ ကွာကျတယ်။ တိုက်တွေ ငါးလွှာကနေ ရေတွေ စိမ့်တယ်။ စဆောက်တုန်းက အရည်အသွေးမမီခဲ့တော့ အခု နှစ် ၂၀ ကြာတော့ မျက်နှာကြက်တွေ ပြိုကျတာပါ။ အိုးအိမ်ကတော့ လာမစစ်ဘူး။ စည်ပင်နဲ့ အုပ်ချုပ်ရေးပိုင်းတွေတော့ လာစစ်ပေးပါတယ်။ ကုမ္ပဏီကလည်း ဖြေရှင်းပေးနေပါတယ်" ဟု ၎င်းကဆိုသည်။

ယုဇနဥယျာဉ်မြို့တော်ရှိ ၉ လမ်း၊ A ဘလောက်မှ တိုက် ၁၈ ရှိ တိုက်ခန်းအချို့မှာ ယခုရက်ပိုင်းအတွင်းက တိုက်ခန်းမျက်နှာကြက်များ ပြိုကျခဲ့ပြီး ယင်းတိုက်ခန်းတွင် နေထိုင်သူများအတွက် အသက်အန္တရာယ်စိုးရိမ်ရကြောင်း ယုဇနဥယျာဉ်မြို့တော်တွင် နေထိုင်သူများထံမှ သိရသည်။

"ယခုလက်ရှိ ယုဇနကတိုက်ခန်းတွေ တော်တော်များများ မျက်နှာကြက်တွေ ပြိုကျတယ်။ ကုမ္ပဏီဘက်ကတော့ လိုက်လုပ်ပေးပါတယ်။ အခု ယုဇနဥယျာဉ်မြို့တော်က တိုက်ခန်းတွေက သက်တမ်း ၃၀ ပေးထားတယ်။ အဲဒီအတွင်းမှာဖြစ်ရင်တော့ ကုမ္ပဏီက လာပြင်ပေးပါတယ်" ဟု ယုဇနဥယျာဉ်မြို့တော် အင်ကြင်းလမ်းတွင်နေထိုင်သူ ဦးဇော်ဇော်က ဆိုသည်။

ယုဇနဥယျာဉ်မြို့တော်ရှိ နှစ် ၂၀ ကျော်သက်တမ်းရှိသည့် တိုက်ခန်းများ၏ မျက်နှာကြက်နံရံများ ပြိုကျနေမှုနှင့်ပတ်သက်၍ ယုဇနကုမ္ပဏီ၊ ယုဇနဥယျာဉ်မြို့တော်၏တာဝန်ခံထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ အပြင်ရောက်နေသောကြောင့် နောက်နေ့မှ ဖြေကြားပေးမည်ဟု ပြောကြားခဲ့သည်။

ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်များကို ၁၉၉၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ယခုလက်ရှိတွင် သက်တမ်း ၂၂ နှစ်ခန့် ရှိနေပြီး အထပ်မြင့် ငါးထပ်ရှိသော တိုက်ပေါင်း ၅၀၀ ကျော်ခန့် ရှိသည်။ ■ J-10



ဓာတ်ပုံ - ခိုင်သွဲ့ဇာနည်

# တရုတ်ကြက်သွန်များ ဝင်ရောက်၍ ကြက်သွန်ဈေးတန့်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ကြက်သွန်ဈေး ဆက်တိုက်တက်လာခြင်းကြောင့် ဈေးကွက်အတွင်းသို့ တရုတ်ကြက်သွန်များကို မှောင်ခိုတင်သွင်းရောင်းချလာပြီးနောက်ပိုင်း ကြက်သွန်ဈေးတက်မှု ရပ်တန့်သွားကြောင်း ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

တရုတ်ကြက်သွန်သည် အလုံးအရွယ်အစား ပိုမိုကြီးမားခြင်းနှင့် အရသာကွာခြားခြင်းကြောင့် စားသုံးသူနည်းပါးသော်လည်း ပြည်တွင်းကြက်သွန်ဈေးထက် ဈေးနည်းကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

ကြက်သွန်ဈေးနှုန်းသည် ဇူလိုင်လ ပထမပတ်အတွင်းမှ စတင်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယင်းကာလကထက် တစ်ပိဿာလျှင် ကျပ် ၃၇၅ မှ ၄၇၅ အထိမြင့်တက်ခဲ့ကာ ယခုအခါ အမြင့်ဈေးဖြင့် ရပ်တန့်နေခြင်းဖြစ်သည်။

လက်ရှိဘုရင့်နောင်ကြက်သွန်ဈေးကွက်အတွင်းသို့ နယ်ဒေသများမှ ကြက်သွန်ဝင်ရောက်မှုမှာလည်း ပုံမှန်အခြေအနေသို့ ရောက်ရှိလာပြီး အရောင်းအဝယ်မှာလည်း ပုံမှန်ဖြစ်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိကြက်သွန်ဈေးကွက်အတွင်း ဆိပ်ဖြူ(လတ်ချော)တစ်ပိဿာလျှင် ၁၂၇၅ ကျပ်၊ ဆိပ်ဖြူ(လတ်သန့်)တစ်ပိဿာလျှင် ၁၅၂၅ ကျပ်၊ ဆိပ်ဖြူ(လတ်ကြီး) တစ်ပိဿာလျှင် ၁၆၀၀ ကျပ်နှင့် ဆိပ်ဖြူ(ရှယ်) တစ်ပိဿာလျှင် ကျပ် ၁၆၅၀ ဈေးရှိပြီး တရုတ်ကြက်သွန် တစ်ပိဿာလျှင် ကျပ် ၈၀၀ ခန့်ဈေးရှိကြောင်း ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

■ S-04

# လယ်ယာသားငါးအာမခံအထူးအဖွဲ့ဖွဲ့၍ဆောင်ရွက်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေးထိခိုက်ခြင်းမှ ကာကွယ်ပေးနိုင်မည့် အာမခံဝန်ဆောင်မှုစနစ် ပေါ်ပေါက်လာစေရန်အတွက် အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။

အဆိုပါ အထူးလုပ်ငန်းအဖွဲ့အနေနှင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသည့်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများနှင့် တောင်သူလယ်သမားများ နီးနီးကပ်ကပ်ပူးပေါင်းကာ အောင်မြင်နိုင်ခြေရှိသည့် အာမခံစနစ်တစ်ခုချမှတ်၍ ကနဦးအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အာမခံစနစ်သည် တောင်သူလယ်သမားနှင့် အာမခံလုပ်ငန်းနှစ်ဖက်လုံးကို အကျိုးဖြစ်ထွန်းစေရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

လယ်ယာကဏ္ဍနှင့် မွေးမြူရေးလုပ်ငန်းသည် တစ်ဦးချင်းကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ထက်ဝက်နီးပါးကို ဖြည့်ဆည်းပေးနေသည့်အတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရန်နှင့် လုပ်ငန်းထိခိုက်မှုဖြစ်နိုင်ခြေကို လျှော့ချရန်လိုအပ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များအကြား အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေး ဆောင်ရွက်မှုမှာလည်း အားနည်းလျက်ရှိကြောင်း ၎င်းက ပြောဆိုသည်။

လယ်ယာအာမခံဝန်ဆောင်မှုကို စပါးတစ်ခုတည်းသာမက သီးနှံဝန်ဆောင်မှု၊ ရာသီသီးနှံ၊ နှစ်တိုနှစ်ရှည် သီးနှံအာမခံ၊ ကုန်ပစ္စည်းအာမခံ၊ သယ်ယူပို့ဆောင်မှုအာမခံ၊ တစ်ဆင့်အာမခံ စသည့်စနစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကိုပါဆွေးနွေးခဲ့ကြပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့ ပူးပေါင်းကာ တောင်သူလယ်သမားများအတွက် အသက်အာမခံဝန်ဆောင်မှုကို လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပြောကြားသည်။

လက်ရှိ မြန်မာ့အာမခံလုပ်ငန်းက စီစဉ်လျက်ရှိသည့် အထွက်နှုန်းပေါ်အခြေခံသည့် သီးနှံအာမခံစနစ်အစား ပိုမိုလွယ်ကူသည့် ရာသီဥတုအာမခံစနစ် (ဥပမာ-မိုးရေချိန်ပေါ်အခြေခံသည့်စနစ်) ကို ဖော်ဆောင်လျှင် အချိန်တိုအတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး လက်ရှိတွင်လည်း ရာသီဥတုအာမခံစနစ်ကို မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံမှ Sompo Holdings ကုမ္ပဏီတို့ပူးပေါင်းကာ ပြည်နှင့် ရွှေဘိုမြို့တွင် စမ်းသပ် ဆောင်ရွက်နေပြီဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောဆိုသည်။

■ J-11

# ကမ္ဘောဇဘဏ်က VMware နှင့် ပူးပေါင်းပြီး နည်းပညာအဆင့်မြှင့်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ကမ္ဘောဇဘဏ်က Cloud နည်းပညာအသုံးချ အခြေခံဖွဲ့စည်းပုံစနစ်နှင့် စီးပွားရေးလုပ်ငန်းများကို နည်းပညာအဆင့်မြှင့်တင်ခြင်းတို့တွင် နိုင်ငံတကာထိပ်တန်း နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် VMware နှင့်ပူးပေါင်းပြီး ဘဏ်၏ဒေတာစင်တာကို အဆင့်မြှင့်မည်ဖြစ်ကြောင်း အဆိုပါဘဏ်ထံမှ သိရသည်။

VMware မှသတင်းအချက်အလက်နှင့် အထောက်အကူပြု Operations Management ဆော့ဖ်ဝဲများ၊ vCloud များအပြင် AirWatch နှင့် Horizon များပါဝင်သည့် Automation Software များနှင့် ဖွဲ့စည်းထားသည့် Software Defined Data Center (SDDC) ကို အသုံးပြုပြီး ဘဏ်လုပ်ငန်းစနစ်ဖြင့် မိတ်ဖက်လုပ်ငန်းစုများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ဝန်ဆောင်မှု အသုံးပြုသူများ ပိုမိုလိုအပ်လာမည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ယင်းအပြင် ဘဏ်ဝန်ထမ်းများအနေနှင့် လုပ်ငန်းခွင်တွင် ယုံကြည်စိတ်ချမှုရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုထားသည့် ဘဏ်လုပ်ငန်းနည်းစနစ်နှင့် Application များဖြင့် အလုပ်လုပ်နိုင်တော့မည်ဖြစ်ပြီး ဘဏ်အတွင်းလုပ်ငန်းများကို ထိရောက်ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း အဆိုပါဘဏ်ထံမှ သိရသည်။

ကမ္ဘောဇဘဏ်သည် ပြည်တွင်းတွင် ဘဏ်ခွဲပေါင်း ၄၈၂ ဘဏ်နှင့် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် ဖွင့်လှစ်ထားသော ရုံးခွဲများတွင် အကျိုးရှိစေရန် ဘဏ်၏ နည်းပညာအခြေခံဖွဲ့စည်းပုံစနစ်ကို အဆင့်မြှင့်တင်မည်ဖြစ်သည်။ ■J-01

## NEWS IN BRIEF

### အရည်အသွေးစီမံခန့်ခွဲမှု တိုးမြှင့်ရေးသင်တန်း ဖွင့်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

အမေရိကအခြေစိုက် USAID အဖွဲ့အစည်း၏ထောက်ပံ့မှုနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက အသေးစားနှင့် အလတ်စား (SMEs) လုပ်ငန်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုစနစ်တိုးတက်စေရန်အတွက် 'Quality Management Standard & Environmental Management Awareness Training' သင်တန်းကို ဩဂုတ်လ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ နှစ်ရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

အဆိုပါသင်တန်းကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Function Hall တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်း၊ သင်တန်းပို့ချမည့်သူမှာ အမေရိကမှ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုသင်တန်းဆရာ Dr.Tin Latt ဖြစ်ကာ သင်တန်းတက်ရောက်လိုသူများအနေနှင့် ဖုန်း ၀၁-၅၁၉၆၇၃၊ ၀၉-၄၂၆၅ ၃၃၄၂၅ နှင့် အီးမေးလ် qmcmes@zoho.com ထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းအသင်းထံမှ သိရသည်။

■ J-11

### အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ ပြင်ဆင်ချက်များ ရှင်းလင်းမည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

အကောက်ခွန်ဦးစီးဌာနက မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ ကို အတည်ပြုမကျင့်သုံးမီ မြန်မာ့အကောက်ခွန်နှုန်းစာရင်းစာအုပ်ဖြင့် ချိတ်ဆက်အသုံးပြုသူများအနေနှင့် HS ၂၀၁၂ မှ HS ၂၀၁၇ သို့ပြောင်းလဲ ပြင်ဆင်သည့်အချက်များကို ကြိုတင်သိရှိနိုင်ရန်အတွက် ဩဂုတ်လ ၂၁ ရက်နေ့တွင် ရှင်းလင်းဆွေးနွေးပွဲတစ်ခုပြုလုပ်မည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနထံမှ သိရသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိပြုလုပ်မည်ဖြစ်ပြီး တက်ရောက်လိုသူများသည် အကောက်ခွန်ဦးစီးဌာန ဖုန်း ၀၉-၄၅၉၃ ၆၀၉၀၀၊ အီးမေးလ် myanmarhssection@gmail.com ထံသို့ ဩဂုတ်လ ၂၁ ရက်နေ့နောက်ဆုံးထား ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။

■ J-11

The VOICE Daily
MANDALAY VOICE
Monday, August 21, 2017

# မန္တလေးတွင် ဧရာဝတီမြစ်ရေမြင့်တက်၊ သဲအိတ်များအသင့်ပြင်

**မန္တလေး၊ ဩဂုတ် ၂၀**

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၁ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသောကြောင့် ရပ်ကွက်များအတွင်း ရေမဝင်စေရန် သဲအိတ်များ အသင့်ပြင်ထားကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနထံမှ သိရသည်။

"မြစ်ရေတက်လာကတည်းက အသင့်ပြင်ထားပါတယ်။ အခုလောလောဆယ်မှာ မြို့နယ်တစ်ခုကို သဲအိတ်သုံးထောင်နှုန်းနဲ့ လူအင်အားလည်း အသင့်ပြင်ထားတယ်။ ထပ်လိုရင်လည်း ချက်ချင်းဖြည့်တင်းနိုင်ဖို့ အသင့်ရှိတယ်" ဟု သန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောကြားသည်။

မန္တလေးမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိသည့် မြို့နယ်ခြောက်ခုစလုံးမှ ဧရာဝတီမြစ်နှင့် ထိစပ်လျက်ရှိသော နေရာများ၊ ရပ်ကွက်များအတွင်း ရေဝင်နိုင်သည့်နေရာများတွင် သဲအိတ်များဖြင့် ကာရံသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာပြည်အထက်ပိုင်းတွင် မိုးကြီးမှုကြောင့် မြစ်ရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၏ စိုးရိမ်ရေမှတ်အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် မန္တလေးမြို့တော်ရှိ ရှမ်းလေးကျွန်းပတ်ဝန်းကျင်နှင့် စစ်ကိုင်းမြို့ဘက်ခြမ်းရှိ မြစ်ကမ်းအနီးမှ လမ်းများပေါ်တွင် ဧရာဝတီမြစ်ရေဝင်လျက်ရှိကြောင်း ဒေသခံများက ပြောဆိုသည်။

ယင်းအပြင် မန္တလေးဘက်ခြမ်းရှိ ချမ်းအေးသာစံမြို့နယ် ၁၉ လမ်း၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ ညောင်ကွမ်းကမ်းစပ်၊ အိုးဘိုလမ်းကမ်းစပ်တွင် ဧရာဝတီမြစ်ရေဝင်ရန် တစ်ပေခွဲခန့်သာ လိုတော့ကြောင်း အဆိုပါနေရာပတ်ဝန်းကျင်တွင် နေထိုင်သူများက ပြောကြားသည်။

"ဩဂုတ်လ ၂၀ ရက်နေ့ နေ့လယ်ပိုင်းတိုင်းတာချက်အရ ၁၂၈၁ စင်တီမီတာဆိုတော့ မြစ်ရေတက်နှုန်း လျော့သွားတယ်။ အမြင့်ဆုံးတက်နိုင်တာက ပေဝက်လောက်ပဲ တက်လာနိုင်တယ်။ အပေါ်ရေဖြစ်တဲ့ သပိတ်ကျင်းမြို့မှာလည်း ဧရာဝတီမြစ်ရေက တန့်နေတယ်။ ဒါကြောင့် မြစ်ရေထပ်တက်ဖို့က အလားအလာနည်းပါတယ်။ နောက်နှစ်ရက်လောက်မှာ မြစ်ရေပြန်ကျသွားမယ့် အနေအထားရှိပါတယ်။ စိုးရိမ်ရေအမှတ်အောက်ကျမယ်" ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန အထက်မြန်မာပြည်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။


ဓာတ်ပုံ-မောင်သန့်

ဧရာဝတီမြစ်ရေမြင့်တက်နေသည်ကို ဩဂုတ်လ ၂၀ ရက်နေ့ မွန်းလွဲပိုင်းက တွေ့ရစဉ်

ဧရာဝတီမြစ်ရေသည် ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှ ၂၀ ရက်နေ့ နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း ၃၅ စင်တီမီတာအထိ တိုးလာခဲ့ပြီး စိုးရိမ်ရေမှတ်ဖြစ်သည့် ၁၂၆၀ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ၁၂၈၀ စင်တီမီတာအထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည်။ ■

**M-04**


ဓာတ်ပုံ-ရွှေရည်

ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားဝင်းအနီးရှိ အိမ်၊ ခြံ၊ မြေများကို ဩဂုတ်လ ၂၀ ရက်နေ့ကတွေ့ရစဉ်

# ကျွဲဆည်ကန်ကားကြီးဝင်းအနီးရှိ မြေကွက်များ အရောင်းအဝယ်ပြန်ဖြစ်

**မန္တလေး၊ ဩဂုတ် ၂၀**

မန္တလေးမြို့တော် အိမ်၊ ခြံ၊ မြေဈေးကွက် အရောင်းအဝယ်အေးနေရာမှ ယခုရက်ပိုင်းအတွင်း ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားကြီးဝင်းအနီးရှိ မြေကွက်များ အရောင်းအဝယ် ပြန်ဖြစ်လာကြောင်း မန္တလေးမြို့ခံ အိမ်၊ ခြံ၊ မြေ အကျိုးတော်ဆောင်များ အသိုင်းအဝိုင်းထံမှ သိရသည်။

"အခုရက်ပိုင်း အမှန်တကယ်နေထိုင်မယ့်သူတွေ ဝယ်လာကြတယ်။ ကျွဲဆည်ကန်ကားဝင်းဘက်မှာ အတော်လေး အလုပ်ဖြစ်သွားကြတယ်" ဟု မန္တလေးမြို့ခံ အိမ်၊ ခြံ၊ မြေအကျိုးဆောင် ဒေါ်ချိုက ပြောကြားသည်။

ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ကားကြီးဝင်းအနီးရှိ အကွက်အမှတ် (စ)၊ (ဆ) တို့မှ ပေ ၄၀ x ပေ ၆၀ ရှိ မြေကွက်များ၊ ယင်းကားကြီးဝင်းအနီး ၆၇ လမ်းမှ သိပ္ပံလမ်းတွင်းရှိ အဆောက်အအုံပါ ပေ ၄၀ x ပေ ၆၀ မြေကွက်များသည် ကျပ်သိန်း ၂၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ် တည့်သွားခြင်းဖြစ်ကြောင်း အဆိုပါနေရာတစ်ဝိုက်ရှိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက ပြောဆိုသည်။

"မြေကွက်ငယ်လေးတွေကို ဂရန်ချပေးမှာရော၊ အိမ်ရာစီမံကိန်းတွေက ကွန်ဒိုတွေကို အရစ်ကျရောင်းချပေးတာတွေကြောင့် အေးအေးဆေးဆေး နေချင်တဲ့သူတွေ မြေဝယ်တဲ့ဘက်ကိုပြန်ပြီး စိတ်ဝင်စားကြတာထင်တယ်" ဟု မန္တလေးမြို့သစ် အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ဒေါ်ညိုက ပြောကြားသည်။

မြေဝယ်ယူသူ အများစုသည် မန္တလေးမြို့တော် စည်ပင်နယ်နိမိတ်အတွင်း နေထိုင်သူများဖြစ်ပြီး ရပ်ဝေးမှ လာရောက်စုံစမ်းသူ နည်းပါးကြောင်း မန္တလေးမြို့ခံ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များ အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

■ **ဝင်းရွှေရည်ဦး**

# မန္တလေးတိုင်းအတွင်း မြစ်ကမ်းပါးထိန်းသိမ်းရန် ကျပ်သန်းသုံးထောင်ခန့်သုံးစွဲရန်စီစဉ်

**မန္တလေး၊ ဩဂုတ် ၂၀**

မန္တလေးတိုင်းအတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာတွင် မြစ်ကမ်းပါးထိန်းသိမ်းရေး လုပ်ငန်းများအတွက် ယခုဘဏ္ဍာနှစ်အတွင်း ကျပ်သန်းသုံးထောင်ခန့် (၂၉၆၉ သန်း) အသုံးပြုရန် စီစဉ်ထားကြောင်း မန္တလေးတိုင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံမှ သိရသည်။

"လုပ်ငန်းဆောင်ရွက်ဖို့ ဒီဇိုင်းကိစ္စလျာထားတာတွေ ပြီးသွားပြီ။ အောက်တိုဘာလမှာ အသေးစိတ်တိုင်းတာမှုတွေ ဆက်လုပ်မယ်။ တင်ဒါခေါ်ပြီးတာနဲ့ လုပ်လို့ရတဲ့ရွာတွေမှာ ဒီဇင်ဘာလကစပြီးလုပ်မယ်" ဟု မန္တလေးတိုင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောကြားသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၉၆၉ ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် နိုဝင်ဘာလအတွင်း တင်ဒါခေါ်ယူမည့်ကိစ္စနှင့်ပတ်သက်၍ ၎င်းကအထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

ဧရာဝတီမြစ်တစ်လျှောက်ရှိစဉ့်ကူး၊ မတ္တရာ၊ မြင်းခြံ၊ ငါန်းဇွန်မြို့ပေါ်နှင့် ကျေးရွာအချို့၊ တံတားဦးမြို့နယ်နှင့် ညောင်ဦးမြို့ လောကနန္ဒာဘုရားအနီး ကမ်းပါးပြိုနိုင်သည့် နေရာ ၁၂ ခုတွင် ကမ်းပြိုကာကွယ်ရေးများ လုပ်ဆောင်ရန်လိုအပ်နေသည်။

"လက်ရှိမှာလည်း ကမ်းပြိုတဲ့နေရာနဲ့ အရင်ကပြိုခဲ့တဲ့နေရာတွေကို ကာကွယ်ပေးဖို့ လုပ်နေတယ်။ အရေးကြီးတဲ့နေရာတွေ၊ ပိုဆိုးလာနိုင်တဲ့နေရာတွေကို တစ်ဆက်တည်းလုပ်နိုင်အောင် အစိုးရအဖွဲ့ကို တင်ပြထားတယ်" ဟု ဦးတိုးအောင်လင်းက ဆက်လက် ပြောကြားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် ကမ်းပြိုမှုများကို ကာကွယ်နိုင်ရန် ကမ်းထိန်းနံရံများ၊ ကျောက်စီတမံများ တည်ဆောက်ခြင်းကဲ့သို့သော တိုက်ရိုက်ကာကွယ်ခြင်းနည်းများနှင့် ကမ်းပြိုနေသည့် ကျေးရွာများဘက်သို့ ရေဦးမတိုက်စေရန် ရေကြောင်းပြောင်းပေးသည့် ရေလွှဲရေကာများပြုလုပ်ပေးခြင်း စသော သွယ်ဝိုက် ကာကွယ်ခြင်းတို့ လုပ်ဆောင်ပေးနေသည်ဟု အဆိုပါဌာနထံမှ သိရသည်။

အဆိုပါဌာနအနေနှင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်းကလည်း ကျေးရွာ ၁၆ ခုကို ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကင်းဝေးစေရန် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် အရေးပေါ်အနေနှင့်လည်း ကျေးရွာငါးရွာတွင် ကမ်းထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများအတွက် ကျပ် ၃၈၃၂ ဒသမ ၅ သန်း အသုံးပြုခဲ့သေးသည်။ ■

**M-04**

# “နယ်မြေဒေသ လုံလုံခြုံခြုံနဲ့ ဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့ ဖြစ်သလိုမျိုး တိုင်းရင်းသားတွေ တစ်ယောက်မှ မဖြစ်စေချင်ပါဘူး”

## နာဂတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထံမှ လွတ်မြောက်လာသူ ဦးဇော်မိုးနှင့် တွေ့ဆုံခြင်း

မောင်ရဲနွေ


ဓာတ်ပုံ-တောင်ပေါ်ကျား

**စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် ရွှေကျားကိုက်ကျေးရွာမှ ဒေသခံသုံးဦးကို နာဂလက်နက်ကိုင်အဖွဲ့တစ်ခုက ဩဂုတ်လ ၁၆ ရက်နေ့ ည ၁၁ နာရီခန့်အချိန်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဩဂုတ်လ ၁၇ ရက်နေ့ ညနေပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။ ယင်းသို့ လွှတ်ပေးခဲ့သော်လည်း ကျေးရွာတွင်မနေရဲတော့ဘဲ ခန္တီးမြို့ရှိ ဘုန်းကြီးကျောင်းတစ်ခုတွင် လာရောက်နေထိုင်နေသော ရွှေကျားကိုက်ကျေးရွာဒေသခံ ဦးဇော်မိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**Voice ။ နာဂလက်နက်ကိုင်တပ်ဖွဲ့ဝင်တွေဟာ ဘယ်လိုပုံစံနဲ့ ရောက်လာတာလဲ။**

**UZM** ။ ချင်းတွင်းမြစ်ရေတိုးတော့ ကျွန်တော့်အိမ်ရေဝင်တယ်။ ရေတိုးနေတော့ ပစ္စည်းတွေကို ရေလွတ်တဲ့ကုန်းပေါ်မှာ ရွှေ့ထားရတယ်။ ကုန်းပေါ်မှာ တဲတစ်လုံးဆောက်ထားတယ်။ ကျွန်တော့်အမျိုးသမီးက အိမ်မကြီးမှာအိပ်တယ်။ ကျွန်တော်က ရေဘေးရှောင်တဲမှာ အိပ်တယ်။ ည ၁၀ နာရီလောက်မှာ တဲကို ညှော်သည်လာတယ်။ သူနဲ့အတူ ဟန်းဆက်ထဲက ဗီဒီယိုဇာတ်လမ်းကြည့်နေတယ်။ ၁၅ မိနစ်၊ မိနစ် ၂၀ လောက်မှာ သေနတ်ကိုယ်စီနဲ့ နာဂလက်နက်ကိုင်တပ်ဖွဲ့တွေ ပြေးဝင် လာတယ်။ ၁၂ ယောက် ၁၃ ယောက်လောက်ရှိမယ်။ ကျွန်တော့်သူငယ်ချင်းကတော့ ထွက်ပြေးတယ်။ ထွက်ပြေးတဲ့အတွက် သေနတ်နဲ့ နှစ်ချက်လိုက်ပစ်တယ်။ ပြီးတော့ ကျွန်တော့်ကိုကြိုးနဲ့တုပ်ပြီး ခေါ်သွားတယ်။

**Voice ။ သူတို့က ဘာလိုချင်လို့ ဖမ်းခေါ်သွားတာလဲဗျ။**

**UZM** ။ ကျွန်တော် နားမလည်ဘူးဗျ။ တစ်ယောက်ထွက်ပြေးသွားတော့ အဲဒါကို သဘောမကျတာလည်း ပါမယ်ထင်တယ်ဗျ။ ခေါ်သွားတဲ့နေရာက မိုင်ပုတ်ကျေးရွာနဲ့ တစ်နာရီကျော်လောက် လမ်းလျှောက်ရတယ်။ မနက်ရောက်တော့ မိသားစုဆီ စာရေးခိုင်းတယ်။ ငွေ ၂၅ သိန်းနဲ့ လာရွေးဖို့ စာရေးခိုင်းတယ်။

**Voice ။ ငွေပေးရသေးလား။**

**UZM** ။ ငွေတော့ မပေးလိုက်ရဘူး။ စစ်ကြောင်းလာတော့မှာဆိုတော့ မင်းတို့လည်းပြန်တော့ဆိုပြီး လွှတ်ပေးလိုက်တယ်။

**Voice ။ ဒီခန္တီးနယ်မြေဒေသမှာ နာဂလက်နက်ကိုင်အဖွဲ့အစည်းက ဆက်ကြေးတောင်းတာတွေ ရှိတယ်။ ခင်ဗျားတို့ရွာမှာ ရှိဘူးလား။**

**UZM** ။ အဲဒါတော့ မသိဘူးဗျ။ ကျွန်တော်ကတော့ ဒါပထမဆုံးပဲ။

**Voice ။ ပြန်လွတ်လာပြီးနောက်ပိုင်း ဘာလို့ ဘုန်းကြီးကျောင်းရောက်လာတာလဲဗျ။**

**UZM** ။ ကျွန်တော်တို့ ရွာပြန်ရောက်တော့ ရွာလူကြီးအိမ်သွားရတယ်။ စစ်တပ်နဲ့တွေ့တယ်။ တွေ့ပြီးတော့ ကျွန်တော်တို့ကို ခေါ်သွားတဲ့စခန်းကို လိုက်ပြရတယ်။ ညနေပိုင်းမှာ ကျားကိုက်ကို ပြန်ပို့ပေးတယ်။ ပြီးတော့ လုံခြုံရေးစိတ်မချရလို့ဆိုပြီး လင်းဖားရဲစခန်းကို ခေါ်သွားတယ်။ လွတ်လွတ်လပ်လပ် နေခိုင်းတယ်။ မနေ့ကညနေ (ဩဂုတ်လ ၁၉ ရက်နေ့) က ရဲစခန်းကနေ ပြန်လာခဲ့တယ်။ အဲဒီလိုပြန်လာတဲ့အခါ နာဂလက်နက်ကိုင်အဖွဲ့တွေ ရွာကို နောက်တစ်ကြိမ်လာမယ်ဆိုတဲ့ သတင်းကြောင့် ခန္တီးကဆရာတော်ကျောင်းမှာ ခိုလှုံနေတာ။

**Voice ။ ခင်ဗျားတို့ရဲ့ စီးပွားရေးလုပ်ငန်းက။**

**UZM** ။ ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းက စီးပွားရေးပါ။ ဒီမှာက ရွှေမှော်လုပ်ငန်းတွေနဲ့ပဲ အသက်မွေးကြတာ။ ဆိုတော့ ရွှေကောက်တယ်။ ဈေးရောင်းတယ်။

**Voice ။ ဘာများထပ်ပြောချင်သေးလဲ။**

**UZM** ။ နယ်မြေဒေသ လုံလုံခြုံခြုံနဲ့ ဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့ဖြစ်သလိုမျိုး တိုင်းရင်းသားတွေ တစ်ယောက်မှ မဖြစ်စေချင်ပါဘူး။ ■

# “အခုလိုမျိုး အကြမ်းဖက်တာက ကျွန်တော်တို့လည်း အန္တရာယ်ရှိတယ်။ အခက်အခဲရှိရင် ကောင်းကောင်းမွန်မွန်ရှင်းရမယ်”

## နာဂတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထံမှ လွတ်မြောက်လာသူ ဦးထိန်ဝမ်းနှင့်တွေ့ဆုံခြင်း

မောင်ရဲနွေ

**စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် ရွှေကျားကိုက်ကျေးရွာမှ ဒေသခံသုံးဦးကို နာဂလက်နက်ကိုင်အဖွဲ့တစ်ခုက ဩဂုတ်လ ၁၆ ရက်နေ့ ည ၁၁ နာရီခန့်အချိန်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဩဂုတ်လ ၁၇ ရက်နေ့ ညနေပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။ ယင်းသို့ဖမ်းဆီးခေါ်ဆောင်ခံရခြင်းနှင့်ပတ်သက်၍ ရွှေကျားကိုက် ကျေးရွာဒေသခံ ဦးထိန်ဝမ်းနှင့် ဆက်သွယ်မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**


ဓာတ်ပုံ-တောင်ပေါ်ကျား

**Voice ။ ခင်ဗျားကို ဖမ်းခေါ်သွားတဲ့ညမှာ နာဂလက်နက်ကိုင်အဖွဲ့တွေ ဘယ်လိုပုံစံနဲ့ ရောက်လာတာလဲ။**

**UHW** ။ ကျွန်တော့်အိမ်ကို ကိုထိန်ဝမ်းရှိလားဆိုပြီး ရောက်လာတယ်။ အပြင်ကနေ သေနတ်တွေနဲ့ ချိန်ထားတယ်။ ရှိတယ်ဗျ ဘာကိစ္စလဲမသိဘူးဆိုပြီး ကျွန်တော်က ပြန်မေးတယ်။ ကျွန်တော်ကတော့ နာဂမဟုတ်ဘဲ တခြားအဖွဲ့များ လာတာလားပေ့ါ။ ရှိတယ်ဆို ဆင်းခဲ့ဆိုပြီး ဆင်းခိုင်းတယ်။ ပြီးတော့ ငါတို့က ရှာစရာရှိတယ်လို့ပြောပြီးမှ ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်တယ်။ အိမ်ပေါ် တက်လိုက်ဆင်းလိုက် ရှာတယ်။ ကားထဲလည်းရှာကြတယ်။ ဘာမှမတွေ့ဘူးဗျ။ မတွေ့တော့ ကျွန်တော်နဲ့ ကားဆရာ မောင်ရောင်းကို ခေါ်သွားတယ်။ ဖမ်းသွားတယ်ပေ့ါဗျာ။

**Voice ။ ရှာတယ်ဆိုတော့ ဘာရှာတာလဲဗျ။**

**UHW** ။ အဲဒါတော့ မသိဘူးဗျ။ ရှာစရာရှိတယ်လို့ပဲ ပြောတယ်။ ဘာရှာမှန်း မသိဘူး။

**Voice ။ ဒါဆိုရင် ဘာလိုချင်လို့ ခေါ်သွားတာလဲ။**

**UHW** ။ အဲဒီနေ့ညကဖမ်းသွားတာ မနက်အစောပိုင်း ၂ နာရီခွဲလောက်မှာ သူတို့ရဲ့ယာယီစခန်းကို ရောက်တယ်။ အဲဒီညမှာ ကျွန်တော်တို့ကို စဉ်းစားထားလို့ပြောတယ်။ မနက်ကျတော့ ကျွန်တော်တို့ကို ပြောတယ်။ မင်းတို့တောင်ပေါ်လိုက်ချင်လား။ ဒီမှာပြီးချင်လားပြောတယ်။ အဲလိုပြောတော့ ကျွန်တော်တို့က ဒီမှာတင်ပြီးချင်တယ်လို့ဆိုတော့ မင်းတို့အိမ်ကို ပိုက်ဆံ ၂၅ သိန်းနဲ့ လာရွေးဖို့ စာရေးခိုင်းတယ်။ ရေးပြီးတာနဲ့ သူတို့ရဲဘော်လေးတစ်ယောက်ကို အိမ်ကို သွားပေးခိုင်းတယ်။

**Voice ။ ပိုက်ဆံပေးလိုက်ရသေးလား။**

**UHW** ။ ပိုက်ဆံကတော့ မပေးလိုက်ရပါဘူး။ စစ်ကြောင်းလာတဲ့အသံကြားတော့ သူတို့မစောင့်ဘဲ ပြေးတော့တာပဲ။ ကျွန်တော်တို့ကိုလည်း ပြန်လွှတ်လိုက်တယ်။

**Voice ။ ဒီဒေသက နယ်မြေမလုံခြုံဘူးနော။**

**UHW** ။ နောက်နောင် ဒါမျိုးတွေမဖြစ်အောင် တာဝန်ရှိသူတွေ ဆောင်ရွက်ပေးဖို့လိုပါတယ်။ သူတို့ (နာဂလက်နက်ကိုင်အဖွဲ့) ပိုက်ဆံလိုရင် အမြဲတမ်းကူညီပေးနေရတာပဲ။ လမ်းစရိတ်ပြတ်လို့ဆိုပြီးတောင်းတာမျိုးလည်းရှိတယ်။ ဘယ်လိုပဲတောင်းတောင်း ကျွန်တော်တို့ဆီတောင်းတယ်။ အကူအညီပေးလိုက်ရတာပဲ။ အဲဒါမျိုးတွေပဲဖြစ်စေချင်တယ်။ အခုလိုမျိုး အကြမ်းဖက်တာက ကျွန်တော်တို့လည်း အန္တရာယ်ရှိတယ်။ အခက်အခဲရှိရင် ကောင်းကောင်းမွန်မွန် ရှင်းရမယ်။

**Voice ။ ခင်ဗျားတို့ရဲ့ စီးပွားရေးလုပ်ငန်းက။**

**UZM** ။ ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းက စီးပွားရေးပါ။ ဒီမှာက ရွှေမှော်လုပ်ငန်းတွေနဲ့ပဲ အသက်မွေးကြတာ။ ဆိုတော့ ရွှေကောက်တယ်။ ဈေးရောင်းတယ်။ ■


ဓာတ်ပုံ-မြတ်မင်း

ရောဝတီလင်းပိုင်စင်တာတွင် ပြသထားသည့် ရောဝတီလင်းပိုင်အရိုးစုကို ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာနေစဉ်

# ရောဝတီလင်းပိုင်စင်တာတွင် လင်းပိုင်အရိုးစုပြသ

**မန္တလေး၊ ဩဂုတ် ၂၀**

ရောဝတီလင်းပိုင်အကြောင်း လာရောက်လေ့လာမည့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် လင်းပိုင်နှင့် ပတ်သက်သည့် အချက်အလက်များကို အထောက်အပံ့ပေးနိုင်မည့် စင်တာကို ဩဂုတ်လ ၂၀ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ ယင်းစင်တာတွင် လင်းပိုင်အရိုးစု အပါအဝင် လင်းပိုင်များနှင့်သက်ဆိုင်သော ဓာတ်ပုံများပြသထားသည်။

ယင်းစင်တာကို ရောဝတီလင်းပိုင် အမည်ရှိ သင်္ဘောပေါ်တွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လင်းပိုင်အရိုးစု၊ ဆေးရေစိမ်ထားသော လင်းပိုင်သားပေါက်အသေပြသထားခြင်းနှင့် လင်းပိုင်များနှင့် သက်ဆိုင်သော ဓာတ်ပုံများ ပြသထားကြောင်း၊ လင်းပိုင်များ၏ လှုပ်ရှားသွားလာမှုနှင့် ပတ်သက်၍ ညွှန်ပြသည့် သည်များကို ရှင်းလင်းပေးမည့် ဝန်ထမ်းတစ်ဦး ထားရှိကြောင်း ရောဝတီလင်းပိုင် ထိန်းသိမ်းရေး မန္တလေးတိုင်းတာဝန်ခံ ဦးဟန်ဝင်းက ပြောကြားသည်။

စင်တာဖွင့်လှစ်ထားသည့် ရောဝတီလင်းပိုင်သင်္ဘောကို မရမ်းခြံဆိပ်ကမ်းတွင် ထားရှိရာ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

ရောဝတီလင်းပိုင်များသည် စစ်ကိုင်းတိုင်း မင်းကွန်းရွာမှ ကချင်ပြည်နယ် ဗန်းမော်မြို့ထိ ရောဝတီမြစ်ရိုးတစ်လျှောက် နေထိုင်ကျက်စားလျက်ရှိရာ မန္တလေးမြို့ နန်းတော်ကျွန်းကျေးရွာအနီးမှ ကျောက်မြောင်းမြို့ ရေတော်ဘုရားအထိကို ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက သတ်မှတ်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့က ကျေးရွာ လူထုနှင့်ပူးပေါင်းထိန်းသိမ်းလျက်ရှိကြောင်း၊ လက်ရှိတွင် လင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်း လင်းပိုင် ၂၅ ကောင်ကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန စာရင်းများအရ သိရသည်။

အဆိုပါစင်တာ ဖွင့်လှစ်ခြင်းနှင့်အတူ ရောဝတီလင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်းရှိ သုံးဆယ်ပေးကျေးရွာတွင် ရောဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းစိုက်ထည့်ခဲ့ပြီး ဒေသခံကျောင်းသား ကျောင်းသူများကို ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောခဲ့ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြောကြားသည်။ ■ M-05

The VOICE Daily CARTOON



# အမျိုးသားတစ်ဦးကို ကျောက်ခဲဖြင့် ထုသတ်ခဲ့သည့် ညီအစ်ကိုနှစ်ဦးကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၇)ရပ်ကွက်တွင် အသက် ၃၀ နှစ်အရွယ် အမျိုးသားတစ်ဦးကို လမ်းခင်းကျောက်ခဲဖြင့် ထုရိုက်သတ်ခဲ့သော ညီအစ်ကို နှစ်ဦးကို ဩဂုတ်လ ၁၈ ရက်နေ့က အရှေ့ပိုင်းခရိုင် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

အမိန့်ချမှတ်ခံရသူများမှာ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၇)ရပ်ကွက်၊ ဒုဋ္ဌဝတီ ၃ လမ်းတွင် နေထိုင်သော အသက် ၂၃ နှစ် ကျော်ဆွေဝင်း(ခ) ကရင်နှင့် ၎င်း၏ ညီဖြစ်သူ အသက် ၂၁ နှစ် ဆန်းဦး(ခ) အရှည်ကြီးတို့ဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက် ညပိုင်းက ဒုဋ္ဌဝတီ (၁) လမ်းထိပ်တွင် အသက် ၃၀ နှစ် ကိုသက်ဇော်(ခ) ကြက်ရိုးကို လမ်းခင်းကျောက်ခဲဖြင့် ထုရိုက်သတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

"သေဆုံးသူက ဒုဋ္ဌဝတီ ၁ လမ်းမှာ နေတဲ့သူ။ ကြက်ကင်ရောင်းတယ်။ အခင်းဖြစ်ညက မှောင်ထဲမှာ သေဆုံးသူကို သူတို့ ညီအစ်ကိုနှစ်ယောက်က လမ်းခင်းကျောက်ခဲနဲ့ ထုရိုက်ပြီး ထွက်ပြေးချိန် လူတစ်ယောက်က အသံကြားလို့ထွက်ကြည့်ရာက လူသတ်မှုကျူးလွန်သူတွေကို သိခဲ့ရတာပါ။ တစ်ယောက်နဲ့ တစ်ယောက် ရန်ငြိုး ရန်စရှိလို့ လူသတ်မှုအထိ ကျူးလွန်ခဲ့တာလို့ စစ်ဆေးချက်အရ သိရတယ်"ဟု ရဲအရာရှိက ရှင်းပြသည်။

အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် ညီအစ်ကိုနှစ်ဦး၏ အမှုမှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့က ဒဂုံဆိပ်ကမ်းမြို့မ ရဲစခန်းတွင် (ပ) ၉၁၃/ ၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူခဲ့သော အမှုဖြစ်သည်။

■ S-03




# ယုဇန ဆီအုန်းခြံတွင် အမည်မသိ လူတစ်စု ကန်တော့ပွဲပေး မြေတူး

ကော့သောင်း၊ ဩဂုတ် ၂၀

ကော့သောင်းမြို့နယ်၊ မလိဝမ်းကျေးရွာ ၂၇ မိုင်ရှိ ယုဇနဆီအုန်းခြံထဲတွင် အမည်မသိလူတစ်စုက ကန်တော့ပွဲပေးပြီး မြေတူးစက်ဖြင့် တူးဖော်ခဲ့ခြင်းကို ခွင့်ပြုထားခြင်းမရှိကြောင်း ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ အမည်မသိလူတစ်စုက အင်္ဂလိပ်ခေတ်က ရှေးဟောင်းပစ္စည်းများရှိသည်ဟု အရပ်ပြောပြောဆိုကြသည့် ကျောက်ဂူတွင် ကန်တော့ပွဲများပေးကာ တူးဖော်ခဲ့ကြကြောင်း မလိဝမ်းကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

“ဘယ်သူလာလုပ်မှန်းကို မသိတာ၊ ခွင့်ပြုချက်တောင်းထားတာလည်း မရှိဘူး။ အခုလည်း လုပ်ပြီးမှပဲ သိတာလေ၊ နောက်ဆိုရင်တော့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေက ဒီလိုမျိုးမဖြစ်အောင် အချိန်မီတားနိုင်မှာပါ” ဟု ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း က ပြောသည်။

အမည်မသိလူတစ်စုက မြေတူးဖော်နေသည်ကို ယုဇနဆီအုန်းခြံ မန်နေဂျာနှင့် လူတစ်စုက လာရောက် အကြောင်းကြားသည့်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြောင်း မလိဝမ်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ပြောသည်။

“ကျွန်တော်တို့ ရောက်တဲ့အချိန် မြေတူးနေသူတွေတော့ မရှိတော့ဘူး၊ နံပါတ်ပြားမတပ်ထားတဲ့ ကားတစ်စီးနဲ့ မြေတူးထားတဲ့တွင်းရယ် အုန်းပွဲငှက်ပျောပွဲတွေပဲ တွေ့ခဲ့တယ်” ဟု မလိဝမ်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ပြောသည်။

ယခင်က ၃၂ မိုင် ဆီအုန်းခြံတွင် ရှေးဟောင်းပုတီးစေ့များ တွေ့ချိန်က သုတေသနပြုလုပ်သူများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ခွင့်တောင်းပြီးမှသာ လာရောက်ခဲ့ကြသည်ဟု ဦးဇော်ဝင်းက ပြောသည်။

မြေတူးသည့် လူတစ်စုသည် မည်သူမည်ဝါမှန်းမသိရသည့်အပြင် ၎င်းတို့နေထိုင်သည့်နေရာကိုလည်း မသိရကြောင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

“ကျွန်တော့်ကို ၁၅ရက်နေ့ ညနေ ၄ နာရီလောက်က လာအကူအညီတောင်းတာ အဲနေ့မှာ မတူးဖြစ်ဘူး။ ၁၆ ရက်နေ့မှာ ၁ နာရီလောက်တူးပြီး ဆက်မတူးတော့ဘူး။ ဘက်ဟိုး အကူအညီတောင်းလို့ ကူညီပေးတာ ကျန်တာ ဘာမှမသိဘူး”ဟု မြေတူးစက်ငှားရမ်းသည့် ကုမ္ပဏီပိုင်ရှင် ဦးအောင်နိုင်က ဆိုသည်။


ဓာတ်ပုံ-မိုးအိ (Dawei Watch)

ယင်းသို့ အမည်မသိလူတစ်စုမှ မြေတူးဖော်ခြင်းကို ဒေသခံများအကြား ဝေဖန်မှုများရှိနေပြီး ရှေးဟောင်းပစ္စည်းလာရောက်ရှာဖွေသူများဖြစ်နိုင်သည်ဟု ၎င်းတို့က ဆိုသည်။

■ Dawei Watch



# မှောင်ခိုသွင်းသည့်ဖုန်း ဈေးတက်မည်

ရန်ကုန်၊ ဩဂုတ် ၂၀

မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းမှ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမည်ဆိုပါက တရားဝင်တင်သွင်းနေသည့် ဖုန်းများထက် မှောင်ခိုတင်သွင်းလာသည့် ဖုန်းဈေးများမြင့်တက်လာမည်ဖြစ်ကြောင်း မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်းမှစ၍ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို ကုန်သွယ်ခွန် ငါးရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနထံမှ သိရသည်။

“ဒါက အရင်တည်းက ဆောင်နေရတာပါပဲ။ ဘာမှတော့ သိပ်မထူးဘူး။ အခွန်ဆောင်ပြီးရောင်းနေတဲ့ ဖုန်းတွေက ဈေးမတက်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုန်သွယ်ခွန်ထပ်ပေါင်းပြီး ရောင်းနေတာမို့လို့ပါ” ဟု Unique မိုဘိုင်းလ်ဖုန်းနှင့် IT ပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဦးကျော်ဆန်းဦးက ပြောဆိုသည်။

ယခုအခွန်ပေးဆောင်ပြီး တင်သွင်းရောင်းနေသည့် ကုမ္ပဏီများသည် စားသုံးသူကပေးဆောင်ရမည့် ကုန်သွယ်ခွန်ကို ထပ်ပေါင်း၍ ရောင်းချနေခြင်းဖြစ်သည့်အတွက် ဈေးနှုန်း မမြင့်တက်နိုင်တော့ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

လတ်တလော မြန်မာနိုင်ငံ မိုဘိုင်းလ်ဖုန်းဈေးကွက်အတွင်းရောင်းချနေသည့် မိုဘိုင်းလ်ဖုန်းပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်သည် တရားမဝင် တင်သွင်းရောင်းချနေခြင်းဖြစ်ပြီး နယ်စပ်စခန်းများမှတစ်ဆင့် တင်သွင်းနေကြခြင်းဖြစ်ကြောင်း မိုဘိုင်းလ်ဖုန်း တင်သွင်းရောင်းချသူများထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်ခွန် ငါးရာခိုင်နှုန်းကောက်ခံရာတွင် စားသောက်ဆိုင်များ၌ ကောက်ခံသည့်ပုံစံအတိုင်း ရောင်းချပြီးပြေစာပေါ်၌ တံဆိပ်ခေါင်းခွန်များကပ်နှိပ်၍ အခွန်ပေးဆောင်စေမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနထံမှ သိရသည်။

“အခုကတော့ တံဆိပ်ခေါင်း ပြန်ကပ်ခိုင်းလိုက်မှာပဲ ထူးတာပါ။ အရင်တည်းက ဒီအခွန်က ပေးနေရတာပဲ။ ဒါပေမဲ့ အရင်ကထက် ဖုန်းဖိုးအပြင် ကျသင့်အခွန်တန်ဖိုး တိုးလာမှာပေါ့” ဟု ဖုန်းဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

တရုတ်နိုင်ငံထုတ် မိုဘိုင်းလ်ဖုန်းများကို မူဆယ် ၁၀၅ မိုင်နယ်စပ်ကဲ့သို့ နယ်စပ်စခန်းများမှ တင်သွင်းရောင်းချပြီး အချို့သော မိုဘိုင်းလ်ဖုန်းများသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူအချို့က ကိုယ်တိုင်အသုံးပြုရန်ဟု အကြောင်းပြ၍ တင်သွင်းလာကြကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

မိုဘိုင်းလ်ဖုန်းများကို တရားဝင်တင်သွင်းခွင့်ရရှိရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ပြုလုပ်ပြီးမှသာ တရားဝင်တင်သွင်းခွင့်ရရှိ၍ အခွန်ပေးဆောင်ခွင့်ရရှိမည်ဖြစ်ကြောင်း ဖုန်းဆိုင်လုပ်ငန်းရှင်များထံမှ သိရသည်။

“တရားဝင်အနေနဲ့ အခွန်ဆောင်ပြီး ကျွန်တော်တို့က သွင်းချင်ပေမယ့် အခွန်ရုံးနဲ့ မူဆယ်လမ်းကြောင်းကသူတွေက ဆက်သွယ်ရေးလိုင်စင်ပါမှ အခွန်ဆောင်လို့ရမယ်လို့ ပြောပါတယ်။ အဲဒါကို တရားမဝင်လို့ ပြောလို့ရနိုင်ပါ့မလား။ ကျွန်တော်တို့က အခွန်ပေးဆောင်ပြီး သွင်းချင်ပါတယ်။ ဒါပေမဲ့ အခွန်ဆောင်ခွင့် မပေးပါဘူး” ဟု မော်လမြိုင်မြို့မှ ဖုန်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောဆိုသည်။ ■

S-04

## ကုသိုလ်လမ်းညွှန်

ဒီတစ်ပတ်တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအတွက် ကုသိုလ်ပြုနိုင်ဖို့ပါ။ အသက်တစ်နှစ်နဲ့ လေးလအရွယ်ပဲရှိသေးတဲ့ ကလေးငယ် ဇူးဇူးမောင်က မွေးရာပါမျက်နှာပေါ်မှာ အသားဖုကြီးပါလာတာဖြစ်ပါတယ်။ ကလေးငယ်က ဟယ်ပင်ကလေးဆေးရုံမှာ လေးကြိမ်တိုင်ခွဲစိတ်ကုသခဲ့ရာ မေးအောက်ကအဖုတွေပျောက်သွားပေမယ့် မျက်နှာပေါ်ကအဖုကို ခွဲစိတ်ဖို့ ငွေကြေးအခက်အခဲ ကြုံတွေ့နေရတာဖြစ်ပါတယ်။ မိဘကတွေကလည်း ဖားကန့်မြို့နယ်၊ လုံးခင်မှာနေပြီး မိသားစုစားဝတ်နေရေးအတွက် ရေမဆေးကျောက် ရှာအသက်မွေးနေရတာပါ။ လတ်တလောမှာ ကလေးငယ်အတွက် ခွဲစိတ်ကုသဖို့ ငွေကြေးအခက်အခဲကြုံနေရာတာမို့ တတ်အားသရွေ့ငွေကြေးအလှူပြုချင်ရင်တော့ ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■







## ဈေးဝယ်လမ်းညွှန်

### အလွယ်တကူခေါက်သိမ်းသွားနိုင်မယ့် Begasso Soldier 26" Mountain Bike

ကျန်းမာရေးအတွက် စီးချင်တာပဲဖြစ်ဖြစ်၊ စက်ဘီးစီးရတာ ဝါသနာပါတာပဲဖြစ်ဖြစ် အခုညွှန်ပေးချင်တာကတော့ Begasso Soldier 26" Mountain Bike ဖြစ်ပါတယ်။ ဒီစက်ဘီးလေးက ဂီယာ ၂၁ ချက်ပါဝင်ပြီး ရှေ့ရှော့ဘားနဲ့ အလယ်ရှော့ဘား ပါဝင်ပါတယ်။ ဒါအပြင် ရှေ့နောက်ကလည်း Disc Brake System အသုံးပြုနိုင်တာဖြစ်ပြီး ဘီးဆိုက်က ၂၆ လက်မဆိုက်အရွယ်အစားမို့ လမ်းကြမ်းခရီးထွက်ချင်သူတွေအတွက် အဆင်ပြေစေမှာဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ ခရီးဝေးထွက်တဲ့အခါ သယ်ဆောင်သွားချင်သူတွေအတွက်လည်း အလွယ်တကူသယ်ယူသွားနိုင်အောင် ခေါက်သိမ်းပြီး သယ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းက ၁၅၀,၀၀၀ ကျပ်ဖြစ်ပြီး အရောင်တွေက အဖြူရောင်၊ အနီရောင်နဲ့ အနက်ရောင်တို့ကို ရွေးချယ်နိုင်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် အမှတ် ၄၉၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၄၅၀၁၂၇၃၀၃ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ■




The Voice Daily
လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊ မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ကိုဖီအာနန်ကော်မရှင်၏ အခန်းကဏ္ဍ

အောင်ဝေဖျ



ယခု ရက်ပိုင်းကျင်းပသည့်လွှတ်တော်အစည်းအဝေးများနှင့်ပြင်ပ နိုင်ငံရေးပါတီများအကြား အသံများ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာနေသည့်ကိစ္စတစ်ခုမှာ အကြမ်းဖက်သမားများကို ဥပဒေအရ ချေမှုန်းရေးကိစ္စပင်ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဩဂုတ် ၁၈ ရက်က ပြုလုပ်သည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၃) မှ ဦးခင်မောင်လတ်က “မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကိုဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးရန်အဆို” ကို တင်သွင်းခဲ့သည်ကို တွေ့ရသည်။ နောက်တစ်ခုမှာ ဩဂုတ်လ ၁၄ ရက်နေ့က နိုင်ငံရေးပါတီ ၂၀ ကလည်း ပူးတွဲသဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သေးသည်ကိုလည်း တွေ့ရသည်။ ၎င်းတို့ထုတ်ပြန်သည့် ကြေညာချက်၏ အဓိကလိုရင်းမှာ ရိုဟင်ဂျာအမည်ဖြင့် တိုင်းရင်းသားမရှိကြောင်း ကမ္ဘာသိထုတ်ပြန်ပေးရေး၊ ထိရောက်လုံလောက်သော ဒေသလုံခြုံရေးစနစ် အမြန်ဆောင်ရွက်ပေးရေး၊ လုံခြုံရေးအဖွဲ့များအား ဥပဒေအရ အကာအကွယ်ပေးနိုင်ရေးနှင့် အကြမ်းဖက်ကျူးလွန်ခဲ့သူများနှင့် အဖွဲ့အစည်းများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူရေးတို့ပင်ဖြစ်သည်ကို တွေ့ရသည်။

ထိုအခြေအနေများနှင့် တိုက်ဆိုင်စွာပင် ယခုရက်ပိုင်းကြားနေရသည့်သတင်းတစ်ခုကလည်း ရှိနေသေးသည်။ ၎င်းမှာ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ နောက်ဆုံးအကြံပြုချက်အစီရင်ခံစာကို ယခုလာမည့် ဩဂုတ်လနောက်ဆုံးပတ်အတွင်း အစိုးရနှင့် တပ်မတော်ထံ တင်သွင်းပေးပို့တော့မည်ဆိုသည့်သတင်းပင် ဖြစ်သည်။

**ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အစိုးရနှင့်တပ်မတော်တို့၏ ကနဦးဆောင်ရွက်ချက်များ**

ထိုအကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စနှင့်ပတ်သက်ပြီး ထိုအခြေအနေများမတိုင်မီ အစိုးရဘက်မှ ကနဦးဆောင်ရွက်ခဲ့သည့်အခြေအနေများကို လေ့လာကြည့်ရာတွင် ဩဂုတ်လ ၈ နိုင်ငံတော်သမ္မတရုံးတွင် အစည်းအဝေးတစ်ခု စတင်ကျင်းပခဲ့ပြီး ထိုအစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့လှုပ်ရှားမှုများအား ထိန်းချုပ်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ ထိုနေ့ နေ့လယ်ပိုင်းတွင်လည်း ANP ပါတီဝင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံတွေ့ဆုံပြီး ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်ရေးကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြခြင်း၊ ဩဂုတ်လ ၉ ရက်နေ့မှစတင်ကာ မောင်တောခရိုင်နှင့် ရသေ့တောင်မြို့နယ် ကျေးရွာအုပ်စု ၁၁ အုပ်စုတို့အား ပုဒ်မ ၁၄၄ နှစ်လတိုးမြှင့်ထားကာ တပ်မတော်မှ အင်အားများလည်းတိုးချဲ့ပြီး နယ်မြေရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဩဂုတ်လ ၁၁ ရက်နေ့တွင် မောင်တောဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ခြင်းတို့ကို တွေ့ရသည်။

**ဒေသခံပြည်သူလူထုတို့၏ ဆန္ဒထုတ်ဖော်တုံ့ပြန်ချက်များ**

ဒေသခံလူထုအနေနှင့်မူ ဩဂုတ်လ ၁၃ ရက်နေ့တွင် မောင်တောဒေသတွင် လူ ၃၀၀၀ ကျော်၊ ရသေ့တောင်တွင် လူ ၁၀၀၀ ခန့်နှင့် စစ်တွေတွင် လူ ၅၀၀၀ နှင့် တစ်သောင်းကြားခန့်အပြင် အခြားရခိုင်ပြည်နယ်ရှိ ကျန်မြို့များအသီးသီးတွင်လည်း ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းနှင့် ထိုရက်တွင်ပင် ပြည်ထောင်စုဝန်ကြီးလေးဦးတို့မောင်တောမြို့သို့ရောက်ရှိလာခဲ့ခြင်းများ စသည့်သတင်းများကို တွေ့မြင်ခဲ့ရမည်ဖြစ်သည်။

**လွှတ်တော်အတွင်းမှ အစိုးရအပေါ် ထောက်ပြဆွေးနွေးတင်ပြချက်များ**

တစ်ဖန် ဩဂုတ်လ ၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အတွင်းတွင် တင်သွင်းခဲ့သည့်အဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ထောက်ပြကြရာတွင် “ရခိုင်ပြည်နယ်တွင် အကြမ်းဖက်လုပ်ရပ်များသည် ကမ္ဘာ့အကြမ်းဖက်အဖွဲ့များ၏ ကွန်ရက်များနှင့် ချိတ်ဆက်လုပ်ဆောင်နေသည့် အနေအထား တွေ့ရှိနေရပြီး နိုင်ငံတော်အတွက် အန္တရာယ်ဆိုးများ အချိန်မရွေး ကျရောက်လာနိုင်သည့်အတွက် အစိုးရအနေနှင့် အချိန်မဆိုင်းဘဲ ရဲဝံ့ပြတ်သားစွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေကြောင်းနှင့် အချိန်နဲ့တစ်ပြေးညီ မြန်မြန်ဆန်ဆန် လုပ်ဆောင်ရမယ့်အခြေအနေဖြစ်ကြောင်း၊ ရခိုင်တိုင်းရင်းသားကျေးရွာတွေက လူနည်းစုဒေသခံပြည်သူတွေကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကို မပေးနိုင်ပါက ရွာလုံးကျွတ် ပြောင်းရွှေ့နေထိုင်မှုတွေ ဖြစ်လာနိုင်ကြောင်း” ထောက်ပြခဲ့ကြသည်။

**ပြည်ပကခြေထိုးမှုများအတွက် လွှတ်တော်တွင်း ဆွေးနွေးချက်များ**

ထို့အပြင် ပြည်ပမှသွေးထိုးမြှောက်ပင့် ကူညီထောက်ပံ့မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးကြရာတွင် “လက်ရှိအချိန်တွင် ၎င်းတို့သည် ဘင်္ဂါလီဟုလည်းမပြော၊ မူဂျာဟစ်ဟုလည်းမဆိုဘဲ ရိုဟင်ဂျာဟု အမည်သစ်ထွင်ကာ ဓနအင်အားကြွယ်ဝသည့် မွတ်ဆလင်နိုင်ငံအချို့မှ ငွေကြေးလက်နက်ပစ္စည်းများ ထောက်ပံ့ပေးကာ နောက်ကွယ်မှနေပြီး သွေးထိုးမြှောက်ပင့်နေကြကြောင်း၊ မီဒီယာလောကတွင်လည်း ဓနအင်အားကြွယ်ဝသည့်နိုင်ငံများမှ ချုပ်ကိုင်ထားပြီးဖြစ်နေသဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်သတင်းများသည် မကောင်းဘဲဖြစ်နေရကြောင်း၊ အကြမ်းဖက်အဖွဲ့များ လှုပ်ရှားနိုင်ရန် အကူအညီအထောက်အပံ့နှင့် ငွေကြေးထောက်ပံ့ပေးနေမှုများသည်လည်း အထောက်အကူဖြစ်နေကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပရောက်နေသည့်ဘင်္ဂါလီများသည် ၎င်းတို့နိုင်ငံမှတစ်ဆင့် လှုံ့ဆော်စည်းရုံးခြင်း၊ ဝါဒဖြန့်ခြင်း၊ OIC နိုင်ငံများသည် UN အဖွဲ့ကို ခုတုံးလုပ်ကာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း UN အဖွဲ့များ၊ NGO, INGO အဖွဲ့များမှလည်း အကူအညီ အထောက်အပံ့ပေးနေသလိုလိုနှင့် ဘင်္ဂါလီများကို သွေးထိုးမြှောက်ပင့်ပေးနေခြင်းကြောင့် အကြမ်းဖက်အဖွဲ့အစည်းများ ပိုမိုလှုပ်ရှားလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးကိုဗန်းပြပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရအား လက်နက်ကိုင် တိုက်ခိုက်ပုန်ကန်နေခြင်းဖြစ်သည့်အတွက် တာဝန်ရှိအစိုးရအဆင့်ဆင့်အနေနှင့် အမြစ်ပြတ်ချေမှုန်းသွားရန် အထူးလိုအပ်ကြောင်း၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် နယ်မြေလုံခြုံရေးအင်အား တိုးချဲ့ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားကျေးရွာများတွင် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးပြီး လက်နက်တပ်ဆင်ပေးရန်၊ UN, NGO, INGO အဖွဲ့များအား ရုပ်သိမ်းပေးရန်၊ ဘင်္ဂါလီများအား ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ စိစစ်ပေးရန်လိုကြောင်း၊ ဘင်္ဂါလီအကြမ်းဖက်မှုတွင် ကုလသမဂ္ဂနှင့်လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ ပါဝင်ခဲ့ကြောင်း၊ အကြမ်းဖက်ခေါင်းဆောင်ဖြစ်သူ တစ်ဦးအား UNHCR ရုံးတွင် ခိုလှုံရာမှ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထောင် ၁၇ နှစ် ချမှတ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ လွှတ်ပေးခဲ့သည့်အတွက် ဘင်္ဂါလီအကြမ်းဖက်သမား မျိုးဆက်သစ်များအတွက် အင်အားဖြစ်စေခဲ့ကြောင်း၊ နိုင်ငံတော်အနေနှင့် နောက်နောင်တွင် ယင်းကဲ့သို့ စေတနာ၊ မေတ္တာမပွားမိရန် လိုအပ်ကြောင်း၊ မောင်တောဒေသ ဘင်္ဂါလီအကြမ်းဖက် တိုက်ခိုက်မှုများသည် မြန်မာနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေး၊ အချုပ်အခြာအာဏာကို ထိခိုက်လာပြီဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၈၂ နိုင်ငံသားဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့် ထိထိရောက်ရောက် တွန်းလှန်ချေမှုန်းသွားရမည်ဖြစ်ကြောင်း” ဆွေးနွေးခဲ့ကြသည်။

**အစိုးရသစ်ကာလ ရခိုင်ပြည်နယ်အရေး နောက်ခံဆောင်ရွက်ချက်သမိုင်း**

၂၀၁၆ ဧပြီလ အစိုးရသစ်စတက်တက်လာချင်း အဓိကအလေးထားကိုင်တွယ်ခဲ့သည့်ပြဿနာမှာလည်း ယခုကိစ္စပင်ဖြစ်သည်။ ပထမဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့သည်။ ထို့နောက်တွင် အဆိုပါကိစ္စရပ်များအပေါ် အတွေ့အကြုံရှိပြီး သမာသမတ်ကျကျဆောင်ရွက်နိုင်မည့် ကမ္ဘာသိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါက်တာကိုဖီအာနန်ကို ဦးဆောင်စေပြီး မြန်မာနိုင်ငံသားခြောက်ဦးနှင့် အခြားနိုင်ငံသားနှစ်ဦးဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဩဂုတ်လတွင် ဖွဲ့စည်းခြင်းကိုဖြစ်လာမည့်အရေးကို ကြိုကြိုတင်တင် မျှော်တွေးကာ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။

**ကိုဖီအာနန်ကော်မရှင်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များ**

အကြံပေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ရန် ရည်ညွှန်းချက် (Terms of reference) အရ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး၏ လက်ရှိအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊ အကြမ်းဖက်မှုများ၊ နေရပ်စွန့်ခွာမှုများနှင့် ဖွံ့ဖြိုးမှုနိမ့်ပါးရခြင်းအကြောင်းများကို ရှာဖွေတင်ပြရန်တို့ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးသော စံနှုန်းများနှင့်အညီ ပဋိပက္ခကာကွယ်တားဆီးခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ခြင်း၊ ပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းများထူထောင်ခြင်းနှင့် ဖွံ့ဖြိုးမှု စသည့် နယ်ပယ်ငါးရပ်ဆိုင်ရာအပေါ်လည်း အကြံပြုချက်များပြုလုပ်ရန်တို့ဖြစ်သည်။ ထိုအကြံပြုချက်များနှင့်ပတ်သက်၍ ယခုလနောက်ဆုံးပတ်တွင် အစိုးရနှင့် တပ်မတော်ထံတင်သွင်းမည့် အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း ကော်မရှင်ဖွဲ့စည်းပြီး ခြောက်လအကြာ ၂၀၁၇ ခုနှစ် မတ်လကတင်သွင်းသည့် ကြားဖြတ်အစီရင်ခံစာတွင် ပါရှိခဲ့သည်ကိုတွေ့ရသည်။

**ကော်မရှင်ဖွဲ့ပြီးကာလအစ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ**

သို့သော်လည်း ကော်မရှင်ဖွဲ့ပြီး တစ်လကျော်တာကာလ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် မောင်တောဒေသရှိ ရဲဌာနချုပ်စခန်းသုံးခုကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများ စတင်တိုက်ခိုက်လာမှုကို ကြုံတွေ့ခဲ့ရသည်။ မူလက ၆ နေရာကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် စီစဉ်ခဲ့သော်လည်း ကြိုတင်စီစဉ်ထားတဲ့အချိန်ဇယားထက် စောစီးစွာတိုက်ခိုက်မှုအရ သုံးနေရာကိုသာ တိုက်ခိုက်နိုင်ခဲ့ကြောင်းကိုလည်း နောက်ပိုင်းတွင် သိလာရသည်ဟုဆိုသည်။ တိုက်ရသည့်ရည်ရွယ်ချက်များအနေဖြင့်လည်း ‘နိုင်ငံသားအခွင့်အရေး တိုက်ယူရေး’၊ အယ်လ်ကေဒါ မှေးမှိန်သွားပြီး ISIS အဖွဲ့အစည်းသစ် ပေါ်ပေါက်လာခဲ့ပြီးနောက် ရခိုင်ပြည်နယ်ကို ပေါင်းကူးခြေကုပ်ယူပြီး လွတ်မြောက်ရေး (နိုင်ငံသစ်ထူထောင်ရေး)အထိ ဦးတည်ကြိုးပမ်းရေးတို့အပြင် ‘လူမှောင်ခို၊ မူးယစ်မှောင်ခိုများရဲ့ သွေးထိုးမှု’များပါ ပါဝင်လာကြောင်း နိုင်ငံရေးရာလေ့လာသူတစ်ဦးက ဆိုထားသည်ကို တွေ့ရသည်။

**အကြမ်းဖက်သတ်ဖြတ်ခံရသူဦးရေနှင့် ၎င်းတို့၏ရည်ရွယ်ချက်**

အစွန်းရောက်အကြမ်းဖက်သူများ သတ်ဖြတ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ ဩဂုတ်လ ၉ ရက်နေ့ထိ သေဆုံးသူ ၅၉ ဦးနှင့် ပျောက်ဆုံးသူ ၃၃ ဦးရှိလာခဲ့ပြီဖြစ်သည်။ ထိုသတ်ဖြတ်ခံရသူများတွင် အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး ရာအိမ်မှူးနှင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူများအပါအဝင် အစ္စလာမ်ဘာသာဝင်အများအပြားကို သတ်ဖြတ်မှုများ ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ မြိုတိုင်းရင်းသားခုနစ်ဦးကိုပါ သတ်ဖြတ်ခံခဲ့ရပြီး ထိုသို့ပြုလုပ်ခြင်းသည် ဒေသအတွင်း အောက်ခြေအုပ်ချုပ်ရေးမဏ္ဍိုင်တစ်ခုလုံး အစိုးရ၏အာဏာအောက်တွင် မရှိတော့ဘဲ အစွန်းရောက်သမားများ လွှမ်းမိုးကြီးစိုးမှုအောက်ကို ပိုမိုကျရောက်လာနေပြီး အစိုးရ၏တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုများ မပြုလုပ်နိုင်စေရန် သတ်ဖြတ်ကြခြင်းဖြစ်ကြောင်းကိုပါ သိရှိလာရသည်။

**ကိုဖီအာနန်ကော်မရှင်၏ အခန်းကဏ္ဍ**

အထက်တွင်တင်ပြခဲ့သည့် အခြေအနေများအကြားတွင် ဖွဲ့စည်းမှု

စာမျက်နှာ 14 သို့

> **... ဖွဲ့စည်းမှု တစ်နှစ်ကာလပြည့်ခဲ့ပြီး အပြီးသတ်အစီရင်ခံစာတင်သွင်းမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အနေနှင့် လက်ရှိကြုံတွေ့နေရသည့် ပြည်ပနိုင်ငံများ၏ ဖိအားအကြားတွင် အစိုးရနှင့် တပ်မတော်ကို မည်သို့တင်သွင်းကြမည်နည်းဆိုသည့်အချက်ကလည်း ပြည်သူများအကြားတွင် စိတ်ဝင်စားစရာ ဖြစ်ခဲ့သည်။**

# ခြောက်ကပ်စပြုလာတဲ့ ရန်ကုန်မြို့ညဈေးတန်း

သက်ရှိုင်းသူ




ဓာတ်ပုံ-အောင်နိုင်

လွန်ခဲ့သော ၉လ ခန့် ရန်ကုန်မြို့တွင် ဈေးသည်များ၊ စားသုံးသူများဖြင့် စည်ကားခဲ့သော ညဈေးတန်းမှာ ယခုအခါ လူကျိုးတိုးကျဲတဲဖြင့် တိတ်ဆိတ်ခြောက်ကပ်လျက်ရှိနေပေသည်။

ည ၈ နာရီ သာသာ ရှိသော်လည်း အချို့ဆိုင်များတွင်စားသောက်မည့်သူမရှိ။ အချို့ကလည်း ဆိုင်သိမ်းသွားကြပြီ။

ညဈေးတန်း စတင်ဖွင့်လှစ်စဉ်က ကမ်းနားလမ်း (သခင်မြပန်းခြံအနီးမှ ပန်းဆိုးတန်း ကမ်းနားအထိ) ဈေးဆိုင်ခန်းပေါင်း ၁၆၀၀ ကျော်ကို နေရာချပေးခဲ့ပြီး စဖွင့်စဉ်က အလွန်စည်ကားလှသည့် ညဈေးတန်းဖြစ်ခဲ့သော်လည်း ယခုအခါ ဖွင့်လှစ်နေသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်သာ ကျန်ရှိတော့သည်။

ရန်ကုန်မြို့တော်၏ပထမဆုံး ညဈေးတန်းကို ကမ်းနားလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းတို့တွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် စတင်ဖွင့်လှစ်ခဲ့ပြီး ညနေ ၃ နာရီမှ ည ၁၁ နာရီထိ ဈေးရောင်းချခွင့်ပေးထားသည်။

အဆိုပါညဈေးတန်းတွင် မြို့တွင်း လေးမြို့နယ်မှ အစားအသောက်နှင့် သစ်သီးရောင်းချသည့် လမ်းဘေးဈေးသည်များကို အဓိက ပြောင်းရွှေ့နေရာချထားပေးခဲ့ခြင်းဖြစ်သည်။

ညဈေးတန်းတွင် ဈေးရောင်းချမည့် ဈေးသည်များအတွက် ရေပေးဝေရေးစနစ်များ၊ လမ်းမီးတိုင်နှင့် အများ ပြည်သူသုံး သန့်စင်ခန်းများ၊ အမှိုက်သိမ်းစနစ်တို့ကိုလည်း ရန်ကုန်တိုင်းအစိုးရအဖွဲ့မှ စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

သို့သော်လည်း ညဈေးတန်းမှာ ထင်သလောက် အောင်မြင်မှုမရရှိခဲ့ပေ။

ညဈေးတန်းစတင်ဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ယခုနှစ်ဆန်းပိုင်းထိ ဈေးရောင်းချသည့် လမ်းဘေးဈေးသည်များအနေနှင့် ဈေးရောင်းကောင်းလျက်ရှိပြီး ယခုအခါ ညဈေးတန်းသို့ လာရောက်သူနည်းပါးသောကြောင့် ဈေးရောင်းချရမှုထက်ဝက်ကျော်ခန့်ကျဆင်းနေကြောင်း ညဈေးတန်းလမ်းဘေးဈေးသည်များထံမှ စုံစမ်းသိရှိရသည်။

“ဈေးရောင်းတာက စဖွင့်တုန်းကလို မကောင်းတော့ဘူး။ အရင်က တစ်နေ့ကို သုံးလေးသောင်းလောက် ရောင်းရရင် အခုရက်ပိုင်း တစ်ရက်ကို ငါးထောင်ရဖို့တောင် မနည်းရောင်းနေရတယ်။ ဆိုင်ခန်းထက်ဝက်ကျော်လောက်က မဖွင့်တော့တာတွေလည်းရှိပါတယ်” ဟု ညဈေးတန်းတွင် အအေးနှင့် အသုပ်များ ရောင်းချသူ ဒေါ်အေးအေးက လက်ရှိဈေးရောင်းချရမှုအခြေအနေကို ရှင်းပြသည်။

YBS ယာဉ်လိုင်းများပြေးဆွဲသည့် နောက်ပိုင်းမှ စတင်ကာ ခရီးသွားပြည်သူများ ယာဉ်လိုင်းအခက်အခဲများကြောင့် ညဈေးတန်းသို့ လာရောက်သူနည်းပါးလျက်ရှိပြီး မိုးတွင်းကာလတွင် ညဈေးတန်းဘက်ရှိ ကမ်းနားလမ်းဘက်ခြမ်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုကြောင့် လာရောက်စားသုံးသူမရှိသလောက် နည်းပါးလာကြောင်း ညဈေးတန်းတွင် ဈေးရောင်းချသည့် လမ်းဘေးဈေးသည်များက ပြောကြားသည်။

“ဆိုင်ခန်းတွေက နေရာကျဉ်းတော့ ရောင်းချရတာ အဆင်မပြေဘူး။ အဆင်မပြေတဲ့ကြားထဲ ညဈေးတန်းကို လာစားတဲ့သူက မလာကြတော့ ရောင်းအား လုံးဝမကောင်းဘူး။ ခုအိတ်ထဲက စိုက်နေရတယ်။ ရောင်းမကောင်းလို့ ညဘက်ဆို အရင်ရောင်းခဲ့တဲ့ နေရာနားလေးမှာ ပြန်ရောင်းနေတယ်” ဟု လသာမြို့နယ်တွင် ဈေးရောင်းချနေသည့် ဦးကျော်နိုင်က ဆိုသည်။

မြို့တွင်း လေးမြို့နယ်တွင် ညဈေးတန်း မဖွင့်လှစ်ခင်က အဓိကလမ်းမကြီး ၁၁ လမ်းတွင် ဖွင့်လှစ်ထားသော ဈေးဆိုင်ပေါင်း ၆၀၀၀ ခန့်အနက် ညဈေးတန်းသို့ လမ်းဘေးဈေးသည် ၁၆၀၀ ကျော်နေရာချခဲ့ပြီး ကျန်ရှိသည့် ဈေးသည် ၄၀၀၀ ကျော်ကို ရန်ကုန်မြို့တွင်း လေးမြို့နယ်ရှိ နံပါတ်တပ်လမ်းများနှင့် အခြားရောင်းချ၍ရသည့် လမ်းသွယ်များထဲအတွင်း ဝင်ရောက်ရောင်းချခွင့် ပြုထားခဲ့သည်။

ယခုလက်ရှိ ညဈေးတန်းတွင် ကမ်းနားလမ်း (ပန်းဆိုးတန်းမှ ကုန်ဈေးတန်းအထိ) ဖွင့်လှစ်ထားသည့် ဈေးသည်များမှာ ဖွင့်လှစ်ရောင်းချခြင်း မရှိတော့ဘဲ ဆိုင်ခန်းနေရာလွတ်များစွာရှိနေခဲ့ပြီး ကမ်းနားလမ်း (လသာမှ လမ်းမတော်အထိ) သာ ရှမ်းအစားအစာနှင့် သစ်သီးရောင်းချသည့်ဈေးသည်များသာ ဆက်လက်ရောင်းချလျက် ရှိသည်။

ညဈေးတန်းတွင် ရောင်းချခြင်း မပြုတော့သည့်ဈေးသည်အများစုမှာ မြို့တွင်း လေးမြို့နယ်ရှိနံပါတ်တပ်လမ်းများနှင့် ယခင်က ရောင်းချခဲ့သည့်အဓိကလမ်းမကြီးနေရာများတွင် ပြန်လည်ရောင်းချမှုများ ရှိလာကြောင်း မြို့တွင်း မြို့နယ်တွင် နေထိုင်သည့် ပြည်သူများထံမှ သိရသည်။

“အခု ညဈေးတန်းက ကမ်းနားလမ်း၊ လသာနဲ့ လမ်းမတော်ကြားလေးပဲ ရှမ်းအစားအစာ၊ တရုတ်

စာမျက်နှာ 25 သို့

> “အခု ညဈေးတန်းက ကမ်းနားလမ်း၊ လသာနဲ့ လမ်းမတော်ကြားလေးပဲ ရှမ်းအစားအစာ၊ တရုတ် အစားအစာ၊ အကင်ရောင်းတဲ့ ဆိုင်တွေလောက်ပဲ ရှိတော့တယ်။ ကျန်တဲ့ဆိုင်တွေက လသာနဲ့ လမ်းမတော်ကြားက လမ်းကြားထဲလာဖွင့်တယ်။ ပြီးတော့ စည်ပင်က ရှင်းတဲ့အခါ မဖွင့်ဘူး။ စည်ပင်ပြန်တာနဲ့ ညပိုင်းကျရင် လသာကနေ လမ်းမတော်အထိ လမ်းမကြီးတွေမှာ ပြန်လည်ရောင်းချတာတွေရှိလာတယ်”

# စလစ်အစားထိုးရောင်းချခွင့် ကားအစီးရေရောင်းရန် ရာချီကျန်

ရန်ကုန်၊ ဩဂုတ် ၂၀

စလစ်ကပ်၍ မော်တော်ယာဉ်ရောင်းချခွင့်အစား အစိုးရသို့ ကျပ်သိန်း ၃၀ နှင့် ၆၀ ပေးသွင်း၍ ရောင်းချခွင့်ပြုထားသည့် မော်တော်ယာဉ်အစီးရေသည် ရာနှင့်ချီ၍ ကျန်ရှိနေသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါမော်တော်ယာဉ်စာရင်းကို စီးပွား/ ကူးသန်းဝန်ကြီးဌာနက လိုက်လံစာရင်းကောက်လျက်ရှိကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"အတိအကျကတော့မသိသေးဘူး။ အစီးရေက အဲဒီလောက်အထိ ကျန်ဦးမယ်။ သူတို့ကို ရောင်းချခွင့် ပေးထားတဲ့ ကာလအထိ ခွင့်ပြုမှာပါ" ဟု စီးပွား/ ကူးသန်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

မော်တော်ယာဉ် အရောင်းပြခန်းများက အပ်ကုန် စနစ် (Consignment) ဖြင့်တင်သွင်းထားသော ၂၀၀၀ မော်ဒယ်လ်အောက် ရောင်းမထွက်သေးသည့် မော်တော်ယာဉ်များကို စလစ်အစား ကျပ်သိန်း ၃၀ ဖြင့် လည်းကောင်း၊ ၂၀၀၁ မှ ၂၀၀၅ ခုနှစ်မော်ဒယ်လ်အထိ ရောင်းမထွက်သေးသည့် မော်တော်ယာဉ်များကို စလစ်အစားကျပ်သိန်း ၆၀ ဖြင့်လည်းကောင်း ရောင်းချခွင့်ကို ကနဦး ဇန်နဝါရီလမှ ဇွန်လအထိ သတ်မှတ်ပေးခဲ့ရာမှ ဇွန်လမှအောက်တိုဘာလအထိ ကာလထပ် တိုး၍ ရောင်းချခွင့်ပေးထားသည်။ ■ S-04

## YBS နှင့် ကတ်စနစ်

ခိုင်ချယ်ရီထွန်း

# "နောက်နှစ် ဇန်နဝါရီလမှာ အကောင်အထည်ဖော်ဖို့ ရည်မှန်းထားတယ်"

**ဒေါက်တာမောင်အောင်(ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး)**



ဓာတ်ပုံ – ဟိန်းမြတ်စိုး

ငွေပေးချေကတ်စနစ်ကို ဒီနှစ်ထဲမှာ အဆင့်ဆင့် လုပ်ငန်းစဉ်တွေကို ပြီးအောင်လုပ်မယ်။ တင်ဒါလျှောက်လွှာကို ဩဂုတ်လ ၂၅ ရက်မှာ စလက်ခံပြီ။ စက်တင်ဘာလထဲ အပြီးတင်ရမယ်။ ဒီဇင်ဘာလမှာ တင်ဒါပြိုင်တဲ့ ကုမ္ပဏီတွေကို ရွေးချယ်မယ်။ နောက်နှစ် ဇန်နဝါရီလမှာ အကောင်အထည်ဖော်ဖို့ ရည်မှန်းထားတယ်။ YBS ယာဉ်လိုင်းတွေ တစ်ပြေးညီဖြစ်အောင် ကတ်တစ်မျိုးတည်း အသုံးပြုမယ်။ ယာဉ်စီးခ ပေးချေတဲ့ နေရာမှာ ဒါက ခရီးသည်တွေအတွက် အဆင်အပြေဆုံး ဖြစ်မယ် ထင်တယ်။ ကတ်စနစ်နဲ့ဆို အခုလိုအကြွေမရှိတဲ့ပြဿနာ ကင်းနိုင်မယ်။ ■

# "ကတ်စနစ်အတွက် ပညာပေးကာလအနေနဲ့ ယာဉ်ပေါ်မှာ ဝန်ထမ်းတစ်ယောက် လိုက်ပါပြီး ဆောင်ရွက်ပေးသင့်ပါတယ်"

**ဦးရဲထက်ဇော် (ခရီးသည်)**



Ye Htet Zaw (FB)

ကတ်စနစ်ပြောင်းလိုက်ရင် နည်းပညာနဲ့ အကျွမ်းတဝင်မရှိတဲ့ အခြေခံလက်လုပ်လက်စားတွေအနေနဲ့ အခက်အခဲတွေမှာပါ။ ကတ်စနစ်အတွက် ပညာပေးကာလအနေနဲ့ ယာဉ်ပေါ်မှာ ဝန်ထမ်းတစ်ယောက် လိုက်ပါပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ အသားကျ ပြီဆိုတော့မှ ဖြုတ်ပေါ့။ အခုက ငွေအကြွေပြဿနာက ကြာရင်အတော်လေး ပြဿနာတက်လာနိုင်တာမို့ ကတ်စနစ်ကို ပြောင်းစေချင်ပါတယ်။ အခုက အကြွေပါမသွားရင် ကိုယ့်ဘာသာစောင့်လဲနေရတာတွေက ကတ်စနစ်နဲ့ဆို အဆင်ပြေသွားမှာပါ။ ဒါပေမဲ့ အချိန်တစ်ခုတော့ ယူရဦးမယ် ထင်ပါတယ်။ ■

# "အပြင်တစ်ခါသွားဖို့အိမ်မှာ အကြွေလိုက်တောင်းနေရတယ်"

**မဇင်ဇင်လေး (ခရီးသည်)**



Zin Zin Lay(FB)

အခုကတော့ အကြွေမပါတဲ့သူဆို သိပ်အဆင်မပြေဘူး။ အပြင်တစ်ခါသွားဖို့ကို အကြွေလိုက်လဲ နေရသလိုပဲ။ ကတ်စနစ်ဆိုတော့ အကြွေပြဿနာ မပူရတော့ဘူး။ ညီမတို့အကြွေလိုက်လဲရမယ့်ပြဿနာ ရှင်းသွားမယ်။ တစ်ခါတလေ ကားခလေးများ အကြွေမပါလို့လိုက်စုမိရင် ငါးယောက်စုမိရင် မဆိုးပါဘူး။ တချို့ဆို ကိုယ်တစ်ယောက်တည်းဖြစ်တဲ့အခါ ကားပေါ်က တချို့လူတွေက ကားခမပေးဘဲ စီးသွားတော့မယ် ထင်နေတယ်။ ညီမဆို အပြင်တစ်ခါသွားဖို့ အိမ်မှာ အကြွေလိုက်တောင်းနေရတယ်။ ညီမကတော့ ကတ်စနစ်ကို ကြိုက်တယ်။ အရင် iPay တုန်းက စပယ်ယာပါတယ်ဆိုတဲ့အသိက လူတိုင်းမှာဝင်နေတော့ အတန်ကြီးပါလည်း အမ်းတယ်ဆိုပြီး စိတ်ထဲဝင်နေတာမို့ပါ။ အခု YBS စနစ်မှာဆို ကတ်စနစ်က အဆင်ပြေမှာပါ။ ■

## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price – Kyats(Lakh) |
|---|---|---|---|
| 1 | Honda Fit | 2011-12 | 180 |
| 2 | Probox | 2011-12 | 130 to 160 |
| 3 | Mazda Demio | 2010-11 | 160 |
| 4 | Alphard | 2006 | 650 |
| 5 | Crown Athlete | 2004 | 450-500 |
| 6 | Toyota Ractic | 2010-11 | 170 |
| 7 | Suzuki Swift | 2010-11 | Over 150 |
| 8 | Hijet | 2006-11 | 100-130 |
| 9 | Royal Saloon | 2004-05 | 450 - 500 |
| 10 | Toyota Wish | 2003-04 | Over 250 |
| 11 | Mark 2(ရွှေငါး) | 2003 | 240 to 250 |
| 12 | Toyota Vitz | 2011-12 | 160 |
| 13 | Kluger | 2003-04 | Over 330 |
| 14 | Tiger(Double Cab) | 2003 | 270 |
| 15 | Isuzu(Extra Cab) | 2004 | 160 |

**မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## Jokes

### လေကလည်း ကူတယ်လေ

မော်တော်ကားတစ်စီးကို ယာဉ်ထိန်းရဲက လှမ်းတားလိုက်သည်။

**ယာဉ်ထိန်းရဲ။** ။မိတ်ဆွေ ကားမောင်းတာ သတ်မှတ်မိုင်နှုန်းထက်ပိုနေပါတယ်ဗျာ။

**ယာဉ်ထိန်း။** ။မြန်မှာပေါ့ ယာဉ်ထိန်းရဲကြီးရယ်။ လေကလည်း ကူတိုက်ပေးနေတာကိုးဗျ။

### တည့်တည့်လျှောက်နိုင်ဖို့ မလွယ်တော့ဘူး

အရက်အလွန်အကျွံမူးနေသူတစ်ယောက် ဒယိမ်းဒယိုင်ဖြင့် လမ်းလျှောက်လာသည်။ လမ်းတွင်တွေ့သော ရဲသားကို လျှာလေး အာလေးသံဖြင့် ၎င်းက မေးလိုက်သည်။

**အရက်မူးလာသူ။** ။ကားဂိတ်ကို ဘယ်လိုသွားရလဲဗျ။

**ရဲသား။** ။တည့်တည့်သာသွား။

**အရက်မူးလာသူ။** ။ဒီညတော့ မရောက်နိုင်လောက်တော့ဘူးနဲ့ တူပါရဲ့။

### ထင်မှတ်မှားသွားလို့ပါ

တရားရုံးတွင် အမှုစွဲဆိုခံထားရသော ကားမောင်းသမားတစ်ဦးကို တရားသူကြီးက စစ်မေးသည်။

**တရားသူကြီး။** ။ယာဉ်ထိန်းရဲက ခင်ဗျားကို တရားစွဲထားတယ်။ ခင်ဗျားကနေပြီး သူ့ကို ပြက်ရယ်ပြုတယ်တဲ့။ ဟုတ်ပါသလား။

**ကားမောင်းသူ။** ။သူ့ကို ပြက်ရယ်ပြုချင်တဲ့ ရည်ရွယ်ချက်မျိုး ကျွန်တော့်ဆီမှာ မရှိခဲ့ပါဘူး တရားသူကြီးရယ်။ သူက ကျွန်တော့်ကားကိုတားပြီး စစ်ဆေးချိန်မှာ အိမ်က ကျွန်တော့်မိန်းမလိုပဲ ဩဝါဒတွေ တရစပ်ခြွေတယ်လေ။ အဲ့ဒါနဲ့ ကျွန်တော်လည်း အမှတ်မထင် သတိလက်လွတ်ဖြစ်သွားပြီး "မင်းပြောတာ မှန်ပါတယ် အချစ်ရယ်" လို့ ပါးစပ်ကနေ လွှတ်ကနဲ ထွက်သွားမိတာပါ။ အဲ ဒါပါပဲ။ ■ E-11

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# အော်တိုမက်တစ် ဘရိတ်စနစ်ဆိုတာ ဘာလဲ

ကိုသက်လင်းဦး

**ဒီနေ့ခေတ်ကားတွေနဲ့ ခေတ်ဟောင်းကားတွေ ဘယ်လိုကွာခြားမှုများ ရှိသွားပါသလဲ။ အင်ဂျင်နည်းပညာတွေ ကွာခြားသွားတယ်၊ ဆီစားနှုန်းတွေ သက် သာလာတယ်၊ ကားသစ်တွေက ကားဟောင်းတွေထက် ထိန်းသိမ်းရတဲ့စရိတ် ပိုနည်းလာပါတယ်။ ဒါ့အပြင် ဒီနေ့ခေတ်ကားတွေမှာ ယာဉ်မတော်တဆမှုကို ကာကွယ်ဖို့ Adaptive Cruise Control၊ Collision Avoidance System၊ Automatic Brake System စတဲ့ နည်းပညာမြင့်စနစ်တွေ ပါဝင်လာတယ်။ ဒီစနစ်တွေထဲက Automatic Brake System (အလိုအလျောက်ဘရိတ်စနစ်) က ဘယ်လို အလုပ်လုပ်သလဲဆိုတာ စာဖတ်ပရိသတ်ကြီးအတွက် တင်ပြပေးလိုက်ပါရစေ။**



wordpress

## အော်တိုမက်တစ် ဘရိတ်ပညာ

အော်တိုမက်တစ် ဘရိတ်နည်းပညာဆိုတာ အာရုံခံ အီလက်ထရွန်နစ်ကိရိယာတွေနဲ့ ပုံမှန်ဘရိတ်စနစ်တို့ကို ပေါင်းစပ်ထားတာဖြစ်ပြီး အရှိန်များများနဲ့ ယာဉ်မတော်တဆမှုတွေကို ကာကွယ်နိုင်စေဖို့ ဒီဇိုင်းချဖန်တီးထားတဲ့ နည်းပညာတစ်ခုဖြစ်ပါတယ်။

■ အော်တိုဘရိတ်စနစ်အများစုဟာ ယာဉ်ကို တစ်စုံတစ်ခုနဲ့ ဝင်မတိုက်ခင် အရှိန်လျှော့ပေးတာမျိုးပဲ လုပ်ပေးနိုင်ပေမယ့် ယာဉ် (ကိုယ့်ဘက်ကနေ) လုံးဝဝင်မတိုက်အောင် ကာကွယ်ပေးနိုင်တဲ့ စနစ်တွေလည်း ရှိတယ်။

■ နောက်ထပ်ရှုထောင့်တစ်ခုက ပြောရရင် တချို့စနစ်တွေက တစ်စုံတစ်ခုနဲ့ တိုက်မိနိုင်ခြေရှိချိန်မှာ ကားမောင်းသူကို အချက်ပြပေးခြင်းနဲ့ အလုပ်လုပ်ပါတယ်။

■ တချို့စနစ်တွေမှာတော့ မောင်းသူက ဘာမှလုပ်စရာမလိုဘဲ အလိုအလျောက် ဘရိတ်အုပ် အရှိန်လျှော့ပေးတယ်။

## ကားကုမ္ပဏီတွေ အော်တိုမတ်တစ် ဘရိတ်စနစ်တွေ

■ ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတိုင်းလိုလိုမှာ ကိုယ်ပိုင်အော်တိုဘရိတ်စနစ်တွေရှိပြီး ဒီစနစ်အားလုံးက အာရုံခံကိရိယာတွေအပေါ် မှီခိုအလုပ်လုပ်ကြတယ်။

■ တချို့ကုမ္ပဏီတွေက လေဆာစနစ်၊ တချို့ကုမ္ပဏီတွေ ရေဒါစနစ် (ဆိုနာစနစ်)ကိုသုံးပြီး ဗီဒီယိုကင်မရာသုံးတဲ့စနစ်မျိုးတွေတောင် ရှိတယ်။

■ လေဆာ၊ ရေဒါ၊ ဗီဒီယို ဘယ်လိုစနစ်ဖြစ်ဖြစ် အာရုံခံကိရိယာကရလာတဲ့ အချက်အလက်တွေကို သုံးပြီးမောင်းတဲ့ ဦးတည်ရာမှာ အတားအဆီးတစ်ခုခု ရှိမရှိကို ဒီဘရိတ်စနစ်က ထောက်လှမ်းပါတယ်။

■ အရှေ့မှာရှိတဲ့ အရာဝတ္ထုဟာ ရွေ့လျားနေတဲ့အရာဆိုရင်(ကားတစ်စီး ဖြစ်မယ်ဆိုရင်) အဲဒီအရာဝတ္ထု ရွေ့လျားနေတဲ့အမြန်နှုန်းကို ထပ်မံရှာဖွေဆုံးဖြတ်တယ်။

■ ကားက အရှေ့မှာရှိတဲ့ အရာဝတ္ထုဆီကို ရုတ်ခြည်းချဉ်းကပ်သွားတယ်ဆိုရင် ယာဉ်တိုက်မှုဖြစ်နိုင်ခြေရှိလာပြီး အော်တိုဘရိတ်စနစ်က အချက်ပြတာ၊ အလိုအလျောက်ဘရိတ်အုပ်တာတွေလုပ်ပေးတယ်။

■ ၂၀၀၇ ခုနှစ်မှာ BMW က ကားကို လုံးဝရပ်သွားတဲ့အထိ အလိုအလျောက်ဘရိတ်အုပ်ပေးနိုင်တဲ့ Adaptive Cruise Control စနစ်ကို စတင်မိတ်ဆက်ပေးခဲ့ပါတယ်။

■ ဒီနေ့ခေတ်မှာတော့ အော်တိုမက်တစ် ဘရိတ်စနစ်ပါဝင်တဲ့ ကားတွေအများကြီးရှိနေပါပြီ။

■ မကြာသေးခင်နှစ်တွေအထိ အော်တိုဘရိတ်လို နည်းပညာမြင့် လုပ်ဆောင်ချက်တွေက ဈေးကြီးတဲ့ မော်ဒယ်လ်အမြင့်ပိုင်းတွေမှာသာ ပါဝင်တယ်ဆိုပေမယ့် နောက်ပိုင်းထွက် မော်ဒယ်လ်နိမ့်ကားတွေမှာလည်း စံတစ်ခုလို ပါဝင်လာပြီဖြစ်ပါတယ်။

## ထူးခြားချက်

ထူးခြားချက်အနေနဲ့ တချို့အော်တိုဘရိတ်စနစ်တွေမှာ အာရုံခံကိရိယာက ရလာတဲ့ အချက်အလက်ကို အသုံးပြုတဲ့အပြင် GPS (ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုလမ်းပြစနစ်)က အချက်အလက်တွေကိုလည်း အသုံးပြုပါတယ်။

■ GPS စနစ်တွေရဲ့ အလုပ်လုပ်နိုင်စွမ်းက အရမ်းတိကျမှုမရှိသေးပေမယ့် သွားနေတဲ့လမ်းခရီးမှာ အရှိန်လျှော့ဖို့လိုတဲ့၊ ရပ်ဖို့လိုတဲ့ ဇုန်တွေနား ချဉ်းကပ်လာရင် ကြိုတင်သတိပေးနိုင်တဲ့ အားသာချက်တွေ ရလာတယ်။

■ ကားတွေမှာ ယာဉ်အန္တရာယ် ကင်းရှင်းဖို့အတွက် ထည့်သွင်းပေးထားတဲ့ Adaptive Cruise Control၊ Collision Avoidance System စတဲ့ စနစ်တွေက အော်တိုဘရိတ်စနစ်နဲ့ တွဲဖက်အလုပ်လုပ်ပါတယ်။

## မေးခွန်း

■ ဒါဆိုရင် အော်တိုဘရိတ်စနစ်ဟာ ကားမောင်းသူတိုင်းအတွက် (သို့) ကားတိုင်းအတွက် လိုအပ်ချက်ရှိပါသလားလို့ မေးစရာရှိပါတယ်။

■ ဒီစနစ်တွေဟာ ယာဉ်မတော်တဆဖြစ်မှုကို ကာကွယ်ပေးဖို့နဲ့ ယာဉ်တိုက်မှုဖြစ်တဲ့အခါ ထိခိုက်မှုနည်းပါးစေဖို့ ဒီဇိုင်းချထားတာပဲ ဖြစ်ပါတယ်။

■ ရုတ်တရက် အာရုံလွင့်ပျံ့မှုကြောင့် မတော်တဆမဖြစ်စေဖို့၊ ကားမောင်းနေတဲ့အချိန်မှာ အိပ်ငိုက်သွားတာကြောင့် ယာဉ်တိုက်မှုမဖြစ်စေဖို့ စတဲ့ကိစ္စတွေကို ကာကွယ်ပေးနိုင်တာကြောင့် ကားတစ်စီးမှာရှိသင့်တဲ့ လုပ်ဆောင်ချက်ကောင်းတစ်ခုလို့ ဆိုနိုင်တယ်။

■ ဒါပေမဲ့ စာဖတ်သူအနေနဲ့ ကားကို ဂရုတစိုက်မောင်းရင်တော့ ဆိုခဲ့တဲ့ အန္တရာယ်တွေကို ကာကွယ်ပြီးသား ဖြစ်နေပါလိမ့်မယ်။

■ **ကိုသက်လင်းဦး**

## ဖုန်စုပ်စက် (Cyclonic Power)

ကိုယ့်ရဲ့ကားကို သန့်ရှင်းတောက်ပြောင်နေတာကို ကြိုက်တတ်တဲ့သူတွေအတွက် ဒီပစ္စည်းလေးက အသုံးဝင်စေမှာပါ။ ဒီပစ္စည်းလေးက ကားအတွင်းခန်းတွေအပြင် အင်ဂျင်ခန်းအတွင်းထဲမှာရှိတဲ့ ဖုန်တွေအထိကို စုပ်ယူသန့်ရှင်းပေးနိုင်တဲ့ ကားဖုန်စုပ်စက်လေးဖြစ်ပါတယ်။ နေရာအလိုက်အသုံးပြုနိုင်ဖို့အတွက် အရှည်၊ အပြားနဲ့ အလုံးဆိုပြီးတော့ ခေါင်းလေးတွေ အမျိုးမျိုးလည်း ပါဝင်ပါတယ်။ ဒီပစ္စည်းလေးကို သုံးမယ်ဆိုရင် ကားရဲ့ Lighter ပေါက်ကနေ ပလပ်ထိုးပြီး အသုံးပြုရမှာဖြစ်ပြီးတော့ ဘက်ထရီအား ၁၂ ဗို့နဲ့ အသုံးပြုရတာ ဖြစ်ပါတယ်။ အမျိုးအစားမှာ အသေးနဲ့ အကြီးဆိုပြီး နှစ်ခုရှိပြီးတော့ အသေးဆိုရင် ကျပ် ၂၀,၀၀၀ နဲ့ အကြီးဆိုရင်တော့ ၃၀,၀၀၀ ကျပ်ဖြစ်ပါတယ်။ ဒီပစ္စည်းလေးကို ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင်တော့ ရွှေပြည်သာမြို့နယ်၊ အမှတ် ၂၉/၄၀၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်မှာရှိတဲ့ ခန့်ချောကားအလှဆင်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးဆိုင်သို့ဖြစ်စေ၊ ဖုန်းနံပါတ်-၀၉ ၇၃၃ ၁၁၁၃၃၊ ၀၉ ၅၁၄ ၁၁၆၂ သို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

■ **S-04**



ဓာတ်ပုံ – ဟိန်းမြတ်စိုး

## Ecopia 300

ဒီ EP 300 တာယာလေးက ဂျပန်နိုင်ငံထုတ် Bridgestone တာယာကုမ္ပဏီက နောက်ဆုံးထုတ်လုပ်လိုက်တဲ့ တာယာအမျိုးအစားလေး ဖြစ်ပြီးတော့ ဒီတာယာလေးက ကိုယ့်ရဲ့ယာဉ်ကို လုံခြုံစိတ်ချမှုပေးနိုင်ရုံအပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့နဲ့ ကားရဲ့လိမ့်အား ပိုကောင်းစေတာကြောင့် ဆီစားနှုန်းသက်သာစေဖို့လည်း အထောက်အပံ့ပေးနိုင်ပါတယ်။ ဒီတာယာအမျိုးအစားက မြန်မာနိုင်ငံရဲ့ မိုးတွင်းဘက်မှာ စိုစွတ်နေတဲ့လမ်းတွေနဲ့ သင့်လျော်စေမယ့် တာယာအမျိုးအစားလေးလည်းဖြစ်ပါတယ်။ တာယာပန်းတွေကိုလည်း အုန်းလက်ပုံ ပန်းအနက်နဲ့ ကျယ်ပြန့်တဲ့ ပန်းသားပုံသဏ္ဍာန် ထုတ်လုပ်ပေးထားတာကြောင့် တာယာသက်တမ်းကုန်တဲ့အထိ အသုံးပြုနိုင်မှာဖြစ်ပြီးတော့ မကြာခဏတာယာလဲရတာနဲ့ ကုန်ကျစရိတ်ကိုလည်း လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီတာလေးကိုတော့ Hatchback ၊ Saloon/Sedan နဲ့ SUV ကားအမျိုးအစားတွေမှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီတာယာလေးကိုတော့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ 


ဓာတ်ပုံ – ဟိန်းမြတ်စိုး

ပြည် အပါအဝင် မြန်မာနိုင်ငံရဲ့မြို့ကြီးတော်တော်များများမှာရှိတဲ့ တာယာဆိုင်တွေမှာ ဝယ်ယူလို့ရနိုင်ပါတယ်။

■ **S-04**

## Celebrities' Choice

# “ကားကမရှိမဖြစ် တကယ့်ကို ခြေထောက်တပ်ထားသလိုပါပဲ”

## မော်ဒယ်လ် ခိုင်သဉ္ဇာထွန်းနှင့် တွေ့ဆုံခြင်း

ခိုင်ချယ်ရီထွန်း

**ဒီတစ်ပတ်ရဲ့ Celebrities' Choice ကဏ္ဍအတွက်တော့ ပြည်ပ Miss ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ထားဖူးပြီး လတ်တလော မော်ဒယ်လ်အလုပ် တွေ လုပ်ကိုင်နေတဲ့ ခိုင်သဉ္ဇာထွန်းနဲ့တွေ့ဆုံပြီး သုစီးနေတဲ့ ကားအကြောင်းလေးနဲ့ ကားနဲ့ပတ်သက်တဲ့ အသုံးဝင်ပုံအကြောင်းလေးတွေကို စုစည်းဖော်ပြလိုက်ပါတယ်။**


ဓာတ်ပုံ – ချယ်ရီ

**Voice ႏ လက်ရှိစီးနေတဲ့ ကားအမျိုးအစားလေး ပြောပြပေးပါ။**

**KTZT ႏ** ခိုင်လက်ရှိ Mark 2 ရွှေငါး စီးနေပါတယ်။

**Voice ႏ ကားကို ကိုယ်တိုင်ပဲမောင်းတာလား။**

**KTZT ႏ** ခိုင်ကိုယ်တိုင်ပဲ မောင်းတာပါ။

**Voice ႏ ကိုယ်တိုင်မောင်းနေတာဆိုတော့ မြို့ထဲလမ်းတွေမှာ ကားမောင်းရတာ ဘယ်လိုခံစားရလဲ။**

**KTZT ႏ** ကားမောင်းရတာ ဘယ်လိုခံစားရလဲဆို ကားအရမ်းကျပ်လို့ အချိန်လည်း အရမ်းကုန်တယ်။ မနက်မနက်ဆို ရုံးချိန်လိုမျိုးနဲ့ ညနေ ၆ နာရီလောက် အချိန်တွေဆို အရမ်းကျပ်တယ်။ မနက်ဆို လှည်းတန်း စင်တာလောက်ကို ရောက်ဖို့ဆို ခိုင့်အိမ်က သဃ်န်းကျွန်း ကနေ ဒီကို တစ်နာရီကျော်ကျော် ကြာတယ်။ ညနေ ဆိုလည်း အဲဒီလိုပဲ ခိုင်အလုပ်ကပြန်ရင် တစ်နာရီခွဲ လောက်ကြာတယ်။

**Voice ႏ ဒီလိုကားတွေကျပ်နေတာ ဘာကြောင့်လို့ မြင်လဲ။**

**KTZT ႏ** ခိုင်ထင်တာက နံပါတ်တစ်ကတော့ လမ်း က ရှိသလောက်ကို အသုံးချခွင့်မရဘူး။ မြို့ထဲဘက် ကားကျပ်တာဆိုရင် လမ်းဘေးဈေးသည်တွေကို နေရာ တစ်ခုပေးထားတယ်။ ပြီးတော့ စည်းကမ်းမရှိ ယာဉ် ရပ်နားမှုတွေက အဆိုးဆုံးလို့ ထင်တာပဲ။ နောက်တစ်ခု က ဘတ်စ်ကားတွေ၊ သူတို့မှတ်တိုင်တွေက မီးပွိုင့်လွှတ် လွှတ်ချင်းမှာ လုပ်ထားတာတွေရှိတယ်။ အဲဒါတွေက ဆိုးတယ်လို့ ထင်တာပဲ။

**Voice ႏ ရွှေငါးက ခိုင်ကိုယ်တိုင်လည်း လက်ရှိမှာ မောင်းနေတယ်ဆိုတော့ အားသာချက်က ဘာတွေရှိတယ်လို့မြင်လဲ။**

**KTZT ႏ** ရွှေငါးကတော့ ကားသမားတွေ အပြောအရ ဈေးကွက်ပေါ်က ကားပေါ့နော်။ ဈေးနှုန်းသင့်တင့်တယ်။ စီးရတာ တန်တယ်။

**Voice ႏ လက်ရှိမှာ မော်ဒယ်လ်လည်းလုပ်နေတယ်။ ပြင်ပလုပ်ငန်းခွင်မှာလည်း လုပ်နေတာဆိုတော့ ကားတစ်စီးရဲ့ အရေးပါမှုကရော ဘယ်လောက်လောက် အထိ အရေးပါတယ်လို့ မြင်လဲ။**

**KTZT ႏ** ခိုင်ထင်တာကတော့ ကိုယ်ပိုင်ကားတစ်စီး ရှိဖို့က တော်တော်လေးကို အရေးပါအရာရောက်တယ်လို့ မြင်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် အသုံးဝင်တယ်ပေ့ါ။ အခုဆို မိုးတွင်းဆိုတော့ ပိုဆိုးတယ်။ ခိုင့် အတွက်တော့ ကားက မရှိမဖြစ် တကယ့်ကိုခြေထောက် တပ်ထားသလိုပါပဲ။ ဖြစ်ဖူးတယ်။ တစ်ခေါက် ကား ပျက်တာ ပြင်ထားတဲ့အချိန် ခြေထောက်ပြတ်နေသလို ပဲ။ အလုပ်လည်း မတွင်ကျယ်တော့ဘူး။

**Voice ႏ ကားမောင်းရတာရော သဘောကျလား။**

**KTZT ႏ** အရင်တုန်းကတော့ ခိုင်ကားမောင်းရတာ အရမ်းကြိုက်တယ်။ အခုမောင်းရတာ ကြာလာတော့ မကြိုက်တော့ဘူး။ ဟိုးအရင်တုန်းကဆို ကားကို ကိုယ် တိုင်မောင်းရမှ။ အခုကျ သူများမောင်းတာ ထိုင်စီး ရတာ ပိုသဘောကျလာတယ်။ ■ **ခိုင်ချယ်ရီထွန်း**

## G U I D E

## BMW 5 Series

**Model 2017**

**အင်ဂျင်ပါဝါ - ၂၀၀၀ စီစီ**

**အာမခံ - သုံးနှစ် (သို့မဟုတ်) ကီလိုအကန့်အသတ်မရှိ**

**လောင်စာဆီအမျိုးအစား - ဓာတ်ဆီ**

**ဈေးနှုန်း - အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ကျော်**

ဂျာမနီနိုင်ငံကထုတ်တဲ့ ကမ္ဘာကျော် BMW ကားတွေကို ၁၉၅၀ ခုနှစ်ကနေ Luxury ကားတွေကို စထုတ်ခဲ့ပါတယ်။ 5 Series ကိုတော့ ၁၉၇၂ မှာ စထုတ်ခဲ့တာဖြစ်ပြီးတော့ အခုမိတ်ဆက်ပေးမယ့် ၂၀၁၇ မော်ဒယ်လ် ကားလေးကတော့ 5 Series ရဲ့ ခုနစ်ဆက်မြောက် နောက်ဆုံးထုတ်ကားလေးတစ်စီး ဖြစ်ပါတယ်။ BMW 5 Series ကားတွေရဲ့ပထမမျိုး ဆက်ကို E 12 အဖြစ်နဲ့ ၁၉၇၂ ကနေ ၁၉၈၁ ထိ၊ ဒုတိယ မျိုးဆက်ကို E 28 အဖြစ် ၁၉၈၁ ကနေ ၁၉၈၈ ထိ၊ တတိယ မျိုးဆက်ကိုတော့ E34 အဖြစ် ၁၉၈၈ မှ ၁၉၉၆ ထိ၊ စတုတ္ထမျိုးကို E 39 အဖြစ် ၁၉၉၆ မှ ၂၀၀၃ ထိ၊ ပဉ္စမ မျိုးဆက်ကို E 60 အဖြစ် ၂၀၀၄ မှ ၂၀၁၀ ထိ၊ ဆဋ္ဌမ မျိုးဆက်ကို F10/F11 အဖြစ် ၂၀၁၀ ကနေ ၂၀၁၆ အထိ နဲ့ သတ္တမမျိုးဆက်အဖြစ် G 30/31/32 အဖြစ် ၂၀၁၆ ကနေ လက်ရှိမော်ဒယ်လ်အထိ ထုတ်လုပ်ထားပါတယ်။

နောက်ဆုံးဖြစ်တဲ့အတွက် ခေတ်နဲ့အညီ လျင်မြန် သွက်လက်မှု၊ လုပကြော့ရှင်းမှု၊ ခံ့ညားထည်ဝါမှုတွေ နဲ့အတူ တီထွင်ဆန်းသစ်ထားတဲ့ နည်းပညာတွေနဲ့


ဓာတ်ပုံ – ဟိန်းမြတ်စိုး

ဖန်တီးတည်ဆောက်လာတာကို မြင်တွေ့ရမှာဖြစ်ပါ တယ်။ နောက်ဆုံးမော်ဒယ်လ်ရဲ့ထူးခြားချက်လို့ပြော ရမှာက ကိုယ်ထည်ကို ပေ့ါပါးတဲ့အလူမီနီယမ်နဲ့ ခံနိုင် ရည်မြင့်မားတဲ့ သံမဏိတွေကို ပေါင်းစပ်အသုံးပြုထား တာကြောင့် BMW 5 Series က အရင်ကားတွေ ထက် ကားကိုယ်ထည် အလေးချိန်ကို ၁၀၀ ကီလိုဂရမ် ထိ လျှော့ချထုတ်လုပ်လာတာဖြစ်ပါတယ်။ BMW က ကားသုံးစွဲသူတွေ ပိုအဆင်ပြေစေဖို့ သူ့ရဲ့နောက်ဆုံးပေါ် နည်းပညာဖြစ်တဲ့ Six Generation iDrive System ကို ဒီ Series ထဲမှာ ထည့်သွင်းအသုံးပြု ထားပြီး ကားအတွင်းမှာ တယ်လီဖုန်းဆက်သွယ်တာ တွေ၊ ဖျော်ဖြေမှုအစီအစဉ်တွေနဲ့ ကားရဲ့အခြေအနေ တွေကို ဖော်ပြရာမှာ ရုပ်ထွက်ကောင်းမွန်တဲ့ ၁၀ ဒသမ ၂၅ လက်မ အကျယ်ရှိတဲ့ Touch Screen ပေါ်မှာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ တချို့နောက်ဆုံးပေါ်ကား တွေမှာ Touch Screen တွေပါလေ့ရှိပေမယ့် ၈ လက်မအထိပဲ ထည့်သွင်းပေးထားတတ်ပါတယ်။

ဒီလုပ်ဆောင်မှုတွေကို iDrive စနစ်နဲ့ပဲဖြစ် ဖြစ်၊ Voice command လို့ခေါ်တဲ့ အသံနဲ့ပဲဖြစ်ဖြစ်၊ လက်ဟန်အမူအရာနဲ့ပဲဖြစ်ဖြစ်၊ Screen ကိုတိုက်ရိုက် ထိတွေ့အသုံးပြုခြင်းပဲဖြစ်ဖြစ် မောင်းသူစိတ်ကြိုက် အသုံးပြုနိုင်မယ့် နည်းပညာသစ်ကိုလည်း ထည့်သွင်း ပေးထားပါတယ်။ အတွင်းခန်းမှာဆိုရင်လည်း ကျယ် ဝန်းတဲ့ အတွင်းခန်း အပြင်အဆင်နဲ့အတူ လေသန့်စင်မှု စနစ်၊ ကားတစ်စီးလုံးရဲ့ လေအေးစနစ်ကို ထိန်းချုပ် နိုင်တဲ့စနစ်၊ ကားအတွင်းခန်းကို မွှေးပျံ့နေစေဖို့ အတွက် အရက်ပြန်ပါဝင်မှုမရှိတဲ့ မွှေးရနံ့ နှစ်မျိုး ရွေး ချယ်အသုံးပြုနိုင်မယ့် Ambient Air စနစ်တွေအပြင် ကားမောင်းသူနဲ့ လိုက်ပါစီးနင်းတဲ့ ထိုင်ခုံတွေမှာ Massage Function တွေ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် BMW ရဲ့ နောက်ဆုံးပေါ် နည်းပညာအရ ကားအတွင်းပိုင်းကို အပြင်က ဆူညံသံတွေ ဝင်ရောက် မှုကိုလည်း လျှော့ချပေးမှာဖြစ်ပါတယ်။ ပြီးတော့ အလင်း အားကို လိုသလိုထိန်းချုပ်နိုင်မယ့်အပြင် မီတာ ၅၀၀ ထိ အလင်းရစေမယ့် Adaptive LED Headlights လည်း ပါဝင်ပါတယ်။

ဒီကားလေးကို ဆက်သွယ်ဝယ်ယူချင်တယ် ဆိုရင်တော့ ရန်ကုန်မြို့ ပြည်လမ်းနှင့် နာနတ်တော လမ်းထောင့်မှာရှိတဲ့ BMW မော်တော်ယာဉ်တွေ ရောင်းတဲ့ Prestige Automobiles ကုမ္ပဏီသို့ပဲ ဖြစ်ဖြစ်၊ ဖုန်းနံပါတ် ၀၁- ၂၃၀ ၆၁၄၅ သို့ဖြစ်ဖြစ် ဆက် သွယ်ဝယ်ယူနိုင်ပါတယ်။

■ **S-04**

# ဝမ်းဗိုက်အတုဖြင့် သန္ဓေဆောင်ယူမှု ဒုတိယအကြိမ်အောင်မြင်

ဝါရှင်တန်၊ ဩဂုတ် ၂၀



မိခင်အစစ်၏ ဝမ်းဗိုက်အတွင်း မဟုတ်ဘဲ အတုပြုလုပ်ထားသည့် ပြင်ပဝမ်းဗိုက်အိတ်အတုအတွင်း သန္ဓေသားကို ကြီးထွားစေရန် မွေးမြူစောင့်ရှောက်နိုင်ခြင်းကို ကမ္ဘာ့သမိုင်းတွင် ဒုတိယအကြိမ်အဖြစ် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း USA Today သတင်းတွင်ဖော်ပြထားသည်။

အနာဂတ်တွင် အကြောင်းအမျိုးမျိုးကြောင့် မိခင်များ၏ ဝမ်းဗိုက်အတွင်း သန္ဓေမဆောင်ထားနိုင်သော အဖြစ်များ၊ အချိန်မတိုင်မီ သန္ဓေသားမွေးဖွားရခြင်းကြောင့် ပျက်စီးရမည့်အရေးများသည် မကြာမီ ပျောက်ကွယ် သွားတော့မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ယမန်နှစ်က မိခင်ဝမ်းဗိုက်ပြင်ပတွင် တိရစ္ဆာန်သန္ဓေသားတစ်ခုကို အောင်မြင်စွာ အိတ်ဖြင့် မွေးမြူနိုင်ခဲ့ကြောင်း ပညာရှင်များက လက်တွေ့ပြသနိုင်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ဩစတြေးလျနိုင်ငံမှ ပညာရှင်များက ဒုတိယ မြောက် မိခင်ဝမ်းဗိုက်ပြင်ပ သန္ဓေသား မွေးမြူခြင်းကို အောင်မြင်စွာ လုပ်ဆောင်ပြနိုင်ခဲ့ခြင်းဖြစ်သည်။

ယမန်နှစ်က သိုးသန္ဓေသားတစ်ခုကို အထူးပြုလုပ်ထားသည့် ပလတ်စတစ်အိတ်အတွင်း တစ်ပတ်အကြာ မွေးထားပြီး သန္ဓေသားတို့ ကြီးထွားဖွံ့ဖြိုးမှုကို လက်တွေ့လေ့လာကာ အကောင်ပေါက်လေးကို အောင်မြင်စွာ ထုတ်ဖော်ပြသနိုင်ခဲ့ကြသည်။

ဝမ်းဗိုက်အတုဖြင့် မွေးဖွားလာသော သိုးလေးသည် ပုံမှန်အနေအထားအတိုင်းဖြစ်ပြီး ဦးနှောက်များပျက်စီးခြင်း မရှိဘဲ သဘာဝအတိုင်းမွေးဖွားလာသည့် သိုးများအတိုင်း ရှင်သန်နိုင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် အချိန်မတိုင်မီ မွေးဖွားသည့် ကလေးပေါင်း ၃၀၀၀၀ ခန့်ရှိနေပြီး၊ ကိုယ်ဝန်ဆောင်ချိန် ၃၇ ပတ်ရှိရမည့်အစား၊ ၂၆ ပတ်ခန့်နှင့်မွေးဖွားနေသောကြောင့် ပျက်စီးဆုံးရှုံးမှုများနေရကြောင်း ပညာရှင်များက ပြောကြားသည်။

ဒုတိယအကြိမ် ဝမ်းဗိုက်အတုနှင့် စမ်းသပ်မွေးမြူခြင်းကို ဩစတြေးလျနိုင်ငံ အနောက်ပိုင်းတက္ကသိုလ်က ပညာရှင်များနှင့် စမ်းသပ်ခဲ့ခြင်းဖြစ်ပြီး၊ ဂျပန်နိုင်ငံ တိုဟိုကူတက္ကသိုလ်ဆေးရုံကြီးကလည်း သိုးသန္ဓေသား များကို ပလတ်စတစ်ဝမ်းဗိုက်အတွင်း တစ်ပတ်ခန့် ထည့်သွင်း မွေးမြူနိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ယခုနှစ် ဧပြီလအတွင်း၊ အမေရိကန်ပြည်ထောင်စု ဖီလာဒဲလ်ဖီးယား ကလေးဆေးရုံကြီးတွင် ပညာရှင်များသည် သိုးသန္ဓေသားကို ပလတ်စတစ်အိတ်အတွင်း ထည့်သွင်းမွေးမြူခြင်းကို အောင်မြင်စွာ လုပ်ဆောင်ပြနိုင်ခဲ့သည်။

ယခုစမ်းသပ်သည့် သိုးသန္ဓေသားမှာ ၁၀၅ ရက်မှ ၁၁၅ ရက်သားများဖြစ်ပြီး၊ ယင်းသိုးသန္ဓေသား၏ ဖြစ်တည်မှုသည် လူသား၏ ဝမ်းအတွင်း ၂၃ ပတ်အကြာ သန္ဓေသားဖြစ်တည်မှုနှင့် တူညီကြောင်း၊ မကြာမီ လူသားတို့၏ ရက်မစေ့ဘဲမွေးဖွားလာသည့် ကလေးများကိုလည်း ဝမ်းဗိုက်အိတ်အတုထဲတွင် ထည့်သွင်းပြီး မိခင်ဝမ်းထဲကအတိုင်း မွေးမြူစောင့်ရှောက်ပေးနိုင်မည်ဟု UAS Today သတင်းတွင် ရေးသားထားသည်။ ■

# ကြွက်တစ်ကောင်၏ သွားလာလှုပ်ရှားမှုများကို လူသားကထိန်းချုပ်နိုင်ပြီဟုဆို

ဝါရှင်တန်၊ ဩဂုတ် ၂၀



Magnetism ဟုခေါ်သည့် နည်းပညာဖြင့် ကြွက်တစ်ကောင်၏ ဦးနှောက်ဆဲလ်အတွင်း ထည့်သွင်းထားသော အလွန်သေးငယ်သည့် (Chip) ပစ္စည်းလေးတစ်ခုကို ပြင်ပမှထိန်းချုပ်ကာ ပြေးခြင်း၊ ရပ်ခြင်း၊ လှည့်ပတ်ခြင်း များကို လိုသလိုခိုင်းစေနိုင်ခဲ့ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ဦးနှောက်ဆဲလ်များအတွင်း သံလိုင်လှိုင်းတစ်မျိုးကို ထည့်သွင်းထုတ်လုပ်ပေးသည့် နည်းဖြစ်သော Magnetic Nanoparticles နည်းသည်၊ ဦးနှောက်အတွင်းရှိ အာရုံခံစားမှုများကို အပြောင်းအလဲလုပ်ပေးနိုင်ပြီး ပြင်ပ လှုံ့ဆော်ချက်အတိုင်း ကိုယ်ခန္ဓာကို လုပ်ဆောင်စေရန် ခိုင်းစေနိုင်ခဲ့ခြင်းဖြစ် ကြောင်း ယင်းသတင်းကဆိုသည်။

ယင်းသို့ ကြွက်များကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းမှာ Parkinson ခေါ် အာရုံကြောများ အားနည်းခြင်း ကြောင့် ခြေတုန်လက်တုန်ဖြစ်ပြီး ကောင်းစွာ လမ်းလျှောက်နိုင်ခြင်း မရှိသည့် လူသားများကို ကုသပေးရန် နည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း ပညာရှင်များကပြောကြားသည်။

သံလိုက်လှိုင်းနည်းဖြင့် ဦးနှောက်ကို နှိုးဆွပြီး ခြေလက်များကို ခိုင်းစေခြင်း နည်းပညာကို ဘပ်ဖဲလိုးတက္ကသိုလ်မှ သုတေသီများက အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး Magnetothermal Stimulation ဟု အမည်ပေးခဲ့ကြ သည်။

"အာရုံကြောတွေကို ထိန်းချုပ်ပြီးတော့ အရေးကြီးတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လှုပ်ရှားခိုင်းနိုင်ဖို့အတွက် အများကြီး ကြိုးစားခဲ့ရပါတယ်။ စိတ်နဲ့ ကိုယ်ကို ထိန်းချုပ်ဖို့အတွက် အာရုံခံဆားကစ်တွေကို တီထွင်နေရပါ တယ်" ဟု တီထွင်သူ ဘပ်ဖဲလိုးတက္ကသိုလ်၊ သိပ္ပံနှင့် ဝိဇ္ဇာကောလိပ်မှ ရူပဗေဒ ဌာနပါမောက္ခ ဒေါက်တာ အာနန် ပရာလဲကပြောကြားသည်။

ယခုလုပ်ဆောင်ချက်အားလုံးတွင် ကွန်ပျူတာသည် ဦးနှောက်တစ်ခုအနေနှင့် ထိန်းချုပ်လုပ်ဆောင်ပေးသည့် အဓိကပစ္စည်းတစ်ခုဖြစ်ကြောင်း၊ ဦးနှောက်အတွင်းရှိ အစိတ်အပိုင်းများနှင့် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများ ဆက်စပ်နေမှုကို ပညာရှင်များက ဦးစွာလေ့လာခဲ့ရပြီး ဆားကစ်များကို ကိုက်ညီစေရန် တီထွင်ခဲ့ကြရသည်။

မကြာမီ ဦးနှောက်ဆဲလ်များအတွင်း အစားထိုး Magnetic Nanoparticles များဖြင့် ဦးနှောက်ထိခိုက်ကာ ကိုယ်လက်မလှုပ်ရှားနိုင်သူများ၊ ရောဂါဝေဒနာကြောင့် ကိုယ်လက်သေနေသူများကို သံလိုက်လှိုင်းနည်းပညာ များဖြင့် လှုပ်ရှားလာနိုင်စေရန် လုပ်ဆောင်လာနိုင်မည်ဟု ဒေါက်တာ အာနန်ကပြောကြားသည်။ ■

## NEWS IN BRIEF

### ဆိုက်ဘာတိုက်ခိုက်မှုအသစ် ယူကရိန်းဗဟိုဘဏ်သတိပေး

ယူကရိန်းဗဟိုဘဏ်သည် တစ်ပြည်လုံးရှိ ဘဏ်များဖြစ်သော အစိုးရပိုင်နှင့် ပုဂ္ဂလိကဘဏ်အားလုံး ဗိုင်းရပ်စ် အသစ်များ ဖြန့်ကြက်ကာ လုံခြုံရေးကိုချိုးဖောက်တိုက်ခိုက်မှုများအား သတိထားရန် သတိပေးထားကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

ဇွန်လ ၂၇ ရက်နေ့ကတည်းက NotPetya ဟုအမည်ပေးထားသည့် ဗိုင်းရပ်စ်တစ်မျိုးဖြင့် ယူကရိန်းအစိုးရဌာန များနှင့် စီးပွားရေးလုပ်ငန်း ကုမ္ပဏီများကို တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း ယင်းသတင်းကဆိုသည်။

ဩဂုတ်လ ၁၁ ရက်နေ့ကစတင်ပြီး အီးမေးလ်များ၊ စာပို့စနစ်များကတစ်ဆင့် ဗိုင်းရပ်စ်များ ပျံ့နှံ့လာပြီး ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျရောက်မည့် ဆိုဗီယက်တို့ထံက လွတ်မြောက်လာသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကို တိုက်ခိုက်ဖျက်ဆီးချင်သောကြောင့် စီးပွားရေးမတည်ငြိမ်အောင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ ■

### သံမဏိထက်ပိုမာသော သစ်သားထုတ် ပျော့ဖတ်ပစ္စည်းတစ်မျိုး ဂျပန်နိုင်ငံတီထွင်

ကမ္ဘာပေါ်ရှိ ကားကုမ္ပဏီများသည် ပေါ့ပါးသည့် ကားကိုယ်ထည်များ ထုတ်လုပ်ရန် တီထွင်လျက်ရှိကြရာ ဂျပန်နိုင်ငံ Toyota Motor ကုမ္ပဏီမှ ပညာရှင်များသည် သစ်သားပျော့ဖတ်ကထုတ်လုပ်သည့် ကားကိုယ် ထည်ကို သံမဏိထက်ခိုင်မာစေရန် ပြုလုပ်နိုင်ပြီဖြစ်ကြောင်း Reuter သတင်းတွင် ဖော်ပြထားသည်။

ပညာရှင်များတီထွင်သည့် သစ်သားပျော့ဖတ်ထဲတွင် သံမဏိပါဝင်မှုနှုန်း ငါးပုံတစ်ပုံသာ ထည့်သွင်းပေးထား ရပြီး ခိုင်ခံ့မှုမှာ သံမဏိထက် ငါးဆပိုမြင့်ကြောင်း ယင်းသတင်းကဆိုသည်။

Cellulose Nanofibers ဟုခေါ်သည့် သစ်သားပျော့ဖတ်မှ ထုတ်ယူထားသည့် ဘော်ဒီအိမ်များကို ကာဗွန်အခြေပြု သံမဏိကိုယ်ထည်များနေရာတွင် အစားထိုးသုံးစွဲခြင်းဖြင့် အလွန်ပေါ့ပါး၍ ဆီစားသက် သာသော ကားမျိုးများထုတ်လုပ်ရန် စီစဉ်ထားကြောင်း တိုယိုတာကုမ္ပဏီတာဝန်ရှိသူကပြောကြားသည်။ ■

### စက်တင်ဘာ ၁ ရက်နေ့တွင် ကမ္ဘာအနီးမှ သုံးမိုင်ခန့်ရှိသော ဂြိုဟ်ပဲ့ကြီးဖြတ်သန်းမည်

အကျယ် သုံးမိုင်နီးပါးရှိသည့် ဂြိုဟ်ပဲ့ကြီးတစ်လုံးသည် ကမ္ဘာမြေကြီးအနီးမှ စက်တင်ဘာလ ၁ ရက်နေ့တွင် ဖြတ်သန်းသွားမည်ဖြစ်ကြောင်း NASA အဖွဲ့၏ ထုတ်ပြန်ချက်ကို AFP သတင်းတွင်ဖော်ပြထားသည်။

Florence ဟုအမည်ပေးထားသည့် ယင်းဂြိုဟ်ကြီးသည် ကမ္ဘာမြေမှ မိုင်ပေါင်း ၄ ဒသမ ၄ သန်းအကွာမှ ဖြတ်သန်းမည်ဖြစ်သောကြောင့် စိုးရိမ်စရာမရှိသော်လည်း NASA အဖွဲ့စောင့်ကြည့်နေသည့် NEO စနစ်ထူထောင်ပြီးချိန်တွင် အနီးဆုံးချဉ်းကပ်လာခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ယင်းဂြိုဟ်ပဲ့ကြီးသည် ၁၈၉၀ ခုနှစ်ကတည်းက ကမ္ဘာမြေဆီသို့ ဦးတည်လာနေခြင်းဖြစ်ပြီး၊ နောက်လာမည့် ၂၅၀၀ ပြည့်နှစ်တိုင်အောင် ကမ္ဘာဆီသို့နောက်ထပ်တစ်ကြိမ် ဤမျှနီးကပ်အောင် လာခြင်းရှိမည်မဟုတ်ကြောင်း NEO အဖွဲ့ကထုတ်ပြန်ထားသည်။ ■

### ဖုန်းဖြင့် သီချင်းနားထောင်နေသူများကို ဟက်ကာများ ထောက်လှမ်းနိုင်ဟုဆို

Google Home နှင့် Amazon Echo တို့က တီထွင်ထားသည့် Smart ပစ္စည်းများဖြင့် သီချင်းနားထောင်နေကြ သူများ၏ နောက်သို့ဟက်ကာများသည် မည်သည့်နေရာတွင် ရှိနေကြောင်းကို ထောက်လှမ်းသိရှိနိုင်စေရန် လုပ်ဆောင်နိုင်ကြောင်း ABC News တွင်ဖော်ပြထားသည်။

CovertBand ဆိုသည့် ခြေရာခံစနစ်သည် သီချင်းသံများက ထုတ်လွှတ်သည့် လှိုင်းများကို ခြေရာခံပြီးနောက် မိမိထောက်လှမ်းချင်သူ၏ နေရာကို သိရှိစေရန် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဝါရှင်တန်တက္ကသိုလ်မှ ပညာရှင်များသည် ဖုန်းများဖြင့် သီချင်းနားထောင်ကာ လျှောက်သွားနေသူများ၏ ဖုန်းကို အဝေးတစ်နေရာကတစ်ဆင့် အသံလှိုင်းများကို အသုံးချပြီး ခိုးဖောက်နိုင်ခဲ့ကြောင်းကို လက်တွေ့သရုပ်ပြနိုင်ခဲ့ကြောင်း ABC သတင်းတွင် ရေးသားထားသည်။ ■

### ခွေးကို ဒရုန်းယာဉ်ဖြင့် ထိန်းကျောင်းနိုင်မည့်စနစ်တီထွင်

ခွေးများနှင့် အတူလမ်းလျှောက်ရာတွင် ပိုင်ရှင်သည် ခွေးကို ထိန်းကျောင်းပြီး ခေါ်ဆောင်သွားနိုင်မည့် ဒရုန်းယာဉ်တစ်မျိုးကို တီထွင်ပေးခဲ့ကြောင်း Mirror သတင်းတွင် ဖော်ပြထားသည်။

DJI Phantom 4 Dog Drone တစ်ခုတန်ဖိုးသည် ဒေါ်လာ ၂၅၉၀ ခန့်တန်ပြီး ပိုင်ရှင်က ဖုန်းနှင့် ပရိုဂရမ် သွင်းပေးလိုက်သည့်အတိုင်း ခွေးကို GPS လမ်းကြောင်းအတိုင်း ရှေ့ကပျံသန်းကာ ဆွဲခေါ်သွားစေရန် စီစဉ်ထားကြောင်း ယင်းသတင်းကဆိုသည်။

ပိုင်ရှင်သည် တစ်နေရာကထိုင်နေပြီး ခွေးထိန်းဒရုန်း၏ ခွေးကို သွားစေလိုသော နေရာအားစောင့်ကြည့်နေရုံသာဖြစ်ကြောင်း၊ ပိုင်ရှင်များက ခွေးလည်ပတ်ကြိုးကို မဆွဲသွားချင်လျှင် ဒရုန်းကို ဆွဲခိုင်းခြင်းဖြင့်လည်း အသုံးပြုနိုင်ကြောင်း၊ ဒရုန်းပေါ်တွင် လမ်းကြောင်းကြည့် ကင်မရာတပ်ဆင်ထားကြောင်း Mirror တွင်ရေးသားထားသည်။ ■

# သဘင်သက်တမ်း နှစ်လေးဆယ်ပြည့် အမှတ်တရ ဖျော်ဖြေပွဲမှာ ကိုယ်တိုင်ကြိုးစားခဲ့တဲ့ အရာလေးတွေကိုပဲ တင်ဆက်သွားမယ့် ချမ်းသာ


ဓာတ်ပုံ- သန့်ဇင်ဦး

ရန်ကုန်၊ ဩဂုတ် ၂၀

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ရဲ့ သားထွေး၊ သစ္စာမေတ္တာရွှေမန်းသဘင်ရဲ့ မျိုးဆက်တစ်ဦးဖြစ်တဲ့ ဇာတ်မင်းသား ချမ်းသာက သဘင်သက်တမ်း နှစ်လေးဆယ်ပြည့် အမှတ်တရဖျော်ဖြေပွဲမှာ ကိုယ်တိုင်ကြိုးစားခဲ့တဲ့ အရာလေးတွေကိုပဲ ချပြသွားမှာ ဖြစ်ကြောင်း The Voice ကို ပြောကြားပါတယ်။

ကျွန်တော့်ဘဝ သက်တမ်း လေးဆယ်တစ်လျှောက်လုံးမှာ ကြိုးစားခဲ့တဲ့ ပရိသတ်တွေအမှတ်ပေးကြတဲ့ အရာလေးတွေ အားလုံး ကို တင်ဆက်ဖို့ရာအတွက် ကျွန်တော့်မှာ အားအင်တွေ ရှိလာခဲ့ပါတယ်။ အဲ့ဒါ ကြောင့် သဘင်သက်လေး ဆယ်ပြည့် အမှတ်တရ ဖျော်ဖြေပွဲလေးကို ကျင်းပဖို့ စီစဉ် ဖြစ်တာပါ” လို့ ယင်းပွဲနဲ့ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါ တယ်။

ကိုယ်တိုင်ဖြတ်သန်းခဲ့တဲ့ သဘင်သက်တမ်း နှစ်လေးဆယ်ပြည့်အမှတ်တရ ဖျော်ဖြေပွဲဖြစ်တာကြောင့်၊ ဖခင်ဖြစ်သူ ရွှေမန်းဦးတင်မောင် လက်ထက်မှာကပြခဲ့တဲ့ အစီအစဉ်တွေတောင် ပါဝင်မှာမဟုတ်ဘဲ၊ ကိုယ်တိုင်ကြိုးစားခဲ့တဲ့အရာလေးတွေကိုပဲ ပွဲမှာ တင်ဆက်သွားမှာဖြစ်ကြောင်း ဇာတ်မင်းသား ဦးချမ်းသာက ပြောကြားပါတယ်။

ရွှေမန်းချမ်းသာရဲ့သဘင်သက်တမ်း နှစ်လေးဆယ်ပြည့် အမှတ်တရဖျော်ဖြေပွဲကိုတော့ စက်တင်ဘာလ ၈ ရက်နေ့နဲ့ ၉ ရက်နေ့တွေမှာ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်သွားမှာဖြစ်ပြီး၊ ရွှေမန်းသဘင်မျိုးဆက်များနဲ့အတူ ဧည့်သည် အနုပညာရှင်သဘင်သည်များ၊ အထူးဧည့်သည် သရုပ်ဆောင်များက မြန်မာ့ရိုးရာ စစ်စစ် သဘင်အနုပညာတင်ဆက်မှုများနဲ့ ပြဇာတ်များ၊ အော်ပရာများကို ကပြသွားမှာဖြစ်ကြောင်း ဦးချမ်းသာက ပြောကြားပါတယ်။

# ခေါင်းဆောင်မင်းသားအဖြစ် ဗီဒီယိုဇာတ်ကားဆယ်ကား စာချုပ်ချုပ်ထားတဲ့ သရုပ်ဆောင်ထူးခြား

ရန်ကုန်၊ ဩဂုတ် ၂၀


ဓာတ်ပုံ- ဝင်းထွန်းနိုင်

ခေါင်းဆောင်မင်းသားနေရာကနေ ဗီဒီယိုဇာတ်ကားတွေ ရိုက်ကူးခဲ့ပေမယ့် သရုပ်ဆောင်လောကနဲ့ အဆက်အသွယ်ပြတ်သွားတဲ့ သရုပ်ဆောင်ထူးခြားက လက်ရှိအချိန်မှာတော့ အနုပညာလောကထဲကို တစ်ကျော့ပြန် ဝင်ရောက်လာပြီဖြစ်ပြီး ခေါင်းဆောင်မင်းသားအဖြစ် ဗီဒီယိုဇာတ်ကားဆယ်ကား စာချုပ်ချုပ်ထားတယ်လို့ The Voice ကို ပြောကြားပါတယ်။

“ကျွန်တော်က အနုပညာလောကကနေ ခုနစ်နှစ်လောက်ပျောက်သွားတာပါ။ အဓိက ကျွန်တော့်ရဲ့ လူမှုရေးကိစ္စတစ်ခုကြောင့်လည်း ပါပါတယ်။ ပြီးတော့ အသက်ကလည်း ငယ်သေးတော့ စိတ်မြန်လက်မြန်ရှိတာကြောင့်လည်း ပါတာပေါ့နော်။ ဒါပေမဲ့ ဒါရိုက်တာကိုနေပိုင်နဲ့ တွေ့ပြီးတော့ ဒီလောကထဲကို ပြန်ရောက်လာတယ်။ ကျွန်တော် ပြန်လုပ်ဖြစ်တာက လေးနှစ်လောက်တော့ရှိသွားပါပြီ” လို့ ၎င်းကထပ်လောင်းပြောပါတယ်။

လက်ရှိမှာတော့ ဆောင်းနှင်းရည် ဗီဒီယိုထုတ်လုပ်ရေးနဲ့ ခေါင်းဆောင်မင်းသားနေရာကနေ ရိုက်ကူးသွားဖို့ ဇာတ်ကားဆယ်ကား စာချုပ်ချုပ်ထားပြီး ကိုယ့်ကိုယ်ကိုယ် မင်းသားမဖြစ်နိုင်တော့ဘူးလို့တောင် ထင်ထားကြောင်း၊ မင်းသားအနေနဲ့ ရိုက်ကူးခွင့်ရတဲ့အပေါ်မှာ အရမ်းဝမ်းသာပျော်ရွှင်နေရပြီး ပရိသတ်တွေအားပေးရကျိုးနပ်အောင် အကောင်းဆုံးကြိုးစားသွားမှာဖြစ်ကြောင်း သရုပ်ဆောင်ထူးခြားက ပြောပါတယ်။

“ကျွန်တော့်အနေနဲ့ သရုပ်ဆောင်ပြန်လုပ်တဲ့အခါမှာ ကြေးမများဘူး။ ကျရာဇာတ်ရုပ်ကို ဝင်ရိုက်ခဲ့တယ်။ ဒါပေမဲ့ ပရိသတ်တွေက အက်ရှင်လိုင်းနဲ့ ထူးခြားဆိုပြီး သတိထားမိကြတယ်။ အဲ့ဒီအပေါ်မှာလည်း အားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဘာကိုမှထိန်းချုပ်စရာမလိုတဲ့အက်တင်မျိုးကို လုပ်ရတာပိုပျော်တယ်။ ထူးခြားတစ်ယောက် ဒီတစ်ခါတော့ ဘယ်မှမသွားတော့ပါဘူး။ ဒီလောကထဲမှာပဲ နေပါတော့မယ်” လို့ ၎င်းက ပြောထားပါတယ်။

လတ်တလောအနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ ဒါရိုက်တာကျော်နှင်းဆီရိုက်ကူးတဲ့ ‘ဒိုင်ယာရီအသစ် အချစ်ကဆိုက်ကို’ ဗီဒီယိုဇာတ်ကားမှာ တေးသံရှင်ပိုပိုနဲ့အတူ ပါဝင်သရုပ်ဆောင်ထားပြီး ခေါင်းဆောင်နေရာကနေ ပထမဆုံးပြန်လည်ရိုက်ခွင့်ရတဲ့ ကားမှာ အခက်အခဲတွေလည်း အများကြီးကြုံခဲ့ရတယ်လို့ သရုပ်ဆောင်ထူးခြားက ဆိုပါတယ်။

# အတွဲထူးတဲ့ ဟော်လန် DJ ဆမ်ဖက်ဒ် နဲ့ Akon


contactmusic.com

ဒီတစ်ပတ်ထဲ ထွက်ရှိလာတဲ့ သီချင်းတွေထဲမှာ ပါတီနွဲ့သူတွေ နှစ်သက်တဲ့ အီလက်ထရိုသီချင်းတစ်ပုဒ်ပါပြီး နာမည်ကျော် DJ နဲ့ ပေါ့စတား Akon တို့ရဲ့ ပူးတွဲတင်ဆက်မှု ဖြစ်ပါတယ်။

ထိုသီချင်းရဲ့ အမည်ကတော့ Yes ဖြစ်ပြီးတော့ မြူးကြွချိုမြတဲ့ သံစဉ်တွေနဲ့ ကခုန်လို့ကောင်းအောင် Akon က သီဆိုထားပါတယ်။

မကြာခင်မှာ အရောင်းရဆုံး လူကြည့်အများဆုံး ထိပ်တန်းထဲကို တက်လာမယ်ဆိုတာ သေချာသလောက်ရှိတဲ့ အဆိုပါသီချင်းကို DJ ဆမ်ဖက်ဒ်က ဖန်တီးထုတ်လုပ်ထားတာ ဖြစ်ပါတယ်။

အီလက်ထရွန်နစ် တေးဂီတဆိုပေမယ့် လေမှုတ် တူရိယာသံတွေနဲ့ မြူးကြွသွက်လက် ချိုမြတဲ့သံစဉ်တွေနဲ့ ဖြစ်ပါတယ်။

မင်းရဲ့ကိုယ်နေအမူအရာက ကိုယ့်ကို yes လို့ ပြောနေတယ်။ မင်းရဲ့ မျက်လုံးလေးက ကိုယ့်ကို yes လို့ ပြောနေတယ်ဆိုတဲ့ စကားလုံး ရိုးရိုးလေးတွေကို Akon က မြူးကြွစွာသီဆိုသွားပြီး သမ္ဘာကို ပြထားပါတယ်။ လေမှုတ်တူရိယာသံ အီလက်ထရိုဂီတသံတွေနဲ့ နားစွဲလွယ်သော၊ လိုင်ညှို့ငင်မှုတွေပါသော သံစဉ်စာသားတွေ၊ ဂီတဗီဒီယို တို့ကို ကြည့်ချင်ရင်တော့ You Tube စတဲ့ တေးဂီတ အင်တာနက်စာမျက်နှာတွေမှာ ကြည့်ရှုနိုင်ပါပြီ။ အဆိုပါသီချင်း Yes ဟာ ဆမ်ဖက်ဒ် ရဲ့ မကြာခင်ထွက်လာမယ့် တေးအယ်ဘမ် Sunrise ထဲက တစ်ပုဒ်ဖြစ်ပါတယ်။

F-02

# မွေးနေ့မှာ ဒုက္ခသည်တွေအတွက် ဝမ်ငွေ ၈၁ သန်း ကျော် လှူဒါန်းခဲ့တဲ့ G Dragon

ဆိုးလ်၊ ဩဂုတ် ၂၁


soompi.com

နာမည်ကျော် ကိုရီးယားအဆိုတော်တစ်ဦးဖြစ်တဲ့ G Dragon ဟာ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကျရောက်တဲ့ သူ့ရဲ့ မွေးနေ့မှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ ဆိုးလ်မြို့အခြေစိုက် ရုံးခွဲကို ဝမ်ငွေ ၈၁ သန်း ကျော် လှူဒါန်းခဲ့ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

“ပြည်တွင်းစစ်တွေနဲ့ အကြမ်းဖက်မှုတွေကြောင့် နေအိမ်ကိုစွန့်ခွာ ထွက်ပြေးခဲ့ရတဲ့ ကလေးငယ်တွေကို မြင်တွေ့ရတဲ့အတွက် စိတ်ထိခိုက်ကြေကွဲရပါတယ်။ ကျွန်တော့်ရဲ့မပြောပလောက်တဲ့ အလှူငွေတွေက သူတို့အတွက် နားခိုစရာ နေရာလေးတွေကို ဖန်တီးပေးဖို့ အထောက်အပံ့တစ်ခု ဖြစ်စေချင်ပါတယ်” လို့ G Dragon က ပြောကြားခဲ့ပါတယ်။

G Dragon ရဲ့ စတုတ္ထမြောက်အယ်လ်ဘမ် ဖြစ်တဲ့ 'Kwon Ji Yong' က ဇွန်လအတွင်းက ထွက်ရှိခဲ့ပြီး အယ်လ်ဘမ်အရောင်းဇယားချပ်တွေမှာ ထိပ်ပိုင်းနေရာက ရပ်တည်နိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ G Dragon က ကမ္ဘာလှည့် ဖျော်ဖြေရေး ခရီးထွက်နေပါတယ်။

G Dragon က ဩဂုတ်လ ၁၈ ရက်နေ့မှာကျရောက်တဲ့ သူ့ရဲ့မွေးနေ့ရောက်တိုင်းမှာ ပရဟိတအလှူတွေ ပြုလုပ် လေ့ရှိပြီး သူ့ပရိသတ်တွေကိုလည်း လိုအပ်နေတဲ့သူတွေကို လှူဒါန်းပေးကြဖို့ တိုက်တွန်းအားပေးလေ့ရှိတဲ့ အနုပညာရှင်တစ်ယောက်လည်း ဖြစ်ပါတယ်။

# “မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဆိုတာ နိုင်ငံရဲ့ပုံရိပ်တစ်ခုဖြစ်ပါတယ်။ ထိခိုက်သွားလို့မရသလို ပျက်စီးသွားလို့လည်း မရပါဘူး”


ဓာတ်ပုံ- ဝင်းထွန်းနိုင်

## ဖိုးချစ်နဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်

**လက်ရှိမြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)ရဲ့ဥက္ကဋ္ဌ ဖြစ်တဲ့ ဖိုးချစ်နဲ့ တွေ့ဆုံပြီး မကြာခင် ကျင်းပပြုလုပ်တော့မယ့် သဘင်အစည်းအရုံး ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲအကြောင်း၊ တာဝန်ယူနေတဲ့အချိန်အတွင်းက အခက်အခဲအကြောင်းများနဲ့အတူ ရုပ်ရှင်ဘက်မှာ ပြန်လည်အခြေချလာဖြစ်တဲ့အကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: မကြာမီကျင်းပတော့မယ့် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ မရှိတော့ဘူးလို့ သိရတယ်၊ ဘာကြောင့်လဲ။**

**PC:** ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဘာမှမပြောလိုပါဘူး။ တကယ်လည်း ပြောစရာမရှိတော့လို့ပါ။ အဓိက ကျွန်တော်တို့က နောက်တက်လာမယ့် အများကရွေးချယ်လိုက်တဲ့ ခေါင်းဆောင်အပေါ်မှာ စနစ်တကျ လွှဲပြောင်းနိုင်ဖို့သာ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က စနစ်မကျမှုတွေနဲ့ ဖြတ်သန်းခဲ့ရတာကိုး။ အဲ့ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ စနစ်ကျမှုဆီကို ဦးတည်ပြီးတော့သွားရမှာပါ။ ပြီးတော့ အစဉ်အလာကောင်းတဲ့ လွှဲပြောင်းလက်ခံမှုမျိုး ဖြစ်ဖို့လည်း ကြိုးစားနေပါတယ်။

**Voice: နောက်တက်လာမယ့်သူကို ကိုယ်ကိုယ်တိုင်က ဘယ်လိုလူမျိုးဖြစ်စေချင်လဲ။**

**PC:** အဲ့ဒါကတော့ ဘယ်သူပဲ တာဝန်ယူယူပါ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဆိုတာ နိုင်ငံရဲ့ပုံရိပ်တစ်ခု ဖြစ်ပါတယ်။ ထိခိုက်သွားလို့မရသလို ပျက်စီးသွားလို့လည်းမရပါဘူး။ နိုင်ငံတစ်နိုင်ငံ ရဲ့တန်ဖိုး၊ ဂုဏ်သိက္ခာဟာ ရိုးရာယဉ်ကျေးမှုနဲ့ တိုက်ရိုက်အချိုးကျပါတယ်။ သာမန်ကြည့်ရင်တော့ ဒီလိုပဲ လုပ်ကိုင်နေကြတာပဲ၊ သွားလာနေကြတာပဲဆိုပေမယ့် ကျွန်တော့်တို့ရဲ့ ပြုမူဆောင်ရွက်မှုတွေ၊ လုပ်ဆောင်ချက်တွေက နိုင်ငံ့အပေါ်မှာ အကျိုးသက်ရောက်မှုရှိတဲ့အတွက် အရေးကြီးပါတယ်။ အဲ့ဒါကြောင့် လက်ရှိအချိန်မှာ ဥက္ကဋ္ဌသစ်ကို ရွေးချယ်တာ၊ မရွေးချယ်တာက အဓိကမကျပါဘူး။ တာဝန်ယူမှုထက် မူဝါဒက ပိုအရေးကြီး ပါတယ်။

**Voice: ကိုယ်တာဝန်ယူခဲ့တဲ့ဥက္ကဋ္ဌသက်တမ်းအတွင်းမှာ ဘာတွေပြောင်းလဲလာတယ်ထင်လဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပေးပါဦး။**

**PC:** အမှန်အတိုင်းပြောရရင် ကျွန်တော့်အနေနဲ့ အခက်ခဲဆုံး လုပ်ခဲ့ရတာပါ။ အဲ့ဒါကို တော်တော်များများလည်း သိကြပါတယ်။ ကျွန်တော့်မှာ လက်ခံစာရင်းမရှိဘူး၊ တိကျတဲ့ ငွေစာရင်းမရှိခဲ့ဘူး။ အဆုံးစွန်ပြောရရင် အသင်းဝင်အင်အား ဘယ်လောက်ရှိပါတယ်ဆိုပြီး ပြောနိုင်တဲ့ အင်အားမရှိခဲ့တဲ့ အခြေအနေပါ။ အဲ့ဒီကနေ စခဲ့ရတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ အားလုံးကို တိတိကျကျပြောနိုင်ပါပြီ။ ပြီးတော့ ရုံးလုပ်ငန်းကိစ္စအဝဝကိုလည်း တိတိကျကျနဲ့လွှဲပြောင်းနိုင်အောင် စနစ်တကျဆောင်ရွက်ထားပါတယ်။

**Voice: လက်ရှိမှာ ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ကျန်သေးလား၊ သဘင်နဲ့ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းတွေ ထပ်ထုတ်ဖို့ရှိသေးလား။**

**PC:** စည်းမျဉ်း၊ စည်းကမ်းနဲ့ပတ်သက်လို့ကတော့ ဆိုင်းစည်းမျဉ်း၊ စည်းကမ်းတွေအားလုံး ပြီးသွားပါပြီ။ နိုင်ငံပိုင်သတင်းစာနဲ့ ရုပ်သံတွေမှာလည်း ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ပြီးတော့ ဇာတ်သဘင်နဲ့သက်ဆိုင်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း မကြာခင်မှာ ကြေညာပါတော့မယ်။ အဲ့ဒီအတွက်ကိုလည်း သဘင်ပညာရှင်ကြီးတွေကို အားလုံးဖိတ်ပြီးတော့ ရိုးရာယဉ်ကျေးမှုကိုအခြေခံတဲ့စည်းမျဉ်း၊ စည်းကမ်းတွေအကြောင်းကို ဆွေးနွေးကြဖို့ ပြင်ဆင်ထားပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မဆွေးနွေးလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအဖွဲ့အစည်းမှာ စည်းမျဉ်း၊ စည်းကမ်းတွေက အသက်ဖြစ်သွားပြီလေ။ ဥပမာ- မင်းလည်း ကချင်ရာက၊ ငါလည်း ကချင်ရာကဆိုရင် ပရမ်းပတာ ဖြစ်ကုန်မှာပေါ့။ နောက်ပြီး ငါက ခိုင်းတာပဲမင်းကဆိုရင်လည်း မဖြစ်သေးပြန်ဘူး။ အဲ့ဒါကြောင့် ကိုယ်တွေ ဘယ်လိုကကြမလဲ၊ ရိုးရာကိုအခြေခံပြီးတော့ အားလုံးကောင်းဖို့အတွက် အနေအထားတစ်ခုအပေါ်မှာ ဘယ်လိုလက်ချင်းချိတ်ပြီး ချီတက်ကြမလဲဆိုတာကို ဆွေးနွေးကြမယ်။ ပြီးတော့ သဘင်အစည်းအရုံးကြီးက ကျွန်တော်တာဝန်မယူတော့တဲ့အချိန်မှာလည်း သူ့ရဲ့နည်းဥပဒေအတိုင်းပဲ ရှိနေမှာပါ။

**Voice: သဘင်အစည်းအရုံးဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို ဘယ်တော့ကျင်းပသွားမှာလဲ။**

**PC:** လာမယ့်စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလလောက်မှာတော့ ကျင်းပသွားဖို့ ပြင်ဆင်ထားပါတယ်။ ဒီပွဲမှာတော့ ကျွန်တော်တို့က မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ သဘင်ပညာရှင်တွေကိုဖိတ်ပြီးတော့ ညီလာခံပုံစံမျိုး ကျင်းပမယ်။ သမိုင်းမှာလည်း သဘင်ညီလာခံ မလုပ်နိုင်ခဲ့သေးပါဘူး။

**Voice: လက်ရှိမှာ မြို့ရွှေမန်းသားထုတ်လုပ်ရေးကနေလည်း ရုပ်ရှင်ကားတွေကို ရိုက်နေပြီဆိုတော့ သဘင် ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပြီတာနဲ့ သရုပ်ဆောင်ဘက်ကို ပြန်ခြေချတော့မယ့်သဘောလား။**

**PC:** ရုပ်ရှင်ကတော့ အရင်ကတည်းက လုံးဝမရိုက်တော့ဘူးလို့ မပြောခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့ လုံးလုံးလျားလျားကြီး ရိုက်ဖို့ကျတော့လည်း ဇာတ်ကလည်းရှိသေးတော့ အဆင်မပြေပြန်ဘူးလေ။ ဒါပေမဲ့ ကျွန်တော်ကတော့ တစ်နှစ်ကို ရုပ်ရှင် ငါးကားလောက်ရိုက်သွားဖို့ ရည်ရွယ်ထားပါတယ်။

**Voice: မြို့ရွှေမန်းသားထုတ်လုပ်ရေးက ရိုက်ကူးမယ့်ရုပ်ရှင်ကားတွေက ဘာတွေထူးခြားမှာလဲ၊ ဘယ်လိုမျိုး ဇာတ်တွေကို ဦးစားပေးပြီးရိုက်သွားမှာလဲ။**

**PC:** အဲ့ဒါကတော့ ရုံပေါ်ရောက်မှပဲ ဆုံးဖြတ်တာပိုကောင်းပါတယ်။ ဒီရုပ်ရှင်ထုတ်လုပ်ရေးက ဘယ်လိုကားမျိုးတွေ၊ ဘယ်လိုဇာတ်လမ်းမျိုးတွေထုတ်သလဲ၊ တင်သလဲဆိုတာကို ရုံပေါ်ရောက်မှပဲ ပရိသတ်ကို ဆုံးဖြတ်စေချင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ သေချာပြင်ဆင်ပြီးမှပဲ ရုပ်ရှင်ကားတစ်ကားကိုရိုက်ပါတယ်။ သာမန်ရုပ်ရှင် ထုတ်လုပ်ရေးထောင်ပြီး ရိုက်တဲ့ပုံစံမျိုးလည်း မဟုတ်ပါဘူး။

## Recap

❍ ဒါရိုက်တာ စတီးလ် ( ဒွေးမေတ္တာ) ရိုက်ကူးတဲ့ ‘ပွဲခံမယ်’ ရုပ်ရှင်ဇာတ်ကားမှာ သမီးအပေါ်ကို အရမ်းချစ်တဲ့ ဖခင်တစ်ယောက် နေရာက သရုပ်ဆောင်ထားပါတယ်လို့ သရုပ်ဆောင် နေမျိုးအောင်က The Voice ကို ပြောကြားပါတယ်။

“ဒီကားမှာ ကျွန်တော်က အိချောပိုရဲ့ အဖေနေရာက သရုပ်ဆောင်ရတာပါ။ မိဘတိုင်းကတော့ ဘယ်သားသမီးမဆို ကောင်းတဲ့လမ်းကိုပဲ လျှောက်စေချင်တယ်။ ကောင်းတာကိုပဲ ဖြစ်စေချင်တယ်။ သမီးက ဆိုးသွမ်းနေတဲ့ ကောင်လေး တစ်ယောက်နဲ့ ပတ်သက်နေတော့ အဖေကလည်း သဘောမတူနိုင်ဘူးပေါ့နော်။ ငယ်ငယ်တုန်းက ရန်ငြိုး လေးတွေလည်း ရှိ တာပေါ့။ အစ်ကိုကတော့ ကိုယ်ပါဝင်ရတဲ့ နေရာလေးကို တာဝန်ကျေအောင် ကြိုးစားထားပါတယ်။ သားသမီးကိုချစ်တဲ့ ဖခင်တစ်ယောက်ရဲ့ မေတ္တာကို ပေါ်လွှင်အောင် သရုပ်ဆောင်ပြထားပါတယ်” လို့ ၎င်းက ဆိုပါတယ်။

❍ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွေမှာ လက်ရှိရုံတင်ပြသနေတဲ့ ‘ပွဲခံမယ်} ရုပ်ရှင်ဇာတ်ကားအတွက် ပရိသတ်တွေဆီက ဝေဖန် အကြံပြုမှုတွေကို ကြားချင်ပါတယ်လို့ သရုပ်ဆောင် ထွန်းထွန်းက The Voice ကို ပြောကြားပါတယ်။

“ပွဲခံမယ် ရုပ်ရှင်ဇာတ်ကားက ဩဂုတ်လ ၁၈ ရက်နေ့ကနေ စပြီးရုံတင်ပြီပေါ့နော်။ ဇာတ်ကားထဲမှာ ပါဝင်ထား တဲ့ သရုပ်ဆောင်တွေအားလုံးလည်း ရင်ခုန်စိတ်လှုပ်ရှားနေကြတယ်။ ကျွန်တော်ဆိုရင်လည်း သရုပ်ဆောင်နေကျ မဟုတ်တဲ့ ကာရိုက်တာ တစ်ခုကို လုပ်ထားတဲ့အတွက် ရင်ခုန်တယ်။ ဇာတ်ကားကို ကြည့်ပြီးတဲ့ ပရိသတ်တွေဆီက ဝေဖန်အကြံပြုမှုတွေကိုလည်း ကြားချင်ပါတယ်။ ဒါမှ နောက်ရိုက်မယ့် ဇာတ်ကားတွေမှာ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကို ပြင်ဆင် နိုင်မှာပါ” လို့ ၎င်းက ဆိုပါတယ်။

# ငယ်တဲ့အရွယ်မဟုတ်တော့တဲ့အတွက် ရင်ခုန်တာတွေကို ဦးစားမပေးတော့ဘူးဆိုတဲ့ ခိုင်နှင်းဝေ

**ရန်ကုန်၊ ဩဂုတ် ၂၀**

ကိုယ့်ရဲ့အသက်အရွယ်ကလည်း ငယ်တဲ့အရွယ် မဟုတ်တော့တာကြောင့် ရင်ခုန်တာတွေကို ဦးစားမပေးတော့ဘဲ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းသွားနိုင်ဖို့ကိုပဲ ဦးစားပေးထားပါတယ်လို့သရုပ်ဆောင် ခိုင်နှင်းဝေက The Voice ကို ပြောကြားပါတယ်။


ဓာတ်ပုံ- သန့်ဝင်းဦး

“ကိုယ်လည်းငယ်တဲ့ အရွယ်မဟုတ်တော့တဲ့အတွက် ရင်ခုန်တာတွေ၊ ဘာတွေကို ဦးစားမပေးဘူး။ အစ်မဖြစ်ချင်တာက အေးအေးဆေးဆေး ဘဝကို ဖြတ်သန်းချင်တယ်။ အလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်ချင်တယ်။ ဘုရားတရား လုပ်ချင်တယ်။ ကိုယ်လုပ်ချင်တဲ့ ပရဟိတလုပ်ငန်းတွေကို စိတ်ဖြောင့်ဖြောင့်နဲ့ နောက်ဆံမတင်းဘဲ လုပ်ချင်တယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ဘဝကို တစ်ယောက်တည်း ဖြတ်သန်းရတဲ့ အချိန်မှာ ပျော်တာတွေလည်း ရှိသလို၊ စိတ်ညစ်တာတွေလည်း ရှိပေမယ့် ဘယ်အရာမှ အကြာကြီး မဖြစ်ဘူးဆိုတာကို စိတ်ထဲမှာ နှလုံးသွင်းထားပြီး၊ ဘုရားတရားအလုပ်၊ ပရဟိတအလုပ်တွေနဲ့ပဲ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းနိုင်အောင် ကြိုးစားကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောကြားပါတယ်။

“ဘာသာရေးကတော့ အစ်မ တတ်နိုင်သလောက် လုပ်ဖြစ်ပါတယ်။ ပဋ္ဌာန်းရွတ်တာတို့၊ ပုတီးစိပ်တာတို့၊ အဓိဋ္ဌာန်ဝင်တာတို့ကတော့ အမြဲလုပ်ဖြစ်ပါတယ်။ ဘာသာရေး လုပ်တဲ့အတွက် စိတ်ကို ငြိမ်းချမ်းစေတယ်။ စိတ်မလေဘူး။ စိတ်အေးချမ်းတယ်။ စိတ်ညစ်တဲ့အခါမှာ ဘုရားစင်ရှေ့မှာ ဘုရားထိုင်ရှိခိုးနေရင် စိတ်ကြည်လင်သွားတယ်။ အဲ့ဒါကြောင့် ဘာသာရေးကို အလုပ်တစ်ခုလို အစ်မဦးစားပေးပြီးလုပ်တယ်” လို့ ၎င်းကဆိုပါတယ်။

# ISတို့သိမ်းယူထားသည့် တယ်လ်အဖာမြို့ကို အီရတ်တပ်ဖွဲ့များ မြေပြင်ထိုးစစ်ကြီး စတင်

**ဘဂ္ဂဒက်၊ ဩဂုတ် ၂၀**

အီရတ်နိုင်ငံတွင်း IS အစွန်းရောက်အစ္စလာမ္မစ်တို့က သိမ်းယူထားသော မြို့များအနက် မြို့တစ်မြို့ဖြစ်သော တယ်လ်အဖာကို ပြန်လည်သိမ်းယူရန် အီရတ်ခြေလျင်တပ်ဖွဲ့များက ထိုးစစ်ကြီးစတင်လိုက်ပြီဖြစ်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

အီရတ်ဝန်ကြီးချုပ် ဟာဒီယာအယ်အဘာဒီက ရုပ်သံမှတစ်ဆင့် မိန့်ခွန်းပြောရာတွင် ယခုအချိန်မှစ၍ အီရတ်တပ်ဖွဲ့များ ညလုံးပေါက် ထိုးစစ်ဆင်ပြီဖြစ်ရာ ဂျီဟတ်ဝါဒီ IS အုပ်စုတို့အနေနှင့် အသေခံမည်လော၊ သို့မဟုတ် အညံ့ခံမည်လောဟု စဉ်းစားရွေးချယ်ရတော့မည် ဖြစ်ကြောင်း ပြောကြားသည်။

အီရတ်ကြည်းတပ်သည် IS တို့၏ အမာခံနယ်မြေဖြစ်သော မိုဆူးလ်မြို့ကို ၎င်းတို့လက်မှ ပြန်လည်သိမ်းယူခဲ့ပြီးနောက် တယ်လ်အဖာမြို့ကို ပစ်မှတ်ထားခဲ့သည်။

တယ်လ်အဖာသည် ရှီယာမွတ်ဆလင်အများစုနေထိုင်သည့် မြို့ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် IS စစ်သွေးကြွတို့၏ သိမ်းပိုက်ခြင်းခံလိုက်ရသည်။ ယင်းမြို့သည် မိုဆူးလ်နှင့် IS အုပ်စု၏ ထောက်ပို့လုပ်ငန်းများအတွက် လွန်စွာအရေးကြီးသော ဆီးရီးယားနယ်စပ်ဒေသကြားရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိသည်။

တယ်လ်အဖာကို မြေပြင်ထိုးစစ်ကြီးများ မစတင်မီ အီရတ်စစ်လေယာဉ်များက အဆိုပါမြို့ကို ရက်အတန်ကြာ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အီရတ်စစ်ဘက်ကဆိုသည်။

တနင်္ဂနွေနေ့က အဆိုပါရုပ်သံမိန့်ခွန်းပြောရာတွင် ဝန်ကြီးချုပ် ဟာဒီယာအယ်အဘာဒီက အနက်ရောင် စစ်ယူနီဖောင်းဝတ်ဆင်ထားပြီး အီရတ်နိုင်ငံတော်အလံရှေ့တွင်ရပ်ကာ "တယ်လ်အဖာ လွတ်မြောက်ရေးစစ်ဆင်ရေးကြီး စတင်ပါပြီ" ဟု ဆိုသည်။

"IS ဆိုတဲ့မကောင်းဆိုးဝါးအုပ်စုတွေ အနေနဲ့ အညံ့ခံချင်ခံ၊ ဒါမှမဟုတ် အသေခံရမယ့်နည်းလမ်းကလွဲပြီး တခြားရွေးစရာ မရှိဘူးဆိုတာ ကျွန်တော်ပြောချင်တယ်" ဟု ၎င်းကဆိုသည်။

ထို့နောက် စစ်ဆင်ရေးဆင်နွှဲမည့် အီရတ်တပ်ဖွဲ့ဝင်များကို "တစ်ကမ္ဘာလုံးက ခင်ဗျားတို့ဘက်မှာရှိနေပါတယ် ရဲဘော်တို့" ဟု အားပေးစကားပြောကြားသည်။

အီရတ်ဝန်ကြီးချုပ် ဟာဒီယာအယ်အဘာဒီ မိန့်ခွန်းမပြောမီ နာရီပိုင်းအလိုတွင် အီရတ်လေတပ်က တယ်လ်အဖာတွင် နေထိုင်သူ ပြည်သူများအနေနှင့် စစ်ပွဲစတင်တော့မည်ဖြစ်ကြောင်း သတိပေးချက်များ ရေးသားထားသည့်လက်ကမ်းစာစောင်များကို ယင်းမြို့ပေါ်သို့ ကြဲချခဲ့သည်။

"စစ်ပွဲကြီး စတင်တော့မည်ဖြစ်ပြီး မကြာမီ အောင်ပွဲခံတော့မည်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်အရဖြစ်သည်" ဟု အဆိုပါလက်ကမ်းစာစောင်တွင် ရေးသားထားသည်။

တယ်လ်အဖာမြို့၏တောင်ဘက်တွင် အီရတ်အစိုးရတပ်ဖွဲ့နှင့် ရှီယာလက်နက်ကိုင်များ ဝိုင်းရံပိတ်ဆို့ထားပြီး မြောက်ဘက်တွင်မူ ကာ့ဒ်လက်နက်ကိုင်တို့က ပိတ်ဆို့ထားပြီဖြစ်သည်။

■ F-01



အီရတ်တပ်ဖွဲ့များသည် မိုဆူးလ်ကို ခဲရာခဲဆစ်ပြန်လည်သိမ်းယူပြီးနောက် တယ်လ်အဖာကို ပစ်မှတ်ထားလာခြင်းဖြစ်သည်




# ပါကစ္စတန် မာသာထရီဆာအတွက် နိုင်ငံတော် အခမ်းအနားဖြင့် သင်္ဂြိုဟ်

**လာဟိုး၊ ဩဂုတ် ၂၀**

လက်ပရိုဆီအနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ဘဝကိုမြှုပ်နှံထားခဲ့သော ဂျာမန်လူမျိုးဆရာဝန်သီလရှင်ကိုပါကစ္စတန်နိုင်ငံက နိုင်ငံတော်အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ပါကစ္စတန်တွင် နှစ်ပေါင်း ၅၀ ကျော်နေထိုင်ခဲ့သူရုဿဖောသည် နိုင်ငံတစ်ဝန်းတွင် အနာကြီးရောဂါ ဆေးကုခန်းပေါင်း ၁၅၀ ကျော်ကိုထူထောင်ခဲ့သည်။ သူမ၏ အားထုတ်မှုကြောင့် ၁၉၉၆ တွင် ရောဂါကို ထိန်းချုပ်နိုင်ပြီဟု ကြေညာနိုင်ခဲ့သည်။

ဒေါက်တာဖော၏ အမျိုးသားအနာကြီးရောဂါစင်တာမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ယပ်စမင်မိုရစ်က သူမကွယ်လွန်မှုသည် လူသားထုအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ပြီး "ဒီခေတ်မှာ သူ့လိုလူမျိုး ရှာဖို့ခက်တယ်။ အခုခေတ်မှာ လူတိုင်းက ကိုယ့်အတွက်ပဲစဉ်းစားကြတယ်။ သူကတော့ သူ့အတွက်ကိုမစဉ်းစားပါဘူး။ သူက အလွန်ရိုးရှင်းတဲ့ဘဝကို နေထိုင်သွားခဲ့ပြီး လူသားတွေကိုလေးစားချစ်ခင်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ကရာချိရှိစိန့်ပက်ထရစ် ကက်သီဒရယ်ဘုရားကျောင်းတွင် အသုဘအခမ်းအနားကျင်းပခဲ့ပြီးနောက် အလောင်းကို မြေချသင်္ဂြိုဟ်ခဲ့သည်။ အလောင်းထည့်သော ခေါင်းကို ပါကစ္စတန်အလံဖြင့် အုပ်ကာ နှင်းဆီပန်းများဖြင့် ဖုံးလွှမ်းထားသည်။

သူမကွယ်လွန်ပြီးနောက်တွင် ဝန်ကြီးချုပ် ရှာဟစ်ခါကန်အဘာဆီက ဒေါက်တာဖောသည် ဂျာမနီတွင် မွေးဖွားခဲ့သော်လည်း နှလုံးသားမှာမူပါကစ္စတန်တွင် အမြဲတမ်းရှိခဲ့သည်ဟု ပြောကြားခဲ့သည်။

"ဒေါက်တာရုဿဟာ နိုင်ငံတစ်ခုပေါ်ထွန်းစအချိန်မျိုးမှာ ပါကစ္စတန်ကို ရောက်လာခဲ့ပြီး ရောဂါဆိုးစွဲကပ်နေတဲ့ လူတွေရဲ့ဘဝကို မြှင့်တင်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ရင်းနဲ့ သူမ အခြေချနေထိုင်ဖို့ ဖြစ်လာခဲ့ပါတယ်" ဟု ၎င်းကပြောကြားသည်။

ဒေါက်တာဖောသည် ၁၉၆၀ ခုနှစ်များတွင် ဆေးကုသရေးသာသနာပြုလုပ်ငန်းကို လုပ်ကိုင်နေရင်း ပါကစ္စတန်တွင် လက်ပရိုဆီအနာကြီးရောဂါကို ပထမဆုံးတွေ့ရှိခဲ့သည်။

သူမသည် ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ဆေးကုသခန်းပေါင်း ၁၅၀ ထူထောင်ဖွင့်လှစ်ခဲ့ပြီး လူနာအရေးအတွက် သောင်းဂဏန်းကို ကုသပေးခဲ့သည်။

ဒေါက်တာဖောသည် သူမ၏လုပ်ငန်းအတွက် ပါကစ္စတန်နှင့် ဂျာမနီမှ ပေးအပ်သောဂုဏ်ပြုဆုတံဆိပ်များစွာကိုလက်ခံရရှိခဲ့သည်။

■ F-04

# အိန္ဒိယတွင် မီးရထားတစ်စီး လမ်းချော်တိမ်းမှောက်၊ ခရီးသည် ၂၃ ဦးခန့်သေဆုံး

**ဒေလီ၊ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အူတာပရာဒတ်ရှ်မြို့တွင် ခရီးသည်တင်မီးရထားတစ်စီး လမ်းချော်မှုဖြစ်ပွားရာ လူပေါင်း ၂၃ ဦးသေဆုံးပြီး ၆၀ ကျော်ဒဏ်ရာရရှိသွားကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

အိန္ဒိယရဲတပ်ဖွဲ့အဆိုအရ မြို့တော်ဒေလီ၏မြောက်ဘက် မိုင် ၈၀ အကွာ၊ မူဇာဖာနာဂါမြို့အနီးတွင် ရထားလမ်းချော်မှုဖြစ်ပွားခဲ့ပြီး ရထားတွဲရှစ်တွဲခန့် သံလမ်းပေါ်မှ မြောက်တက်သွားကြောင်းသိရသည်။

မည်သည့်အကြောင်းအရင်းကြောင့် အဆိုပါ မီးရထားလမ်းချော်ခဲ့ရသည်ကို မသိရသေးကြောင်း မီးရထားအာဏာပိုင်များကဆိုသည်။

ကယ်ဆယ်ရေးလုပ်သားများက မီးရထားတွဲများအတွင်း ပိတ်မိနေသူများကို ညလုံးပေါက်ရှာဖွေလျက်ရှိပုံ၊ ရထားတွဲများ တစ်တွဲနှင့်တစ်တွဲဆင့်ထပ်သွားပုံများကို အိန္ဒိယရုပ်သံဌာနက တိုက်ရိုက်တင်ဆက်လျက်ရှိသည်။

အဆိုပါရထားသည် အရှေ့ပိုင်း အိုဒါးရှားပြည်နယ် ပူရီမြို့မှ ဟိမဝန္တာတောင်ခြေရှိ ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ဟာရစ်ဝါမြို့သို့ ခုတ်မောင်းသွားစဉ် လမ်းချော်ခဲ့ခြင်းဖြစ်သည်။

"ဒဏ်ရာရတဲ့သူတွေကို ဆွဲထုတ်နိုင်ဖို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားနေ

စာ-23



အိန္ဒိယတွင် မီးရထားမတော်တဆမှုများ နှစ်စဉ်လိုလိုဖြစ်ပေါ်လေ့ရှိသည်


Reuters

မီးရှို့တိုက်ခိုက်ခံခဲ့ရသည့် ဗလီကို ယခုနှစ်အတွင်း တွေ့မြင်ရစဉ်

## မဲလ်ဘုန်းရှိ ဗလီကိုမီးရှို့ရန် ကြိုးစားခဲ့သည့် အစွန်းရောက်သုံးဦးကို အကြမ်းဖက်မှုဖြင့် သြစတြေးလျရဲတပ်ဖွဲ့ တရားစွဲ

**မဲလ်ဘုန်း၊ ဩဂုတ် ၂၀**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ယမန်နှစ်က ရှိယာမွတ်ဆလင်ဗလီတစ်ခုကို မီးရှို့ခဲ့သော အမျိုးသားသုံးဦးကို ရဲတပ်ဖွဲ့က အကြမ်းဖက်လုပ်ရပ်ဖြင့် အရေးယူလိုက်ကြောင်း၊ ၎င်းတို့သည် IS စစ်သွေးကြွတို့၏ အားပေးအားမြှောက်မှုဖြင့် သြစတြေးလျနိုင်ငံတွင်းရှိ မွတ်ဆလင်အသိုင်းအဝိုင်းအကြား အကွဲအပြဲဖြစ်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဆိုကြောင်း Reuters သတင်းဌာနကရေးသားဖော်ပြသည်။

အမျိုးသားသုံးဦးအနက် နှစ်ဦးမှာ မဲလ်ဘုန်းတွင် ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်မှုဖြင့် အမှုရင်ဆိုင်နေရသည်။ ကျန်တစ်ဦးမှာမူ ပြီးခဲ့သည့် စနေနေ့က ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသည်။

၎င်းတို့သည် ၂၀၁၆ ခုနှစ်အတွင်း မဲလ်ဘုန်းရှိ အီမန်အလီအစ္စလာမ့်စင်တာကို မီးရှို့တိုက်ခိုက်ခဲ့မှုဖြင့် အမြင့်ဆုံးထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံရဖွယ်ရှိသည်ဟု အာဏာပိုင်များကဆိုသည်။

"သူများတွေအထွတ်အမြတ်ထားကိုးကွယ်တဲ့နေရာကို တိုက်ခိုက်သူတွေအဖို့ လူ့အဖွဲ့အစည်းမှာ နေစရာနေရာမရှိဘူး" ဟုသြစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့တန်ပြန်အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့ ခေါင်းဆောင်က ပြောကြားသည်။

ယခုလို ဗလီကိုမီးရှို့တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ခြင်းသည် သြစတြေးလျနိုင်ငံတွင်းရှိမွတ်ဆလင်များအကြား စိတ်ဝမ်းကွဲအောင် ဦးတည်လုပ်ဆောင်ခြင်းဖြစ်သည်ဟုလည်း ၎င်းကဆိုသည်။

အမေရိကန်ပြည်ထောင်စု၏ အနီးကပ်မဟာမိတ်ဖြစ်သော သြစတြေးလျသည် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများသို့ တပ်ဖွဲ့ဝင်များစေလွှတ်ပြီး အကြမ်းဖက်အုပ်စုများကို နှိမ်နင်းခဲ့သည်။

သြစတြေးလျသည်ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မှစ၍ အရှေ့အလယ်ပိုင်းမှ ပြန်လည်ဝင်ရောက်လာသော စစ်သွေးကြွများ တိုက်ခိုက်မည့်အန္တရာယ်နှင့်ပတ်သက်၍ လုံခြုံရေးအစီအမံများ တိုးမြှင့်ခဲ့သည်။

နိုင်ငံတွင်း တစ်ကိုယ်တော်လုပ်ရှားသည့် အကြမ်းဖက်သမားများ အကြမ်းဖက်တိုက်ခိုက်လာမည့် အစီအစဉ် ၁၃ ခုကို အချိန်မီဖော်ထုတ်နိုင်ခဲ့ကြောင်း သြစတြေးလျအရာရှိကြီးများကပြောကြားသည်။

ယခုဖမ်းဆီးခံထားရသူ အမျိုးသားသုံးဦးသည် အစွန်းရောက် ဆွန်နီမွတ်ဆလင် စစ်သွေးကြွတို့၏ အယူအဆအတိုင်း လိုက်လံ လိုက်ဆောင်ခဲ့ကြခြင်းဖြစ်သည်ဟု ပြောကြားသည်။ ■F-01

## ဖင်လန်အကြမ်းဖက်တိုက်ခိုက်မှုတွင် ဓားသမားက အမျိုးသမီးများကို ပစ်မှတ်ထားဟု ဆို

**ဟဲလ်ဆင်ကီး၊ ဩဂုတ် ၂၀**

ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်း တာကူမြို့တွင် ယမန်နေ့ကဖြစ်ပွားခဲ့သော ဓားထိုးအကြမ်းဖက် တိုက်ခိုက်မှုတွင် ဓားသမားက အမျိုးသမီးများကို အဓိက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အာဏာပိုင်များကပြောကြားကြောင်း BBC သတင်းဌာနကရေးသားဖော်ပြသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ပထမပိုင်းတွင် အာဏာပိုင်များက ထင်မြင်သုံးသပ်ချက်မပေးခဲ့သော်လည်း စုံစမ်းစစ်ဆေးပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်ဖော်ပြခဲ့ကြသည်။

ဓားထိုးတိုက်ခိုက်မှုကြောင့် လူနှစ်ဦး သေဆုံးခဲ့ကြောင်း ဖင်လန်အာဏာပိုင်များက အတည်ပြုပြောကြားသည်။

ဓားထိုးတိုက်ခိုက်သူမှာ အသက် ၁၈ နှစ်အရွယ်ရှိ မော်ရိုကိုနွယ်ဖွားဖြစ်ပြီး ၎င်းကိုရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့သည်။ ၎င်းနှင့်အတူ အခြားမော်ရိုကိုနွယ်ဖွား အကြမ်းဖက်သမား လေးဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု ဆိုသည်။

ဓားထိုးမှုကြောင့် သေဆုံးခဲ့သူနှစ်ဦးစလုံး ဖင်လန်နိုင်ငံသူ အမျိုးသမီးများဖြစ်ပြီး အခြား ဗြိတိန်၊ ဆွီဒင်နှင့် အီတလီလူမျိုးတို့အပါအဝင် ရှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်။

ဒဏ်ရာရရှိသွားသူများမှာ အသက် ၁၅ နှစ်အရွယ်မှ ၆၇ နှစ်အရွယ်ကြားတွင်ရှိကြကြောင်း ဖင်လန်ရဲတပ်ဖွဲ့က ပြောဆိုပြီး အခြားအသေးစိတ်ကို ဖော်ပြမှုမပြုပေ။

ဝန်ကြီးချုပ် ဂျူဟာစီပီလာက သတင်းစာရှင်းလင်းပွဲတွင် ဖင်လန်နိုင်ငံအနေနှင့် ပထမဆုံးအကြိမ်အဖြစ် အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဖင်လန်ရဲတပ်ဖွဲ့၏ကြေညာချက်တွင် "ယင်းဖြစ်ရပ်သည် လူသတ်မှုအဖြစ်စုံစမ်းတွေ့ရှိခဲ့သည်။ သို့သော်လည်း တိုက်ခိုက်မှုဖြစ်ပေါ်ပြီးနောက် ညပိုင်းတွင် ထပ်မံရရှိသည့် သတင်းအချက်အလက်များအရ ယခုဖြစ်ရပ်ကို အကြမ်းဖက်သတ်ဖြတ်မှုအဖြစ်သတ်မှတ်၍ရသည်" ဟု ဖော်ပြသည်။

ရဲတပ်ဖွဲ့က ဓားထိုးတိုက်ခိုက်သူမှာ အသက် ၁၈ အရွယ်ရှိ မော်ရိုကိုနွယ်ဖွားဟုသာ ဖော်ပြသော်လည်း မည်သူမည်ဝါဖြစ်သည်ကို အတိအကျထုတ်ပြန်ခြင်း မရှိပေ။

သို့သော် ယင်းဓားထိုးတိုက်ခိုက်သူသည် ၂၀၁၆ ခုနှစ် ဖင်လန်နိုင်ငံ၏ နိုင်ငံခိုလှုံခွင့်အစီအစဉ်ဖြင့် လာရောက်အခြေချနေထိုင်ခဲ့သူဖြစ်သည်ဟု ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဖင်လန်အမျိုးသားထောက်လှမ်းရေးအဖွဲ့မှ ခရစ္စတာဂရန်းနေ့က "တိုက်ခိုက်တဲ့အကြမ်းဖက်သမားဟာ အမျိုးသမီးတွေကို ရွေးချယ်တိုက်ခိုက်တာ၊ ဘာကြောင့်လဲဆိုတော့ ဘေးနားမှာ အမျိုးသမီးတွေကို ကယ်ဖို့လုပ်တဲ့ အမျိုးသားတွေက ဒဏ်ရာတွေရကုန်ကြလို့ပါပဲ" ဟု ပြောကြားသည်။

ဒဏ်ရာရရှိသူ ရှစ်ဦးအနက်ခြောက်ဦးမှာ အမျိုးသမီးများဖြစ်ကြသည်ဟု ၎င်းကဆိုသည်။

လက်ရှိအနေအထားတွင် ဖင်လန်အာဏာပိုင်များက အကြမ်းဖက်သမားဟု သံသယရှိသူတစ်ဦးကို ထပ်မံဖမ်းဆီးနိုင်ရေးအတွက် နိုင်ငံတကာဖမ်းဝရမ်းတစ်ရပ်ကိုထုတ်ပြန်ထားကြောင်းသိရသည်။ ■F-01


BBC

**စာ-22 အိန္ဒိယတွင် မီးရထားတစ်စီး လမ်းချော်တိမ်းမှောက်၊ ခရီးသည် ၂၃ ဦးခန့်သေဆုံးမှုအဆက်**

ပါတယ်။ ဂက်စ်ပိုက်ဖြတ်မယ့်စက်တွေ ရောက်လာဖို့လည်း စောင့်နေကြပါတယ်" ဟု အိန္ဒိယရဲအရာရှိတစ်ဦးက ပြောကြားသည်။

ညဘက်အချိန်ဖြစ်နေသောကြောင့် ရှာဖွေရေးလုပ်ငန်းများကို အပြည့်အဝ လုပ်ဆောင်ရန် ခဲယဉ်းလျက်ရှိသည်ဟုလည်း ၎င်းကဆိုသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက သေဆုံးသူနှင့် ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရကြောင်း Twitter တွင်ဖော်ပြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများအားလုံးပေးကြရန် သက်ဆိုင်သူများကို မေတ္တာရပ်ခံထားသည်။

အိန္ဒိယတွင် မီးရထားမတော်တဆမှုများ မကြာခဏဆိုသလိုဖြစ်ပေါ်လေ့ရှိပြီး ရထားနှင့်ဆက်စပ်ပြီး အသုံးပြုနေသော စနစ်နှင့် ပစ္စည်းများမှာ များစွာခေတ်နောက်ကျလျက်ရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာလကလည်း အူတာပရာဒတ်ရှ်ပြည်နယ်တွင်ပင် ရထားမတော်တဆမှုဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၁၅၀ ခန့်သေဆုံးခဲ့ရသည်။

မီးရထားဌာန၏အဆိုအရ အိန္ဒိယတွင် နေ့စဉ် ခရီးသည် ၂၂ သန်းခန့် ရထားစီးနင်းလျက်ရှိကြောင်း သိရသည်။ ■F-01

CARTOON




"ခင်ဗျားတို့ သမိုင်းကို ပြင်လို့မရဘူးမှတ်၊
ကျွန်တော်တစ်ယောက်တည်းပဲပြင်လို့ရတာ"
လို့ဆိုတဲ့ ထရမ့် . . .။

# စိတ်ကျန်းမာရေးဆေးရုံရှိ လူနာထံ မူးယစ်ဆေးပြား ၅ ပြား ပေးပို့သူ မိန်းကလေး ဖမ်းဆီးခံရ

**ရန်ကုန်၊ ဩဂုတ် ၂၀**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)ရှိ လူနာတစ်ဦးထံသို့ မူးယစ်ဆေး ၅ပြား လာရောက်ပို့ဆောင်ပေးသူ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဖမ်းဆီး အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သူ မချယ်ရီခိုင်သည် ဩဂုတ်လ ၁၉ ရက် မွန်းလွဲ ၃ နာရီခန့်က ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံ ပြင်ပလူနာဌာနအနီးတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်းမှ ရှာဖွေစစ်ဆေးခြင်းခံရပြီး အကျႌအိတ်ကပ်အတွင်း ခိုးဝှက်သယ်ဆောင်လာသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅ ပြားနှင့်အတူ သုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

“မူးယစ်ဆေးဝါးကြိုတင်သတင်းရထားလို့ သူ့ကို ရှာဖွေစစ်ဆေးတာ၊ သူက တခြားအသိ မိတ်ဆွေတစ်ဦးကနေ ပို့ခိုင်းလို့ လာပေးတာလို့သိရတယ်၊ လာပို့ခိုင်းတဲ့သူက ဒီဆေးရုံမှာ မူးယစ်ဆေးဖြတ်ဖူးတယ်၊ အဲဒါကြောင့် အထဲမှာနေတဲ့ သူ့မိတ်ဆွေဆီကို အခုဖမ်းမိတဲ့သူကို ပို့ခိုင်းလိုက်တာ၊ အခုလာပို့တဲ့မိန်းကလေးကလည်း မူးယစ်ဆေးဝါးသုံး မသုံး ဆေးစစ်ရဦးမှာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၆/၁)ရပ်ကွက်၊ ဇင်္ဂလ(၄)လမ်းရှိနေအိမ်တစ်လုံးတွင် ဩဂုတ်လ ၁၉ ရက် နံနက် ၄ နာရီခန့်က မူးယစ်ဆေးဝါးကြိုတင်သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ အသက် ၃၆ နှစ် အရွယ် အမျိုးသားတစ်ဦး၊ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့နှင့်အတူ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကျော်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းမှ မယ(ပ) ၃၁/၁၇၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားသည်။ ■

J 16

# ရန်ကုန်မြစ်အတွင်း ရပ်နားထားသော သင်္ဘောများပေါ်တွင် မကြာခဏ လုယက်ခံရ

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရန်ကုန်မြစ်အတွင်း ရပ်နားထားသော သင်္ဘောများပေါ်သို့ စက်တပ်လှေငယ်တစ်စီးကို အသုံးပြုကာ အမျိုးသားသုံးဦး၊ လေးဦးခန့်မှ တက်ရောက်ပြီး လုယက်မှုများ မကြာခဏဖြစ်ပေါ်နေကြောင်း ရဲတပ်ဖွဲ့နှင့်နီးစပ်သူအသိုင်းအဝိုင်းထံမှ သိရသည်။

ဆိပ်ကမ်းမြို့နယ်၊ မော်တင်ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ အမှတ်(၂)ဇေတံတားတွင်ဆိုက်ကပ်ထားသော ‘အောင်မျိုးသန်း’ အမည်ရှိ ချွန်းစက်တပ်ရေယာဉ်တစ်စီးပေါ်သို့ ဩဂုတ် ၁၉ ရက် နံနက် ၃ နာရီခန့်က အသက် ၃၅ နှစ်အရွယ်ခန့်ရှိ အမျိုးသားသုံးဦးခန့်မှ စက်လှေငယ်တစ်စီးကို အသုံးပြုကာ စက်လှေပဲ့နင်းအမျိုးသား၏ လည်ပင်းကို အရိုးအသွား ၈ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထောက်ပြီး ‘ရွှေသရဖူ’ တံဆိပ်ရိုက်နှိပ်ထားသော ဆန်အိတ်ငါးအိတ်နှင့် ဘက်ထရီအိုးတစ်လုံးအား လုယက်ခံခဲ့ရသည်။

“သင်္ဘောတွေပေါ်မှာ စက်လှေငယ်နဲ့ကပ်ပြီး ဝင်ဝင်လုတာ၊ အလုခံရပေမယ့် ရဲစခန်းမှာ အမှုမဖွင့်ဘူး၊ ဒလဘက်မှာ ဖြစ်တဲ့ဟာတော့ အမှုဖွင့်ထားတယ်လို့ သိရတယ်၊ သင်္ဘောပေါ်မှာ လူတစ်ဦးနှစ်ဦးတည်းရှိနေတဲ့အချိန် မနက်စောစောတွေမှာပဲ လုပ်တာ၊ လူက မသိရင်တော့ခိုးတာပေါ့၊ လူသိလို့ အော်မယ်ဆိုရင် ဓားနဲ့ထောက်ပြီး ခြိမ်းခြောက်လုယူသွားတာပါ” ဟု ရဲတပ်ဖွဲ့နှင့်နီးစပ်သူ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးက ရှင်းပြသည်။

အလားတူ စဉ့်အိုးတန်းဆိပ်ကမ်း၊ အမှတ်(၂)ဇေတံတားတွင် ဆိုက်ကပ်ထားသော ‘နေလင်းထွန်း’ ၆၁၆၄ အမည်ရှိ ရေယာဉ်ပေါ်တွင် ဇူလိုင်လ ၂၆ ရက် နံနက် ၃ နာရီခွဲခန့်က ရေယာဉ်အလှည့်ကျကင်းစောင့်ဖြစ်သူ အသက် ၂၅ နှစ်အရွယ် အမျိုးသား၏လည်ပင်းကို အမျိုးသားသုံးဦးက ဓားနှင့် ထောက်ပြီး ‘E’ အမှတ်တံဆိပ် ရိုက်နှိပ်ထားသော ဆန်အိတ် ၁၀ အိတ်ကို လုယက်ခဲ့သည်။

ဒလမြို့နယ်၊ ကမာကဆစ်သမ္ဗန်ဆိပ်အနီး ရေပြင်တွင် ကျောက်ချရပ်နားထားသော တက်နေထွန်း တွဲတွန်း သင်္ဘောပေါ်တွင် ဩဂုတ် ၁၀ ရက် နံနက် ၁ နာရီခွဲခန့်က အသက် ၄၉ နှစ်အရွယ် စက်ဆရာကိုထွန်းလင်းနှင့် အလှည့်ကျကင်းစောင့်ဖြစ်သူ ကိုငြိမ်းချမ်းအောင်တို့နှစ်ဦး အိပ်ပျော်နေစဉ် သံဘာဂျာတံခါးကို ရိုက်ဖွင့်ပြီး အမျိုးသားလေးဦးခန့်မှ စက်တပ်လှေငယ်တစ်စီးကို အသုံးပြုကာ သင်္ဘောပေါ်ရှိ ဆီတိုင်ကီထဲမှ စက်မောင်းဆီဂါလန် ၅၀ ခန့်ကို လုယူခံခဲ့သည်၊ ■ J 16

# မှုခင်းသတင်းတိုများ

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၅)ရပ်ကွက်၊ ကာဘိုလမ်းတွင် ဩဂုတ်လ ၁၉ ရက် နံနက်ပိုင်းက နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၁၇ နှစ်အရွယ် အမျိုးသားနှစ်ဦးကို ရှာဖွေစစ်ဆေးရာ လက်ကိုင်ဖုန်းနှစ်လုံးနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာတင်ပြပြောဆိုနိုင်ခြင်းမရှိသဖြင့် ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ မော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ပိန္နဲကုန်းကျေးရွာရှိနေအိမ်တစ်လုံးတွင် ဩဂုတ်လ ၁၉ ရက် ညနေပိုင်း ကလောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဖဲချပ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ လောင်းကစားနေသည့် အသက် ၂၀ နှစ်မှ ၃၁ နှစ်အကြားရှိ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်ထားသည်။

■ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံအတွင်းတွင် ဩဂုတ်လ ၁၉ ရက် ညနေ ၅ နာ ရီခွဲခန့်က မှုခင်းကျဆင်းရေး နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်တွေ့ရှိသူ အသက် ၂၀ အရွယ် အ မျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ အရိုးအသွား(၈)လက်မခွဲခန့်ရှိ ဓားဦးချွန်ဓားမြောင်တစ်ချောင်းကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက တရားမဝင်လက်နက်ကိုင်ဆောင်မှုဥပဒပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့်ထားသည်။

■ လှိုင်သာယာမြို့နယ်၊ အမှတ်(၁/၁၃)ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်းရှိ နေအိမ်တစ်လုံးတွင် ဩဂုတ်လ ၁၈ ရက် နေ့လယ်ပိုင်းက လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၄၁ နှစ်အရွယ် အမျိုးသမီးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်ထားသည်။

■ လှည်းကူးမြို့နယ်၊ ဒါးပိန်-မအူ-ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအတိုင်း ထန်းပင်ချောင်ဘက်မှ အင်းတိုင် (Toya Myanmar) အထည်ချုပ်စက်ရုံဘက်သို့မောင်းနှင်လာသော ဒိုင်နာဝန်ထမ်းကြိုပို့ယာဉ်သည် ဩဂုတ်လ ၁၉ ရက် နံနက်ပိုင်းက ကုက္ကိုပိုင်းကျေးရွာလမ်းထိပ်အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဘယ်ဘက်ခြမ်းသို့ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ အထည်ချုပ်စက်ရုံအလုပ်သမား အမျိုးသမီး ၄၀ ဦးခန့် ထိခိုက်ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အသက် ၂၁ နှစ်အရွယ် အမျိုးသားကို ဒါးပိန်နယ်မြေရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့်ထားသည်။ J 16

The VOICE Daily

CARTOON




# ရဲတပ်သားတစ်ဦးကြိုးဆွဲချသေဆုံး

**ရန်ကုန်၊ ဩဂုတ် ၂၀**

သာကေတမြို့နယ်၊ (၇/အနောက်) ရပ်ကွက်၊ ဘုရားလမ်းတွင်နေထိုင်သူ အသက် ၂၀ အရွယ် ရဲတပ်သားတစ်ဦး ကြိုးဆွဲချအဆုံးစီရင်သွားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့မရဲစခန်းက ရဲပြေးအဖြစ် ကြေညာခြင်းခံထားရသည့် ရဲတပ်သားဇင်လင်းထိုက်သည် ထားဝယ်မြို့မရဲစခန်းတွင် တာဝန်ကျနေရာက မိခင်ဖြစ်သူ၏နေအိမ်သို့ ထွက်ပြေးတိမ်းရှောင်လာစဉ် ဩဂုတ်လ ၁၉ ရက် ညနေ ၆ နာရီခွဲခန့် နေအိမ်အိပ်ခန်းအတွင်း ကြိုးဆွဲချအဆုံးစီရင်သွားကြောင်း အမှုဖွင့်တိုင်ကြားချက်အရ သာကေတမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

“သင်တန်းဆင်းတာက ဒီနှစ်မှ သင်တန်းဆင်းလာတာလို့ သိရတယ်၊ ရဲထဲရောက်တာသိပ်မကြာသေးဘူး၊ ခွင့်မဲ့ပျက်ကွက်တာ ၂၁ ရက်ကျော်ရင် ရဲပြေးကြေညာရတယ်၊ သူကခွင့်မဲ့ကျော်နေလို့ ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့ကနေ ရဲပြေးကြေညာခြင်းခံထားရတာ၊ အဖမ်းခံရရင်လည်း ထောင်ကျမှာ၊ အဲဒါကို ကြောက်လို့လားမသိဘူး၊ တခြားပြင်ပဒဏ်ရာမတွေ့ရဘူး၊ ကြိုးဆွဲချသေဆုံးသူတွေမှာ တွေ့ရတဲ့ လက္ခဏာတွေပဲ တွေ့ရပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှရဲအရာရှိတစ်ဦးက ရှင်းပြသည်။

၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ရုပ်အလောင်းအား ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ရာ PR-042 ဖြင့်လက်ခံစစ်ဆေးနေပြီး သာကေတနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၃/၁၇ ဖြင့် စစ်ဆေးနေကြောင်း သိရသည်။

■ J 16

စာ - 15 “ခြောက်ကပ်စပြုလာတဲ့ ရန်ကုန်မြို့ညဈေးတန်း” မှ အဆက်

အစားအစာ၊ အကင်ရောင်းတဲ့ဆိုင်တွေလောက်ပဲ ရှိတော့တယ်။ ကျန်တဲ့ဆိုင်တွေက လသာနဲ့ လမ်းမတော်ကြားက လမ်းကြားထဲလာဖွင့်တယ်။ ပြီးတော့ စည်ပင်က ရှင်းတဲ့အခါမဖွင့်ဘူး။ စည်ပင်ပြန်တာနဲ့ ညပိုင်းကျရင် လသာကနေ လမ်းမတော်အထိ လမ်းမကြီးတွေမှာ ပြန်လည်ရောင်းချတာတွေရှိလာတယ်” ဟု လသာမြို့နယ်တွင် နေထိုင်သူ ဦးဝိုင်းက ဆိုသည်။


ဓာတ်ပုံ-The Voice

ညဈေးရှိ ၄ ပေ၊ ၈ ပေဆိုင်ခန်းတစ်ခန်းလျှင် ၂၀၁၇ ခုနှစ်၊ ဧပြီလကုန်ထိ တစ်ရက်ကိုသန့်ရှင်းရေးဝန်ဆောင်ခ ၁၅၀ ကျပ်၊ ရေဖိုး ၁၅၀ ကျပ် စုစုပေါင်း ၃၀၀ ကျပ်နှင့် လျှပ်စစ်မီးဖိုးကျသင့်ငွေကို ဆိုင်ခန်းတစ်ခန်းကို တစ်လလျှင် ကျပ် ၃၅၀ ကျပ် ကောက်ခံခဲ့ပြီး မေလမှစတင်ကာ ယင်းအခွန် သုံးခုအတွက် တစ်လလျှင်စုစုပေါင်း ၉၃၅၀ ကျပ် ပြောင်းလဲကောက်ခံလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ရန်ကုန် ညဈေးတန်းသည် စဖွင့်ပြီး နောက်ပိုင်းလူလာနည်းရခြင်းမှာ သန့်ရှင်းမှု အားနည်းခြင်းနှင့် ဝေဖန်စရာဈေးနှုန်းများကြောင့်ဖြစ်သည်ဟု ညဈေးတန်း သွားလေ့ရှိသူတစ်ဦးက ပြောသည်။

ညဈေးတန်းဖွင့်လှစ်ပြီးနောက်ပိုင်း မြို့တွင်းလေးမြို့နယ်ရှိ အဓိကလမ်းမကြီး ၁၁ လမ်းဖြစ်သော အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ ပန်းဆိုးတန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ဆူးလေဘုရားလမ်း၊ ဘုန်းကြီးလမ်း၊ လသာလမ်း၊ လမ်းမတော်လမ်းတို့ကို လမ်းဘေးဈေးမရောင်းရ နယ်မြေအဖြစ် သတ်မှတ်လိုက်ပြီး အဆိုပါနေရာများတွင် ရောင်းချသူများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူမည်ဟု ထုတ်ပြန်ထားသည်။

ယခုလက်ရှိ ညဈေးတန်းမှ ဈေးသည်များမှာ မြို့တွင်း လေးမြို့နယ်ရှိ အဓိကလမ်းမကြီးများတွင် ပြန်လည်ရောင်းချခြင်းများ ရှိလာသောကြောင့် နေ့စဉ် မနက်ပိုင်း၊ နေ့လယ်ပိုင်းနှင့်ညပိုင်းတွင် သက်ဆိုင်ရာ မြို့နယ်လေးမြို့နယ်မှ စည်ပင်များ ပူးပေါင်းကာ ရှောင်တခင် စစ်ဆေးရှင်းလင်းလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

“ဝန်ထမ်းတွေကလည်း အလုပ်ချိန်အတွင်းမှာတော့ အချိန်ကာလတစ်ခုအထိ ည ၇ နာရီထိ ရှင်းလင်းပေးနေပါတယ်။ ဈေးသည်တွေက လစ်ရင်လစ်သလို ဝန်ထမ်းလာမှ ထပြေးတာတွေရှိတယ်။ မိုးရာသီကာလဖြစ်နေတော့ ဈေးသည်တွေက အဆင်မပြေတာလည်းပါတယ်။ ဒါပေမဲ့ ညဈေးတန်းကို အောင်မြင်အောင်တော့ လုပ်သွားမယ်” ဟု ၎င်းကဆိုသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်မြို့ ညဈေးတန်းတွင် စည်းကမ်းတကျဖြင့် နိုင်ငံတကာအဆင့်မီရောင်းချရန် စီစဉ်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ညဈေးတန်းရှိဈေးသည်များမှာ ယခင်နေရာဟောင်းများတွင် လာရောက် ရောင်းချနေမှုများကို နောက်ပိုင်းတွင် အာဏာပိုင်အဖွဲ့အစည်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းရှင်းလင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ကမ်းနားလမ်း (သခင်မြပန်းခြံ အနီးမှ ပန်းဆိုးတန်းကမ်းနားအထိ) ညဈေးတန်းသို့ လာရောက်သူနည်းပါးကာ ဈေးသည်များအနေနှင့် ဈေးရောင်းချမှုလျော့နည်းသော်လည်း မြို့လယ်ကောင်တွင် ဖွင့်လှစ်ထားသည့် မဟာဗန္ဓုလပန်းခြံလမ်းရှိ ဈေးသည်များမှာမူ လူသွားလူလာများပြားသောကြောင့် ပုံမှန် ရောင်းရလျက်ရှိကြောင်း ဈေးသည်များထံမှ သိရသည်။

မဟာဗန္ဓုလပန်းခြံလမ်းရှိ ညဈေးတန်းမှာ မြို့လယ်ကောင်ဖြစ်သည့်အပြင် အများပြည်သူအပန်းဖြေအနားယူသည့် ပန်းခြံနားတွင် ဖွင့်လှစ်ထားသည့်အတွက် ပြည်သူများလာရောက်ကာ စားသုံးသူများပြားပြီး စည်ကားလျက်ရှိသော်လည်း ဈေးသည်အချို့မှ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ရှိနေသောကြောင့် ယင်းဖွင့်လှစ်ထားမှုအပေါ် ပညာရှင်များ၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူအချို့ ကန့်ကွက်မှုများရှိနေခဲ့သည်။

ကျောက်တံတားမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက “မဟာဗန္ဓုလလမ်းမှာဆို ဈေးသည်တွေ မချပေးသင့်ဘူး။ အဲဒီနေရာက သမိုင်းဝင်နေရာပါ။ မှားယွင်းပြီး ချပေးခဲ့ပြီးပြီ။ နောက်က ပြုပြင်ထိန်းသိမ်းမှုကလည်း မလိုက်နိုင်တော့ တော်တော်ကို အခြေအနေဆိုးနေတော့ အခုဆို ညတိုင်း ဆေးကြောတာတွေ ပြန်လုပ်နေပါတယ်။ တဖြည်းဖြည်းပြေလည်အောင်လုပ်ပေးမယ် ပြောပေမယ့် အစကတည်းက မှားခဲ့တဲ့အတွက် ကိုင်တွယ်တဲ့ဌာနနဲ့ သက်ဆိုင်သွားပြီ။ ဒီပလန်တွေ ထွက်လာတာ ပူးပေါင်းဆောင်ရွက်မှုက အားနည်းခဲ့တဲ့အတွက် ညဈေးတန်းကအောင်မြင်မှု မရှိပဲ အခုလိုဖြစ်နေတာပါ” ဟု ပြောဆိုသည်။

ယခုလက်ရှိ ညဈေးတန်းတွင် ဖွင့်လှစ်ထားသည့် ဈေးသည်များ စည်းကမ်းတကျဖြင့် စည်ကားစွာ ပြန်လည် ရောင်းချရန် စည်ပင်ဌာနတွင် တာဝန်ရှိပြီး ညဈေးတန်းကို မူဘောင်များ မခိုင်ခံ့ဘဲ အမြန်ဆုံးဖော်ဆောင်လိုက်သည့်အတွက် ယခုကဲ့သို့ ညဈေးတန်းမှာ အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ၎င်းကဆိုသည်။

ညဈေးတန်း ပြန်လည်စည်ကားစေရန် ယခုလအတွင်းတွင် ပန်းဘဲတန်းမြို့နယ်ရှိ ရွှေဘုံသာလမ်းတွင် ဖွင့်လှစ်ရောင်းချနေသည့် လမ်းဘေးဈေးများကို ကမ်းနားညဈေးတန်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောကြားသည်။

အဆိုပါ ရွှေဘုံသာလမ်းတွင် ရောင်းချနေသည့် ဈေးသည် ၃၀၀ ခန့်ကို ကမ်းနားညဈေးတန်းအတွင်းရှိ ပန်းဆိုးတန်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကမ်းနားလမ်း မြေနေရာတွင် ရောင်းချခွင့် ပေးသွားမည်ဖြစ်ပြီး ညဈေးတန်းကို ပြန်လည်စည်ကားလာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

မြို့တွင်း လေးမြို့နယ်တွင် ဈေးရောင်းချသည့် လမ်းဘေးဈေးသည်များကို စနစ်တကျ ရောင်းချနိုင်စေရန် ညဈေးတန်းကိုဖော်ဆောင်ပေးခဲ့ပြီး ရန်ကုန်မြို့၏ဒုတိယမြောက် ညဈေးတန်းကို ယခုနှစ်ဆန်းတွင် ပုဇွန်တောင် မြို့နယ် ၅၂ လမ်းတွင် ထပ်မံဖွင့်လှစ်ပေးခဲ့ရန် စီစဉ်ထားသော်လည်း ယနေ့အချိန်ထိ ဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ။


ဓာတ်ပုံ-The Voice

လတ်တလောတွင် ရန်ကုန်မြို့ညဈေးတန်းက ခြောက်ကပ်နေခြင်းမှာ မိုးတွင်းကာလဖြစ်သောကြောင့် လာရောက်သူ နည်းပါးခြင်းကြောင့်ဖြစ်ပြီး ပွင့်လင်းရာသီ ရောက်ပါက ညဈေးတန်းကြီး ပြန်လည်စည်ကားလာမည်ဟု ဈေးသည်အချို့ကလည်း ယုံကြည်မျှော်လင့်နေကြသည်။

“အခုက ညနေ ၃ နာရီကနေ ညနေ ၆ နာရီ၊ ၇ နာရီလောက်ထိ ညဈေးတန်းဘက်မှာ ရောင်းနေပေမယ့် ဒီမှာက လူလာနည်းပြီး ရောင်းမကောင်းတဲ့အတွက် ည ၇ နာရီကျော်ရင် အရင်နေရာလေးမှာ ပြန်ပြီး ခိုးရောင်းနေရပါတယ်” ဟု ညဈေးတန်းတွင် ဈေးရောင်းချနေသည့် ဒေါ်အေးအေးက ဆိုလိုက်သည်။

■ **သက်ရှိုင်းသူ**



ဓာတ်ပုံ - ဇော်ရှင်း

# ပဲခူးအကျဉ်းထောင်မှ အကျဉ်းသား ၁၀၀ ခန့် ကျိုက်ဇကော အကျဉ်းထောင်သစ်သို့ ပြောင်းရွှေ့

**တောင်ငူ၊ ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက်ရှိ ပဲခူးအကျဉ်းထောင်မှ အကျဉ်းသား ၁၀၀ ခန့်ကို ဩဂုတ်လ ၂၀ရက် နံနက် ၈နာရီက ဒိုက်ဦးမြို့ရှိ ကျိုက်ဇကော အကျဉ်းထောင်သစ်သို့ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပြောင်းရွှေ့ခဲ့ကြောင်း အကျဉ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက ပြောကြားသည်။

"ကျိုက်ဇကော အကျဉ်းထောင်က အသစ်ထပ်ဖွင့်မှာပါ။ ဒါကြောင့် ပဲခူးအကျဉ်းထောင်က အကျဉ်းသားတစ်ရာကို ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေ၊ သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ဖို့ပြောင်းရွှေ့ခဲ့တာပါ။ နောက်ပိုင်းမှာတော့ ပဲခူးကအကျဉ်းသားတွေကို အကျဉ်းထောင်သစ်မှာ ထားကောင်းထားနိုင်ပါတယ်"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ အကျဉ်းသားများကို ပဲခူးအကျဉ်းဦးစီးဌာနမှ မော်တော်ယာဉ်များဖြင့် ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး (ခေတ္တ) ဦးဆောင်ပြီး လုံခြုံရေး အစီအမံများဖြင့် စနစ်တကျ ရွှေ့ပြောင်းပေးခဲ့ပြီး ကျိုက်ဇကော အကျဉ်းထောင်ကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပဲခူးအကျဉ်းထောင်တွင် လက်ရှိ တရားရင်ဆိုင်နေရသည့် အချုပ်ကျတရားခံများကို ဆက်လက်ထားရှိမည်ဖြစ်ကာ ယခင်အတိုင်း စောင့်ရှောက်ထိန်းသိမ်းမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျိုက်ဇကောကျေးရွာအနီးတွင် မကြာမီ အသစ် ဖွင့်လှစ်မည့် အကျဉ်းထောင်သစ်သို့ ပဲခူးထောင်မှ အကျဉ်းသားများကို ပြောင်းရွှေ့ပေးခဲ့ရာ ယင်းနေ့နံနက် ၉ နာရီခွဲက ရောက်ရှိကာ အပ်နှံပေးခဲ့ကြောင်း ပဲခူးခရိုင် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းဘက်မှ အရှေ့ဘက် သုံးမိုင်ခန့်အကွာ အေးသုခ မြို့သစ် ကျိုက်ဇကော ကျေးရွာအနီးတွင် လွန်ခဲ့သော ၂နှစ်ကျော်ခန့်မှ စတင်ကာ အကျဉ်းထောင် ဆောက်လုပ်ခဲ့ကြောင်း ဒိုက်ဦးမြို့ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ဦးကျော်သူထိုက်က ပြောကြားသည်။

■ R-15

# ကလေးတွင် မျက်စိဝေဒနာရှင်များကို အခမဲ့ဆေးကုသပေးမည်

**ကလေး၊ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို (ကလေးမြို့)သီတဂူအာရောဂျဒါန ဆေးရုံတွင် အခမဲ့ဆေးကုသပေးမည်ဖြစ်ကြောင်း မဟာသန္တာရုံကျောင်းတိုက် မြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌက မိန့်ကြားသည်။

ကလေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအနေနှင့် ဩဂုတ်လ ၂၁ ရက်နေ့မှ စတင်ကာ စက်တင်ဘာလ ၅ ရက်နေ့အထိ ကလေးမြို့သီတဂူအာရောဂျဒါနဆေးရုံတွင် လာရောက်စာရင်းပေးသွင်းနိုင်ပြီး မျက်စိစမ်းသပ်ကုသခြင်းကို ဩဂုတ်လ ၂၈ ရက်နေ့မှ စတင်ကာ စက်တင်ဘာလ ၅ ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ကာ ခွဲစိတ်ကုသခြင်းကို ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ ဆေးကုသပေးမည်ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

ကလေးမြို့သီတဂူ အာရောဂျဒါန ဆေးရုံကို ဖွင့်လှစ်ခဲ့သည့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့မှ စတင်ကာ ယခုနှစ် ဩဂုတ်လအထိ မျက်စိဝေဒနာရှင်များကို အခမဲ့ဆေးကုသမှု ၁၁ ကြိမ်ပြုလုပ်ပေးခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း ၉၆၄၈ ဦးကို စမ်းသပ်စစ်ဆေးခဲ့ကာ ၂၀၈၇ ဦးကို ခွဲစိတ်ကုသမှု ပြုလုပ်ပေးနိုင်ခဲ့ကြောင်း အာရောဂျဒါနဆေးရုံတော်၏ မှတ်တမ်းများအရ သိရသည်။

■ R-20

# NEWS IN BRIEF

## တောင်ငူမြို့လယ်တွင် ဆိုင်ကယ် နှစ်စီးတိုက်၊ ၂ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၈)ရပ်ကွက် ရန်ကုန် - မန္တလေး လမ်းဟောင်းပေါ်တွင် ဩဂုတ်လ ၁၉ ရက်ညပိုင်းက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်ရာမှ နှစ်ဦးသေဆုံးခဲ့ကြောင်း တောင်ငူခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်ငူမြို့ သဖန်းပင် ကျေးရွာအုပ်စုတွင် နေထိုင်သော ကိုစည်သူဦး (၂၀နှစ်) မောင်းလာသော ဆိုင်ကယ်နှင့် အမျိုးသားတစ်ဦးမောင်းလာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြောင်း၊ ဆိုင်ကယ်တိုက်မှုကြောင့် နှစ်ဦးလုံး သေဆုံးခဲ့သဖြင့် ၎င်းတို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်ထားကြောင်း တောင်ငူမြို့မ ရဲစခန်းထံမှ သိရသည်။ ■ R-15

## ဆွံ့အ နားမကြားသူ မိန်းကလေးအား အဓမ္မပြုကျင့်သူကို ဖမ်းမိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာမြို့အင်ပင်သာ ကျေးရွာအုပ်စုရှိ အသက် ၁၆နှစ်အရွယ် မိန်းကလေးကို အိမ်သို့ ခေါ်ဆောင်ကာ အဓမ္မပြုကျင့်သော အမျိုးသားကို ဩဂုတ် ၁၉ရက် ညနေပိုင်းက ဖမ်းမိခဲ့ကြောင်း ညောင်ပင်သာ နယ်မြေရဲစခန်းထံမှ သိရသည်။

ဩဂုတ်လ ၁၇ရက် ညပိုင်းတွင် မိန်းကလေး နေအိမ်တွင် မရှိသည်ကို ၎င်း၏မိခင်က တူဖြစ်သူနှင့်အတူ ရှာဖွေခဲ့ရာ တစ်ရွာတည်းနေသော အမျိုးသား (၃၁နှစ်)နှင့်အတူ နေအိမ်ထဲမှ ထွက်လာသည်ကို တွေ့ခဲ့ရကြောင်း၊ သမီးကို မေးမြန်းရာမှ အဓမ္မ ပြုကျင့်ခဲ့သည်ကို သိရှိသဖြင့် ရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ခဲ့ကြောင်း၊ ကျူးလွန်သူဟု စွပ်စွဲခံရသူကို ၎င်း၏ အစ်မ နေအိမ်တွင် ဖမ်းမိခဲ့ပြီး အခင်းဖြစ်စဉ်က ဝတ်ဆင်ခဲ့သော အဝတ်အစားများကို ဓာတုဗေဒဝန်ရုံးထံ ပို့ဆောင် စစ်ဆေးမည်ဖြစ်ကြောင်း ယင်းနယ်မြေ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ R-15

# ဝမ်းတွင်းမြို့နယ်မှ ပိုးသတ်ဆေးခတ်ခံရသည့်ရေကို ဓာတ်ခွဲစမ်းသပ်မည်

**မိတ္ထီလာ၊ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာအုပ်စုမှ ကျေးရွာအများသုံးသောက်သုံးရေတွင်းနှစ်တွင်းသည် ဩဂုတ် ၁၈ ရက်နေ့ နံနက်က ပိုးသတ်ဆေးခတ်ခံရသည့်အတွက် ယင်းရေကို ဓာတ်ခွဲစမ်းသပ်မည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က ပြောကြားသည်။

"အဲဒီရေကို သောက်သုံးခြင်းမပြုဖို့နဲ့ ကျွဲ၊ နွားတိရစ္ဆာန်အတွက်လည်း အသုံးမပြုဖို့မှာထားပါတယ်။ ခတ်တဲ့လူကိုလည်း စုံစမ်းနေပါတယ်။ လက်ရှိအခြေအနေက အေးဆေးပါတယ်။ နောက်ထပ်လည်းမတွေ့ရပါဘူး။ လူနဲ့ ကျွဲ၊ နွားတိရစ္ဆာန် ထိခိုက်သေဆုံးမှုလည်းမရှိပါဘူး" ဟု ၎င်းက ဆိုသည်။

အဆိုပါ ရေတွင်းနှစ်တွင်းတွင် ယင်းနေ့က ရေ၏အရောင်မှာပုံမှန်မဟုတ်ဘဲ အနံ့ရနေသည့်အပြင် ပိုးသတ်ဆေးဘူးခွံများကိုပါ တွေ့ရှိရသည့်အတွက် ယင်းရေတွင်းနှစ်တွင်းကို လက်ရှိတွင်သုံးစွဲခွင့်မပြုသေးဘဲ ကျန်းမာရေးဌာန၏ခွင့်ပြုချက်ရရှိမှသာ ပြန်လည်သုံးစွဲရန်ညွှန်ကြားထားကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ ရေတွင်းနှစ်တွင်းသည် ပေတစ်ရာကျော်စီ ကွာဝေးပြီး အချင်း လေးပေပတ်လည်၊ အနက်ခုနစ်ပေ ရေတွင်းအဝိုင်းထဲတွင် အဖုံးဖွင့် ဖော့ဆို့ပွင့်ရွှေဆိုက်ပါ ပိုးသတ်ဆေး ၁၀၀ စီစီ နှစ်ဘူးနှင့် ငါးပေပတ်လည်၊ အနက် ခုနစ်ပေရှိ ရေတွင်းလေးထောင့်ထဲတွင် အဖုံးနှင့် ဖော့ဆို့ပွင့် ရွှေဆိုက်ပါ ပိုးသတ်ဆေး တစ်ဘူးနှင့် အဖုံးနှင့် ဖော့ဆို့မပိတ်ရသေးသော ပိုးသတ်ဆေးနှစ်ဘူးကို ဆယ်ယူရရှိခဲ့ကြောင်း ဝမ်းတွင်းမြို့မ ရဲစခန်းထံမှ သိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာနက လာရောက်စစ်ဆေးလျက်ရှိပြီး ၎င်းတို့၏ညွှန်ကြားချက်အရ ရေတွင်းနှစ်တွင်းစလုံးမှရေကို ရေစုပ်စက်ဖြင့် စုပ်ထုတ်ထားကြောင်း ယင်းဒေသခံများထံမှ သိရသည်။

ယင်းသို့ရေတွင်းများထဲသို့ ပိုးသတ်ဆေးခတ်ခံရမှုနှင့် ပတ်သက်ပြီး အလားတူဖြစ်ရပ်မျိုးထပ်မံမကြုံတွေ့စေရန် ကျေးရွာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပိုးသတ်ဆေးခတ်သူကိုလည်း စုံစမ်းလျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က ပြောကြားသည်။

■ R-01



ဓာတ်ပုံ – ခင်မေစန်း

# မုံရွာ - ခန္တီး ရေယာဉ် ပြေးဆွဲမှုသုံးရက်နားမည်

**ကလေး၊ ဩဂုတ် ၂၀**

မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်နေသဖြင့် မုံရွာ- ခန္တီး ရေယာဉ်များသွားလာခွင့်ကို သုံးရက်ပိတ်ထားမည်ဖြစ်ကြောင်း ပုဂ္ဂလိကအမြန်ရေယာဉ်များစနစ်တကျပြေးဆွဲရေး ကော်မတီ (မုံရွာ)ဌာနမှူး ဦးသောင်းညွန့်က ပြောကြားသည်။

ခန္တီးမြို့တွင် ဩဂုတ်လ ၁၂ ရက်နေ့ကစ၍ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိပြီးနောက် ခန္တီး-မုံရွာသွား ရေယာဉ်များကို ဩဂုတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ ပိတ်ထားခဲ့ပြီး ခန္တီးမြို့တွင် လက်ရှိမြစ်ရေပြန်ကျနေသော်လည်း မုံရွာမြို့တွင် စိုးရိမ်ရေမှတ်ကျော်လွန်နေသဖြင့် ဩဂုတ်လ ၂၁ ရက်မှ ဩဂုတ်လ ၂၃ ရက်အထိ မုံရွာမှ ခန္တီးသို့ပြေးဆွဲသည့် ရေယာဉ်များကိုပိတ်ထားခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"သုံးရက်လောက် ပိတ်ပေးမှသာ ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းမယ်ဆိုပြီး အဖွဲ့ပေါင်းစုံအစည်းအဝေးဆုံးဖြတ်ချက်အရ သုံးရက်ထပ်ပိတ်ပေးလိုက်ရတာပါ"ဟု ဦးသောင်းညွန့်က ဆိုသည်။

ခန္တီးမြို့မှ အထက် တိုက်တီးကျေးရွာအထိ ပြေးဆွဲနေသည့် ရေယာဉ်လိုင်းများကိုမူ ဩဂုတ်လ ၁၄ ရက်နေ့ကစ၍ပိတ်ထားခဲ့ရာ မြစ်ရေကျဆင်းပြီးဖြစ်၍ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲခွင့်ပြုထားကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

ထို့ပြင် ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေကျဆင်းနေသည့်အတွက် ခန္တီးမြို့မှ မုံရွာမြို့သို့(အဆင်း)ထွက်ခွာသည့် ရေယာဉ်များကိုမူ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြန်လည်ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း ပုဂ္ဂလိကအမြန်ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီ (ခန္တီး) ဌာနမှူး ဦးစိန်လင်း က ပြောကြားသည်။

ခန္တီးမြို့မှ အောက်ဘက် ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီနှင့် မုံရွာစသည့် မြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်ရေယာဉ် ၁၂၉ စင်းနှင့် ကုန်တင်ရေယာဉ် ၅၄၄ စင်းရှိကြောင်း ယင်းကော်မတီထံမှ သိရသည်။

■ R-20

# မိုင်းတုံတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဆိုင်ကယ်တိုက်သေဆုံး

**ကျိုင်းတုံ ၊ ဩဂုတ် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့ တောင်ကြီး-မိုင်းတုံကားလမ်း ဝမ်းနားကျေးရွာဘက်မှ မြို့မရပ်ကွက်ကြားတွင် ဩဂုတ်လ ၁၉ ရက် ညပိုင်း ဝမ်းနားကျေးရွာအုပ်ချုပ်ရေးမှူး ဆိုင်ကယ်တိုက်ခံရ၍ သေဆုံးခဲ့ကြောင်း မိုင်းတုံမြို့မ ရဲစခန်းထံမှ သိရသည်။

အဆိုပါ အုပ်ချုပ်ရေးမှူး ဦးပန္တိ (၅၅နှစ်)က ဝမ်းနားကျေးရွာဘက်မှ မြို့မရပ်ကွက်ဘက်သို့ဆိုင်ကယ်မောင်းလာစဉ် ယာဉ်မောင်းတစ်ဦး မောင်းလာသောဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် ဝင်တိုက်ခဲ့ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှာ ဒဏ်ရာများ ရရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသသော်လည်း သေဆုံးခဲ့ကြောင်း၊ ဆိုင်ကယ်တိုက်ကာ ထွက်ပြေး တိမ်းရှောင်နေသူကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/၂၀ ဖြင့် စုံစမ်းနေကြောင်း ကျိုင်းတုံမြို့ရှိ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■R-16

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊ ဖုန်း - ၀၉၇၇၈၈၃၃၀၇၁ (မန္တလေး)

# တောင်ငူ လမ်းနှင့် မြောင်း ပြုပြင်ရေး စည်ပင်ဘတ်ဂျက်အများဆုံးသုံးမည်

**တောင်ငူ၊ ဩဂုတ် ၂၀**

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် လိုင်စင်လေလံကြေးငွေ စုစုပေါင်း သိန်း ၆၀၀၀ ကျော်ကို မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်ရှိလမ်း၊ ရေနုတ်မြောင်းများ အသစ်ပြုပြင်တည်ဆောက်ရေးအတွက် သုံးစွဲမည်ဖြစ်ကြောင်း အဆိုပါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေ ကျပ်သိန်း ၃၇၀၀ ခန့်နှင့် အရပ်ရပ်အခွင့်အရေး လိုင်စင်မှရရှိသောဝင်ငွေများ ပါဝင်ပါက ကျပ်သိန်း ၆၇၀၀ ခန့်ရှိကြောင်း၊ တောင်ငူတွင် အထူးလိုအပ်နေသောလမ်းများနှင့် မိုးရွာပါကရေကြီး ရေနုတ်မြောင်းများ ပြုပြင်တည်ဆောက်ဖို့အဓိကထားသုံးစွဲရန် ညှိနှိုင်းဆုံးဖြတ်ထားကြောင်း တောင်ငူမြို့နယ်စည်ပင်သာယာရေး ကော်မတီဝင် ဦးသက်လွင်ဦးက ပြောကြားသည်။

တောင်ငူတွင် မိုးရာသီရောက်ပါက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသောဈေးလမ်း၊ ကုန်သည်ကြီးလမ်းနှင့်ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်ရှိ ရေနုတ်မြောင်းများကို ယမန်နှစ်က ခြောက်ပေနက်သော အုတ်စီကွန်ကရစ် ရေမြောင်းနှင့် မြောင်းအဖုံးများကို ကွန်ကရစ် မြောင်းအဖုံးများကို လုပ်ဆောင်ခဲ့ကြောင်း၊ လက်ရှိတွင်ပေါက်ပြဲနေသော လမ်းမကြီးများနှင့် ကျန်ရှိသော ရေနုတ်မြောင်းများကို အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း တောင်ငူခရိုင် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနထံမှ သိရသည်။

"ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာ မြို့တွင်းလမ်းတွေမှာ မိုးရွာရင် ရေကြီးရေလျှံမှုအတော်လေးတော့ နည်းသွားတယ်၊ ဒါပေမဲ့ မြို့ရဲ့အဓိက လမ်းမကြီးတွေမှာ လမ်းတွေက ပေါက်ပြဲနေပြီ ဒါတွေကိုလည်း အမြန်ဆုံးမဟုတ်တောင် နှစ်အလိုက်ကို ပြုပြင်ပေးစေချင်တယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

တောင်ငူမြို့ပေါ်တွင် ရပ်ကွက်ကျေးရွာ ၆၄ ခု၊ လူဦးရေ တစ်သိန်းခြောက်သောင်းကျော်ရှိကာ စည်ပင်ပိုင်ဈေး ၆ဈေး၊ ပုံကျဈေး ၂၀ နီးပါးရှိကြောင်း၊ တစ်နှစ်လျှင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝင်ငွေ ကျပ်သိန်း ၄၀၀၀ နီးပါးရရှိကာ အများစုကို လမ်းတံတားနှင့် ရေရှိရေး လုပ်ငန်းများအတွက် အသုံးပြုကြောင်း တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ချက်များအရ သိရှိရသည်။

■ R-15

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ မူးယစ်ဆေး မသုံးရန် ညွှန်ကြား

**ကျိုင်းတုံ၊ ဩဂုတ် ၂၀**

ထိုင်း-မြန်မာနယ်စပ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မူးယစ်ဆေးဖြတ်သူများနှင့် မူးယစ်ဆေးဖြတ်လိုသူများကိုစောင့်ကြည့်မည့်စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူးများ အနေနှင့် မူးယစ်ဆေးများ ရောင်းဝယ်သုံးစွဲခြင်း မပြုရန် ညွှန်ကြားထားကြောင်း ယင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးကျော်သူနိုင်က ပြောကြားသည်။

ကျိုင်းတုံနှင့် တာချီလိတ်တွင် ကြီးကြပ်ရေးမှူး အယောက် ၂၀ကို သင်တန်းများပေးကာ ဖွဲ့စည်းပေးလျက်ရှိရာ ဩဂုတ်လ ၁ရက်က တာချီလိတ်တွင် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအယောက် ၂၀ကို ဖွဲ့စည်းခဲ့ကြောင်း၊ ကျိုင်းတုံတွင် ဩဂုတ်လ ၂၁ရက်၌ ဖွဲ့စည်းသွားမည်ဖြစ်ပြီး ၎င်းတို့အတွက် လုံခြုံရေး အာမခံချက် ရရှိစေရန် စိစစ်ရေးကတ်များ ထုတ်ပေးထားကြောင်း ၎င်းက ရှင်းပြသည်။

ကျိုင်းတုံမြို့ အပါအဝင် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဖြတ်ပြီးသူများ မူးယစ်ဆေးပြန်လည် သုံးစွဲခြင်း ရှိမရှိနှင့် မူးယစ်ဆေးဖြတ်လိုသူများကို ချိတ်ဆက်ခေါ်ဆောင်ပေးရန်အတွက် စေတနာ့ ဝန်ထမ်းများဖွဲ့စည်းပေးခြင်းသည် ကောင်းမွန်ကြောင်း၊ သို့သော် မူးယစ်ဆေးများကို ဈေးနှုန်းချိုသာစွာဖြင့် အများအပြားထုတ်လုပ်ရောင်းချနေသည့် ပင်ရင်းအဖွဲ့အစည်းများ ကို အမြစ်ပြတ်ဖော်ထုတ်အရေးယူနိုင်ခြင်းမရှိပါက ဒေသခံ တိုင်းရင်းသားများနှင့် ကျောင်းသားလူငယ်များမှာ မူးယစ်နွံအတွင်း ကျရောက်နေမည်ဖြစ်ကြောင်း ယင်းဒေသခံများက ပြောဆိုသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့တွင် ပြန်လည်ထူထောင်ရေးစခန်းများဖွင့်လှစ်ပြီး ၂၀၁၃ခုနှစ်ကစတင်ကာ မူးယစ်ဆေးဖြတ်လိုသူများကို မူးယစ်ဆေးဖြတ်ပေးခဲ့ကြောင်း၊ မူးယစ်ဆေးဖြတ်သူမှာ တာချီလိတ်မြို့တွင် ၂၅၀ ဦးခန့်နှင့် ကျိုင်းတုံမြို့တွင် ၁၅၀ ဦးခန့်ရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ထံမှ သိရသည်။

■ R-16

# သက်တမ်းလွန်ဆေး ရောင်းသည့်ဆိုင်များကို FDA က ပစ္စည်းသိမ်း

**ပြည်၊ ဩဂုတ် ၂၀**

ပြည်ခရိုင်အတွင်းရှိ ဆေးဆိုင်ခုနစ်ဆိုင်တွင် သက်တမ်းလွန်ဆေးနှင့် မှတ်ပုံတင်မရှိသည့်ဆေးဝါးများရောင်းချနေသည်ကိုတွေ့ရှိရ၍ သိမ်းဆည်းခဲ့ပြီး ထပ်မံရောင်းချခြင်း မပြုလုပ်ရန်သတိပေးခဲ့ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA) ပြည်ခရိုင်တာဝန်ခံ ဒေါက်တာ စိုးသက်နောင်က ပြောကြားသည်။

ယင်းသို့စစ်ဆေးတွေ့ရှိခဲ့သည့် ပြည်မြို့ရှိဆေးဆိုင်သုံးဆိုင်နှင့် ပေါင်းတည်မြို့မှ ဆေးဆိုင်လေးဆိုင်တို့ကို သက်တမ်းလွန်ဆေးဝါးများ ထပ်မံမရောင်းချရန် သတိပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"သက်တမ်းလွန်နေတဲ့ ဆေးဝါးတွေတွေ့တယ်။ အရေးယူရလောက်အောင်လည်း မကြီးဘူး။ ဆေးတွေသိမ်းဆည်းတယ်။ ခံဝန်ကတိပဲ ထိုးခိုင်းခဲ့တယ်" ဟု ဒေါက်တာစိုးသက်နောင်က ဆိုသည်။

ထို့ပြင် လာမည့်လအတွင်း နေပြည်တော်မှ mobile lab ကားဖြင့် ပြည်ခရိုင်အတွင်း ဈေးများနှင့် စားသုံးရန် မသင့်သည့် အစားအစာများကို ဓာတ်ခွဲစစ်ဆေးကာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ပြည်ခရိုင်အတွင်း ဇန်နဝါရီလမှ ဩဂုတ်လအထိ မှတ်ပုံတင်မပါရှိသည့် ဆေးဝါးများရောင်းချနေသည့် ဆေးဆိုင်ငါးဆိုင်ကို ခြောက်လပိတ်သိမ်း အရေးယူခဲ့ပြီး၊ ပြည်မြို့ ပန်းတောင်း၊ သဲကုန်းမြို့များရှိဈေးများတွင်လည်း ဆိုးဆေးပါများနှင့် စားသုံးရန်မသင့်သည့် အစားအစာများကို ရောင်းချနေသည့်ဆိုင်များကို ခံဝန်သတိပေးလက်မှတ်ထိုးခိုင်းခဲ့ပြီး ထပ်မံရောင်းချခြင်းမပြုရန် သတိပေးခဲ့ကြောင်း FDA ထံမှ စုံစမ်းသိရှိရသည်။ ■

M-06

# မုံရွာဆေးရုံတွင် ဆေးကုသနေသည့် တန့်ဆယ်မှ လူနာလေးဦးတွင် H1N1 ပိုးတွေ့

**မုံရွာ၊ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပြည်သူ့ဆေးရုံကြီးတွင် ရာသီတုပ်ကွေး သံသယဖြင့် ဆေးကုသခံယူနေသူ တန့်ဆယ်မြို့နယ်မှ လူနာ ၄ ဦးတွင် H1N1ရောဂါပိုးတွေ့ရှိကြောင်း မုံရွာဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းက ပြောဆိုသည်။

အဆိုပါလူနာ ၄ ဦးမှာ တန့်ဆယ်မြို့နယ် နဘက်ကြီးရွာမှဖြစ်၍ ဖျားနာသောကြောင့် မုံရွာဆေးရုံသို့ ဩဂုတ် ၁၈ ရက်က တက်ရောက်ကုသခြင်းဖြစ်ပြီး ရောဂါပိုးနမူနာများအား ရန်ကုန်အမျိုးသားဓာတ်ခွဲခန်းသို့ ပို့ကာဆေးစစ်ရာမှအဖြေရခဲ့သည်ဟု ၎င်းကဆိုသည်။

လတ်တလောအချိန်တွင် မုံရွာဆေးရုံကြီး၌ ဖျားနာသဖြင့် H1N1 သံသယရှိ၍ကုသခံနေသူ မြို့သစ်ရပ်မှ အမျိုးသမီးတစ်ဦးနှင့် မုံရွေးကြေးမုံမှ လူနာ ၂ ဦးရှိနေကာ ဓာတ်ခွဲခန်းအဖြေအား စောင့်ဆိုင်းနေသည်ဟု ဒေါက်တာအေးငြိမ်းကပြောသည်။

စစ်ကိုင်းတိုင်းအတွင်း အဆိုပါရောဂါဖြစ်ပွားသူ ၁၃ ဦးအထိရှိခဲ့ပြီး ကနဦးဖြစ်ပွားသူ အမျိုးသားနှစ်ဦးမှာသေဆုံးခဲ့ကာ ကျန်လူနာများမှာ မန္တလေးနှင့် မုံရွာဆေးရုံတို့တွင် တက်ရောက်ကုသခံယူလျက်ရှိရာမှ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ဆင်းသွားကြခြင်းဖြစ်ကြောင်း ဒေါက်တာအေးငြိမ်းက ရှင်းပြသည်။

ယင်းကြောင့် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် တိုင်းအစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဒေသတွင်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အရပ်ဘက်အဖွဲ့အစည်းများကလည်း နှာခေါင်းစည်းဝေခြင်းနှင့် လက်မကြာခဏဆေးခြင်း စသည့်လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိကြောင်း ယင်းအဖွဲ့အစည်းများထံမှ သိရသည်။ ■ R-08

## NEWS PHOTO



ဓာတ်ပုံ – Zaw G

ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့မြို့မခြင်းလုံးအားကစားရုံတွင် ဩဂုတ် ၁၈ ရက်မှ ၂၀ရက် အထိ (၉) ကြိမ်မြောက် ပုသိမ်ဝါဆို ခြင်းပွဲတော်ကို ကျင်းပလျက်ရှိရာ ခြင်းလုံးအသင်းတစ်သင်းပါဝင် ကစားနေစဉ်

# မကွေးတွင် အကျဉ်းထောင်သစ်တစ်ခု တည်ဆောက်မည်

**မကွေး၊ ဩဂုတ် ၂၀**

မကွေးမြို့တွင် (က)အဆင့်ရှိအကျဉ်းသား ၁၀၀၀ ဆံ့ထောင်တစ်ခုကိုယခုဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း နေပြည်တော်ရှိ ဗဟိုအကျဉ်းဦးစီးဌာနမှ ဒုညွှန်မှူး ဦးမင်းထွန်းစိုးက The Voice သို့ ပြောကြားသည်။

မကွေးအကျဉ်းထောင်ကို မကွေးမြို့နှင့် ၇ မိုင်ကွာ ရဲတပ်ရင်း(၂၅)အနီး ရန်ကုန်- မန္တလေး ကားလမ်းမအနီးတွင် တည်ဆောက်မည်ဖြစ်ပြီး လက်ရှိအချိန်၌ မကွေးတိုင်းဒေသကြီးအတွင်း သရက်အကျဉ်းထောင်နှင့် ပခုက္ကူအကျဉ်းထောင်တို့သာ ရှိနေကြောင်း အကျဉ်းဦးစီးဌာနထံမှ သိရှိရသည်။

အသစ်တည်ဆောက် ပြီးစီးနေပြီဖြစ်သည့် ဒိုက်ဦးထောင်၊ မိုးညှင်းထောင်နှင့် ကျိုက်မရောထောင်တို့ကိုလည်း မကြာမီဖွင့်လှစ်မည်ဖြစ်ပြီး ယခုတည်ဆောက်မည့် မကွေးအကျဉ်းထောင်ပြီးစီးပါက တစ်နိုင်ငံလုံးတွင် အကျဉ်းထောင်ပေါင်း ၄၄ ခု အထိရှိလာမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

"မကွေးအကျဉ်းထောင်ကို နိုင်ငံတော်ဘတ်ဂျက်နဲ့ အသုံးပြုပြီး အခုနှစ်မှာပဲ လုပ်ငန်းအချို့စတင်ပါမယ်။ လုပ်ငန်းတင်ဒါတွေ ခေါ်နေပါပြီ။ အမှန်တကယ်ထားရှိရမယ့် အကျဉ်းသားအရေအတွက်နဲ့ နိုင်ငံတကာစံတွေအတိုင်း အဆင့်မီထားရှိနိုင်ရေး အခုလို အကျဉ်းထောင်အသစ်တွေတည်ဆောက်နေတာပါ"ဟုဦးမင်းထွန်းစိုးက ပြောကြားသည်။

အကျဉ်းဦးစီးဌာန လက်အောက်တွင် တစ်နိုင်ငံလုံး အကျဉ်းထောင်ပေါင်း ၄၀ ရှိပြီး အကျဉ်းသားအရေအတွက် ရှစ်သောင်းကျော်ရှိကြောင်း အကျဉ်းဦးစီးဌာနရုံးချုပ်ထံမှ သိရှိရသည်။

နိုင်ငံတကာစံနှုန်းများနှင့် အညီ အကျဉ်းသားများ ချောင်ချိစွာနေထိုင်နိုင်ရေးနှင့် ထောင်တွင်းမှုခင်းများလျော့ကျစေရေးအတွက် အဓိက ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း မကွေးတိုင်း ဒေသကြီး အကျဉ်းဦးစီးဌာန ဒုညွှန်မှူး ဦးချစ်လွင်က ရှင်းပြသည်။

အကျဉ်းဦးစီးဌာန လက်အောက်တွင် အကျဉ်းထောင်များကို (က)အဆင့်၊ (ခ)အဆင့် ခွဲခြားထားပြီး (က)အဆင့်သည် အကျဉ်းသား ၁၀၀၀ ဆံ့ ဖြစ်ပြီး၊ (ခ) အဆင့်သည် အကျဉ်းသား ၅၀၀ ဆံ့အကျဉ်းထောင်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရှိရသည်။

"(ခ)အဆင့် အကျဉ်းထောင်ကို (က) အဆင့်တိုးပေးထားသော်လည်း အဆင့်သာတက်လာတာ ဝန်ဆောင်မှုအပိုင်းမှာ သိပ်မထူးတာတွေရှိတယ်။ ဒါတွေကိုမကြာမီ ဖြေရှင်းနိုင်တော့မယ်လို ထင်ပါတယ်"ဟု ဦးချစ်လွင်က ဆိုသည်။

အကျဉ်းသားတစ်ဦးအတွက် နိုင်ငံတကာစံနှုန်းအရ နေထိုင်ရန် အကျယ်အဝန်းသည် ၃၆ စတုရန်းပေရှိရမည်ဖြစ်သော်လည်း လက်ရှိမှာမူထားရှိနိုင်ခြင်းမရှိသေးဘဲ ပြစ်မှုပြစ်ဒဏ်နှင့် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုခင်းများအပေါ်မူတည်၍ အကျဉ်းသား အမျိုးအစားနှင့် နေထိုင်ရန် အဆောင်တို့ကို ခွဲခြားထားရှိရမည်ဖြစ်သော်လည်း လက်ရှိတွင်မူ အခက်အခဲရှိနေသေးကြောင်း အကျဉ်းဦးစီးဌာနတာဝန်ရှိသူအချို့က ရှင်းပြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကိုလိုနီခေတ်က မကွေးထောင်နှင့် တောင်တွင်းကြီးထောင်တို့ ရှိခဲ့ပြီး တောင်တွင်းကြီးထောင်မှာ ၁၉၇၄ခုနှစ်တွင် မီးလောင်ပျက်စီးခဲ့ကာ မကွေးထောင်မှာမူ ၁၉၅၀ ပြည့်နှစ် ရောင်စုံသူပုန်ခေတ်က သူပုန်စီးခံရသဖြင့် ပျက်စီးခဲ့ရကြောင်း မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနထံမှ သိရှိရသည်။ ■ R-02

# ၁၇ နှစ်အရွယ် မိန်းကလေး ကြိုးဆွဲချ

**ဟင်္သာတ၊ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့လမ်းမတော်တောင်ရပ်ကွက် သီရိမင်္ဂလာလမ်းနေ အသက် ၁၇ နှစ်အရွယ်မိန်းကလေး ဩဂုတ်လ ၁၉ရက် မွန်းလွဲပိုင်းက ကြိုးဆွဲချသေဆုံးခဲ့ကြောင်း ဇလွန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အသက် ၆၀ကျော် အဘွားဖြစ်သူနှင့် အတူနေထိုင်သော မိန်းကလေးမှာ အိမ်အပေါ်ထပ်တန်းတွင် ကြိုးဆွဲချခဲ့ကြောင်း၊ ၎င်းဖခင်မှာ လွန်ခဲ့သော ၁၅နှစ်မှ စတင်ကာ စိတ်ကျန်းမာရေးချို့တဲ့သူဖြစ်ပြီး ဝက်ရူးပြန်ရောဂါ ခံစားနေရကြောင်း၊ ယင်းကြောင့် စိတ်ထိခိုက်ကာ ကြိုးဆွဲချခြင်းဖြစ်သည်ဟု အဘွားတော်စပ်သူက ပြောဆိုကြောင်း၊ သေဆုံးမှုကို သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေကြောင်း ဇလွန်မြို့မ ရဲစခန်းထံမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ■ R-13

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၇၇၁

# ယခုလအတွင်း မန်ယူနှင့် အီဘရာဟီမိုဗစ်တို့ စာချုပ်သစ် ချုပ်ဖြစ်လိမ့်မည်ဟု သတင်းထွက်

**မန်ချက်စတာ၊ ဩဂုတ် ၂၀**

ဒဏ်ရာပြဿနာများကြောင့် အနားယူနေရသည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် လက်ရှိဩဂုတ်လအတွင်း၌ မန်ယူနှင့်စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးဖြစ်လိမ့်မည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ပြီဖြစ်ပြီး မန်ယူအသင်းတာဝန်ရှိသူများမှာ အီဘရာဟီမိုဗစ်ကို စာချုပ်သစ် တရားဝင်ကမ်းလှမ်းထားပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

အသက် ၃၅ နှစ်အရွယ်ရှိ အီဘရာဟီမိုဗစ်သည် လက်ရှိတွင် အပေါ့စားလေ့ကျင့်ရေးများ စတင်ဆောင်ရွက်နေပြီဖြစ်ကာ ၎င်း၏ဒဏ်ရာကိုကုသပေးနေသည့်ဆရာဝန်များကမူ အီဘရာဟီမိုဗစ်အနေနှင့် ဒဏ်ရာနာကျင်မှုများ ပြန်မဖြစ်စေရန်အတွက် လေ့ကျင့်ရေးများကို ပြင်းပြင်းထန်ထန် မလုပ်သင့်ကြောင်း သတိပေးလျက်ရှိသည်။

အီဘရာဟီမိုဗစ်သည် မန်ယူက အန်ဒါလက်ချ်ကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ဒူးအရွတ်စုတ်ပြဲသည့်ဒဏ်ရာကို ရရှိကာ ကာလရှည်အနားယူနေရခြင်းဖြစ်ပြီး အစောဆုံးအဖြစ် လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလသို့ရောက်မှသာ အီဘရာဟီမိုဗစ်က ကြံ့ခိုင်မှုအပြည့်ဖြင့် ဘောလုံးပြန်ကစားနိုင်လိမ့်မည်ဟု မန်ယူအသင်း ဆေးအဖွဲ့က ခန့်မှန်းထားသည်။

အီဘရာဟီမိုဗစ်သည် လက်ရှိတွင် ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ စိန့်ထရိုပက်ဇ်ဒေသသို့ အပန်းဖြေခရီးရောက်ရှိနေပြီး ယင်းခရီးမှနေ၍ ပြန်လည်ရောက်ရှိချိန်တွင် အီဘရာဟီမိုဗစ်က မန်ယူနှင့်စာချုပ်သစ်ချုပ်လိမ့်မည်ဟု ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

မန်ယူအသင်းတာဝန်ရှိသူများသည် စီးရီးအေကလပ် အေစီမီလန်အပါအဝင် အမေရိကန်မေဂျာလိဂ်ကလပ်အသင်းအချို့က အီဘရာဟီမိုဗစ်ကိုခေါ်ယူရန် ကြိုးပမ်းနေကြသည့်အတွက် စာချုပ်သစ်ကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရန် စီမံလိုက်ကြခြင်းဖြစ်ပြီး မန်ယူနည်းပြမော်ရင်ညိုကလည်း အီဘရာဟီမိုဗစ်မှာ မန်ယူထံတွင် ကစားသမားဘဝ ဆက်လက်ဖြတ်သန်းလိမ့်မည်ဟု ၎င်းအနေနှင့် အခိုင်အမာယုံကြည်ကြောင်း ဖွင့်ဟပြောကြားထားသည်။ ■ E-11



# မြန်မာအမျိုးသမီးအသင်း ကြေးတံဆိပ်သာ အမြင့်ဆုံး မျှော်လင့်နိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပနေသည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲကို ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ကြေးတံဆိပ်ဆုကိုသာ အမြင့်ဆုံးရယူနိုင်တော့မည်ဖြစ်သည်။

ဩဂုတ် ၂၀ ရက်နေ့က ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့်အတွက် ရွှေတံဆိပ်ဆုရယူနိုင်မည့်မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ရပြီး ကြေးတံဆိပ်သာ မျှော်မှန်းခွင့်ရတော့သည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည်။

မြန်မာအသင်းသည် အဖွင့်ပွဲစဉ်တွင် ထိုင်းအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး မလေးရှားအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း အဓိကပြိုင်ဘက် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုပထမနေရာနှင့် ဒုတိယနေရာကို လက်လွှတ်လိုက်ရခြင်းဖြစ်သည်။

ယင်းကြောင့် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ရော်ဂျာ၏ အနာဂတ်မှာလည်း ဝေဝါးလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နီးစပ်သူများထံက သိရှိရသည်။

မြန်မာအသင်းသည် နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၂ ရက်နေ့တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိခဲ့ပါက ကြေးတံဆိပ်ဆုကို ရရှိမည်ဖြစ်သည်။ ■ J-04



# ဒီယေဂိုကော်စတာကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းရန် အက်သလက်တီကို ပြင်ဆင်

**မက်ဒရစ်၊ ဩဂုတ် ၂၀**

စပိန်လာလီဂါကလပ် အက်သလက်တီကိုအသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏကို တိုးမြှင့်ပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကြားတွင် ဒီယေဂိုကော်စတာအပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၅၀ ဖြင့် သဘောတူညီမှု ရနိုင်လိမ့်မည်ဟု အက်သလက်တီကိုက မျှော်မှန်းနေကြောင်း Marca က ဖော်ပြထားသည်။

ချယ်လ်ဆီးသည် ဒီယေဂိုကော်စတာကို အစောပိုင်း၌ ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၅၀ ရရှိပါက လက်လွှတ်ပေးမည်ဟု အရိပ်အမြွက် ပြောကြားထားခဲ့သော်လည်း အက်သလက်တီကိုဘက်က ယင်းတောင်းဆိုထားသည့်ပမာဏကို ပေးချေရန် ပြင်ဆင်လာချိန်တွင်မူ ဒီယေဂိုကော်စတာ၏တန်ကြေးကို ပေါင်သန်း ၆၀ သို့ ဈေးထပ်မံမြှင့်တင်လိုက်ပြီး ယင်းလုပ်ရပ်ကြောင့် ဒီယေဂိုကော်စတာနှင့် ချယ်လ်ဆီးအသင်းအကြားရှိ သဘောထားတင်းမာမှုမှာ ပိုမိုကြီးထွားလာဖွယ် အခြေအနေများလည်း ရှိနေပြီဖြစ်သည်။

အက်သလက်တီကိုသည် ဒီယေဂိုကော်စတာအတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၄၁ သန်းကို လက်ငင်းပေးချေကာ ကျန်ငွေ ပေါင်ကိုးသန်းကိုမူ ကစားသမားဖြစ်သူ၏စွမ်းဆောင်ရည်များအပေါ်တွင် မူတည်၍ ဆက်လက်ပေးချေရန် စီစဉ်ထားခြင်းဖြစ်ပြီး ချယ်လ်ဆီးဘက်က ဒီယေဂိုကော်စတာ၏တန်ကြေးကို မည်သို့ပင် တိုးမြှင့်သတ်မှတ်လိုက်သည်ဖြစ်စေ ၎င်းတို့အနေနှင့် ပေါင်သန်း ၅၀ ဖြင့် အပြောင်းအရွှေ့အထမြောက်စေရန် ဆွေးနွေးညှိနှိုင်းနိုင်လိမ့်မည်ဟု အက်သလက်တီကိုအသင်းတာဝန်ရှိသူများက မျှော်လင့်ထားကြသည်။

အသက် ၂၈ နှစ်အရွယ်ရှိ ဒီယေဂိုကော်စတာသည် လက်ရှိတွင် ဘရာဇီးနိုင်ငံ လာဂါတိုမြို့တွင် တစ်ကိုယ်တော် အစီအစဉ်ဖြင့် လေ့ကျင့်ရေးများ လုပ်ဆောင်လျက်ရှိပြီး ချယ်လ်ဆီးအသင်းတာဝန်ရှိသူများကမူ ဒီယေဂိုကော်စတာကို အသင်းထံသို့ လာရောက်ပူးပေါင်း၍ လေ့ကျင့်ရေးဆင်းရန် ပျက်ကွက်နေမှုဖြင့် တစ်ပတ်လျှင် ပေါင်တစ်သိန်းခွဲနှုန်း ဒဏ်ရိုက်လျက်ရှိသည်။

ဒီယေဂိုကော်စတာသည် ချယ်လ်ဆီးနည်းပြ ကွန်တီက ၎င်းကို အလိုမရှိတော့သည့်အတွက် အသင်းထံပြန်လာရန် အကြောင်းမရှိတော့ကြောင်း ချယ်လ်ဆီးအသင်းတာဝန်ရှိသူများကို အတိအလင်းအသိပေးထားပြီဖြစ်ပြီး ၎င်းကို အငှားခေါ်ယူရန် ဘက်တစ်နှင့် ဒီပို့တီဗိုတို့က ကမ်းလှမ်းဆက်သွယ်ခဲ့ကြသေးသော်လည်း ယင်းကမ်းလှမ်းမှုများကို ဒီယေဂိုကော်စတာက ငြင်းဆန်ပယ်ချကာ ၎င်း၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ အသင်းဟောင်း အက်သလက်တီကိုထံသို့ ပြောင်းရွှေ့ခွင့်ရနိုင်ရေးပင်ဖြစ်သည်ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# အာဆင်နယ်အတွက် အိုဇေးလ် အကောင်းဆုံးပေးဆပ်ကစားခြင်း မရှိတော့ကြောင်း ဂျရတ် အပြစ်တင်

**လန်ဒန်၊ ဩဂုတ် ၂၀**




လီဗာပူး ယူ-၁၈ အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသည့် လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်သည် စတုတ်စီးတီးက အာဆင်နယ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်၏စွမ်းဆောင်ရည်ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်သွားခဲ့ပြီး အိုဇေးလ်မှာ အဝေးကွင်းပွဲစဉ်များတွင် အာဆင်နယ်အတွက် အကောင်းဆုံးပေးဆပ်ကစားခြင်း မရှိတော့သည့်အရိပ်အယောင်များကို မြင်တွေ့နေရသည်ဟု ဂျရတ်က ပြောကြားသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ဂျရတ်သည် စတုတ်စီးတီးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ခဲ့ကြသည့် အဆိုပါ ပရီးမီးယားလိဂ်ပွဲစဉ်တွင် အိုဇေးလ်မှာ အသင်းဖော်များနှင့် တွဲဖက်ကစားခဲ့ခြင်းမရှိဘဲ တစ်ကိုယ်ကောင်းဆန်ဆန် ကစားသွားခဲ့သည်ဟု ပြစ်တင်ဝေဖန်သွားခဲ့ပြီး တစ်ချို့သောအခြေအနေများတွင် ဘောလုံးကို အသင်းဖော်များထံ အလျင်အမြန်ပေးပို့၍ တိုက်စစ်ကို အစပြုနိုင်မည့် အခွင့်အလမ်းများရှိခဲ့သော်လည်း အိုဇေးလ်က မလိုအပ်ဘဲနှင့် ဘောလုံးအလိမ်အခေါက်များ လုပ်နေခဲ့သည့်အတွက် အာဆင်နယ် တိုက်စစ်လုပ်အားနှုန်းမှာ လျော့ကျသွားခဲ့ရကြောင်း ဂျရတ်က ထောက်ပြသွားခဲ့သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဂျရတ်က "အိုဇေးလ်ကို နှစ်ကိုယ်ခွဲပြီး မြင်နေရသလိုပါပဲ။ အရမ်းအံ့ဩစရာကောင်းနေပါတယ်။ အာဆင်နယ်အသင်းပိုင်အမ်းမရိတ်စ်ကွင်းမှာကစားနေတဲ့ အိုဇေးလ်ဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် သူမဟုတ်တော့တဲ့အတိုင်း ပျောက်ဆုံးသွားတတ်လေ့ရှိပါတယ်။ စတုတ်စီးတီးနဲ့ပွဲစဉ်မှာဆိုရင် ဘောလုံးဖြန့်မပေးဘဲ အလိမ်အခေါက်တွေနဲ့ သူက ကစားသွားခဲ့လို့ အာဆင်နယ်ရဲ့တိုက်စစ်လုပ်အားနှုန်းဟာ အရမ်းပဲ လျော့ကျသွားခဲ့ရပါတယ်"ဟု ပြောကြားသွားခဲ့သည်။

အာဆင်နယ်သည် လက်ရှိအချိန်တိုင်သည်အထိ အိုဇေးလ်၊ ဆန်းချက်ဇ်နှင့် ချိန်ဘာလိန်းတို့ကို စာချုပ်သစ်များ လက်မှတ်ရေးထိုးရန် ကြိုးပမ်းရာ၌ အဆင်မပြေမှုများဖြင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး နည်းပြအာစင်ဝင်းဂါးကမူ ယင်းကစားသမားများကို စာချုပ်သစ် မချုပ်နိုင်ခဲ့လျှင်လည်း လက်ရှိစာချုပ်သက်တမ်း ကုန်ဆုံးချိန်တိုင်သည်အထိ အသင်းထံတွင် ဆက်လက်ထိန်းသိမ်းသွားမည်သာဖြစ်ကြောင်း အသိပေးထားသည်။ ■ E-11

# အင်ဒိုနီးရှားနိုင်ငံတော်အလံကို ပြောင်းပြန်ဖော်ပြခဲ့မိခြင်းအတွက် မလေးရှားအားကစားဝန်ကြီး ဝန်ချတောင်းပန်

**ကွာလာလမ်ပူ၊ ဩဂုတ် ၂၀**

မလေးရှားလူငယ်နှင့် အားကစားရေးရာဝန်ကြီး ခိုင်ရီ ဂျမားလွတ်ဒင်သည် ၂၉ ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲ လက်ကမ်းစာအုပ်တွင် အင်ဒိုနီးရှားနိုင်ငံတော်အလံကို ပြောင်းပြန် ဖော်ပြခဲ့မိခြင်းအတွက် ပြန်လည်ဝန်ချ တောင်းပန်သွားခဲ့ပြီဖြစ်ကြောင်း Channel News Asia က ဖော်ပြထားသည်။

အင်ဒိုနီးရှား လူငယ်နှင့် အားကစားရေးရာဝန်ကြီး အိုင်မန် နာရာဝီအပါအဝင် အင်ဒိုနီးရှားနိုင်ငံသားများက ၎င်းတို့၏ နိုင်ငံတော်အလံကို ဆီးဂိမ်းစ်ပြိုင်ပွဲ လက်ကမ်းစာအုပ်တွင် ပြောင်းပြန်ထည့်သွင်းဖော်ပြထားမှုအတွက် ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်လိုက်အပြီးတွင် မလေးရှားလူငယ်နှင့် အားကစားရေးရာဝန်ကြီး ခိုင်ရီက ယခုကဲ့သို့ တောင်းပန်စကားပြောကြားလိုက်ခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီကလည်း ယင်းမှားယွင်းမှုအတွက် ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ အင်ဒိုနီးရှားတစ်မျိုးသားလုံးကို တောင်းပန်စကား ဆိုလိုက်ပြီဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသားများသည် အင်တာနက်လူမှုကွန်ရက်စာမျက်နှာများတွင် ၎င်းတို့၏နိုင်ငံတော်အလံကို ဆီးဂိမ်းစ်ပြိုင်ပွဲ လက်ကမ်းစာအုပ်၌ ပြောင်းပြန်ထည့်သွင်းဖော်ပြခြင်း ခံထားရသည်ကို #ShameOnYouMalaysia ဟူသည့် စာသားနှင့်တွဲဖက်လွှင့်တင်၍ ကန့်ကွက်ဝေဖန်ခဲ့ကြခြင်းဖြစ်ကာ ယခုအမှားအတွက် မလေးရှားအစိုးရအာဏာပိုင်များဘက်က တိုက်ရိုက်တောင်းပန်မှုကို ရရှိလိုကြောင်းလည်း အင်ဒိုနီးရှားနိုင်ငံသားများက တောင်းဆိုနေကြသည်။

အင်ဒိုနီးရှားနိုင်ငံတော်အလံသည် အပေါ်ဘက်ခြမ်းတွင် အနီရောင်၊ အောက်ဘက်ခြမ်းတွင် အဖြူရောင်ဖြစ်ပြီး ယင်းကို အတိတ်ကာလက ဆီးဂိမ်းစ်အိမ်ရှင်နိုင်ငံများစာမျက်နှာတွင် ပြောင်းပြန်ဖော်ပြကာ မလေးရှားဘက်က အမှားကျူးလွန်ခဲ့ခြင်းဖြစ်သည်။




အင်ဒိုနီးရှားသတင်းဌာန Detik.com က မလေးရှား၏လုပ်ရပ်ကို "အရမ်းကို နမော်နမဲ့နိုင်လွန်းပါတယ်။ တကယ့်ကို စိတ်ပျက်စရာကောင်းလှတဲ့ လုပ်ရပ်ပါပဲ။ ဒါဟာ နိုင်ငံတစ်နိုင်ငံရဲ့ပုံရိပ်ကို အရမ်းပဲထိခိုက်စေပါတယ်။ ဆီးဂိမ်းစ်ပြိုင်ပွဲဆိုတာ လူသန်းပေါင်းများစွာ စောင့်ကြည့်နေတဲ့ နိုင်ငံတကာပြိုင်ပွဲကြီးတစ်ခုပါ။ ဒီလိုမျိုး နောက်တစ်ကြိမ်ထပ်ဖြစ်မှာကို ကျွန်တော်တို့ ခွင့်မပြုနိုင်တော့ပါဘူး"ဟု ရေးသားဖော်ပြသွားခဲ့သည်။

အင်ဒိုနီးရှား လူငယ်နှင့် အားကစားရေးရာဝန်ကြီးဌာန အတွင်းရေးမှူး ဒီဝါဘရိုတိုကလည်း သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် "အိမ်ရှင်နိုင်ငံဆိုတာ အရာရာကို အလေးထားရပါတယ်။ တခြားနိုင်ငံတွေရဲ့အထိမ်းအမှတ်တွေ၊ သင်္ကေတတွေကို လေးစားမှုအပြည့် ထားရပါတယ်။ ဒါက အပြည်ပြည်ဆိုင်ရာမှာ စည်းမျဉ်းတွေရှိထားပြီးသားပါပဲ။ ဒီဖြစ်ရပ်ကြောင့် အင်ဒိုနီးရှားကစားသမားတွေ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်နေမှာကို စိုးရိမ်မိပါတယ်။ သူတို့ကို ကျွန်တော်မှာကြားလိုတာက ပြိုင်ပွဲကို အာရုံစူးစိုက်မှုအပြည့်ထားပြီး ဆက်လက်ကစားဖို့ပါပဲ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# နစ္စတယ်လ်ရွိုင်းနှင့် ရှုရင်ဂမ်တို့ကဲ့သို့ လုကာကု ပါးနပ်ရန် လိုအပ်သေးကြောင်း အလန်ပါဂျူး ထောက်ပြ

**လန်ဒန်၊ ဩဂုတ် ၂၀**


AP

ခရစ္စတယ်ပဲလေ့စ်၊ ဝက်စ်ဟမ်း၊ နယူးကာဆယ်နှင့် ချာလ်တန်တို့ကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသည့် ပရီးမီးယားလိဂ်ဝါရင့်နည်းပြကြီးတစ်ဦးဖြစ်သော အလန်ပါဂျူးသည် မန်ယူတိုက်စစ်မှူးသစ် လုကာကုအနေနှင့် နစ္စတယ်လ်ရွိုင်းနှင့် ရှုရင်ဂမ်တို့ကဲ့သို့သော ပါးနပ်မှုမျိုးရှိရန် လိုအပ်နေသေးသည်ဟု ထောက်ပြလိုက်ကြောင်း Daily Mail က ဖော်ပြထားသည်။

အလန်ပါဂျူးသည် မန်ယူက ဆွမ်ဆီးကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် လုကာကုသာ ပါးနပ်ခဲ့မည်ဆိုပါက မန်ယူ၏အနိုင်ရလဒ်မှာ ယခုထက်ပို၍ ပြတ်သားခဲ့လိမ့်မည်ဟု သုံးသပ်သွားခဲ့ပြီး အသင်းကြီးများနှင့် ရင်ဆိုင်ဆုံတွေ့ရသည့်ပွဲစဉ်မျိုးတွင် တိုက်စစ်မှူးတစ်ဦးအတွက် အခွင့်အရေးဟူသည်မှာ အများအပြား ရနိုင်ဖွယ်မရှိသည်ကို လုကာကုအနေနှင့် နားလည်ရမည်ဖြစ်ကြောင်း အလန်ပါဂျူးက ပြောကြားသွားခဲ့သည်။

အလန်ပါဂျူးသည် မန်ယူနှင့်ဆွမ်ဆီးတို့ ယှဉ်ပြိုင်ခဲ့ကြသည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် လုကာကုမှာ ဂိုးသွင်းယူနိုင်ခဲ့သည့် တစ်ကြိမ်ကလွဲ၍ ကျန်အချိန်များ၌ ပြိုင်ဘက်ခံစစ်မှူးများ၏နောက်တွင်သာရှိနေခဲ့ကြောင်း အသိပေးသွားခဲ့ပြီး အသင်းဖော်များက ဘောလုံးပေးပို့လိုက်ချိန်တွင် မည်သို့သောနည်းလမ်းမျိုးဖြင့် မိမိဘက်က လက်ဦးမှုရယူနိုင်မည်ဆိုခြင်းကို နည်းလမ်းရှာဖွေရာ၌ လုကာကုမှာ အားနည်းချက်များရှိနေသေးသည်ဟု အလန်ပါဂျူးက ဆိုသွားခဲ့သည်။

အလန်ပါဂျူးသည် မန်ယူအနေနှင့် ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို ဒဏ်ရာသက်သာသည်နှင့် အသင်းအတွက်


AP

အသုံးပြုနိုင်စေရန် စာချုပ်ချုပ်ဆိုထားသင့်ကြောင်း အကြံပြုသွားခဲ့ပြီး အီဘရာဟီမိုဗစ်နှင့် တွဲဖက်ကစားခွင့်ရရှိမည်ဆိုပါက လုကာကု၏စွမ်းဆောင်ရည်မှာ တမုဟုချင်းပင် တိုးတက်သွားနိုင်သည်ဟုလည်း အလန်ပါဂျူးက မှတ်ချက်ပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် အလန်ပါဂျူးက "ဆွမ်ဆီးနဲ့ပွဲစဉ်မှာ လုကာကုရဲ့စွမ်းဆောင်ရည်က မန်ယူအတွက် အကောင်းဆုံးမဖြစ်ခဲ့ပါဘူး။ ဘောလုံးအတိုကစားချိန်မှာရော အဝေးဘောကစားချိန်မှာပါ သူ့ဘက်က အားနည်းချက်တွေရှိခဲ့ပါတယ်။ ကျွန်တော့်အမြင်ကို ပြောရရင် လုကာကုရဲ့လှုပ်ရှားမှုက အခုထက်ပိုပြီး နည်းနည်းလောက်ဖြစ်ဖြစ် မြန်ဆန်ဖို့ လိုအပ်နေသလိုပါပဲ။ ပြိုင်ပွဲကြီးတွေမှာ တိုက်စစ်မှူးတစ်ယောက်အတွက် အခွင့်အရေး များများစားစားရနိုင်ဖို့ဆိုတာ ခက်ပါတယ်။ ဒါကြောင့် တစ်ကြိမ်ကို တစ်ကြိမ်အလျောက် ထိရောက်စွာအသုံးချတတ်တဲ့ ပါးနပ်မှုမျိုးရှိမှပဲ လုကာကုအတွက် အဆင်ပြေမှာပါ။ ပွဲအပြီးမှာ နည်းပြမော်ရင်ညိုနဲ့ တခြားသောနည်းပြအဖွဲ့ဝင်တွေက လုကာကုနဲ့အတူပွဲကို ဗီဒီယိုမှတ်တမ်းပြန်ကြည့်ပြီး သုံးသပ်ထောက်ပြမှုတွေ လုပ်ပါလိမ့်မယ်။ လုကာကုဟာ တိုးတက်လာမယ့်ကစားသမားတစ်ယောက်ပါ။ ဒါကိုတော့ ကျွန်တော် အကြွင်းမဲ့ လက်ခံထားပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11




## SEA GAMES NEWS & INFO

- မလေးရှားနိုင်ငံက လက်ခံကျင်းပနေတဲ့ ၂၉ ကြိမ်မြောက် SEA Games အဋ္ဌမမြောက်နေ့ ပြိုင်ပွဲတွေကို ဩဂုတ်လ ၂၁ ရက်နေ့မှာ ဆက်လက်ကျင်းပမှာဖြစ်ပြီး ရေကူး၊ မြားပစ်၊ ခရစ်ကတ်၊ ဘတ်စကက်ဘော၊ ဘိုးလင်း၊ အနောက်တိုင်းလက်ဝှေ့၊ ဘောလုံး၊ ဖူဆယ်၊ ကျွမ်းဘား၊ ဟော်ကီ(မြက်ခင်း)၊ ဟော်ကီ(ရုံတွင်း)၊ နက်ဘော၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ဝူရှူး၊ စက်ဘီး(ခရီးရှည်)၊ ဓားခုတ်၊ ပီတန်း၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘောအစရှိတဲ့ အားကစားနည်းတွေ ကျင်းပမှာဖြစ်ပြီး ရွှေတံဆိပ် ၂၅ ခုအထိ ချီးမြှင့်သွားမှာပါ။
- ရေကူးအားကစားနည်းကိုတော့ နေရှင်နယ် Aquatic စင်တာမှာ စတင်ကျင်းပမှာဖြစ်ပြီး ရေကူးအားကစားနည်းရဲ့ အဓိကအားကစားနည်းအမျိုးအစားတွေ ကျင်းပမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကစားသမားလေးဦးနဲ့ ယှဉ်ပြိုင်မှာဖြစ်ပြီး အမျိုးသားကစားသမားတွေက သီဟအောင်၊ အောင်ကောင်းထွဋ်နဲ့အမျိုးသမီး ကစားသမားတွေကတော့ နန်းဟန်နီဦး၊ ရွှန်းလဲ့မော်ဦးတို့ ဖြစ်ပါတယ်။ ရွှေတံဆိပ်ဆု ခြောက်ခုအထိ ချီးမြှင့်ပေးမှာပါ။
- မြားပစ်အားကစားနည်းကတော့ ပဥ္စမမြောက်နေ့ပွဲအဖြစ် Recurve ပြိုင်ပွဲအမျိုးအစား အသင်းလိုက်ပြိုင်ပွဲတွေကို ဘူကစ်ဂျာလစ် အမျိုးသားအားကစားစင်တာရှိ စင်တီတစ်မြားပစ်ကွင်းမှာပဲကျင်းပမှာဖြစ်ပါတယ်။ မြန်မာမြားပစ်အဖွဲ့အနေနဲ့ တစ်ဦးချင်းပြိုင်ပွဲမှာ အောင်မြင်မှုနဲ့လွဲချော်ခဲ့လို့ အသင်းလိုက်ပြိုင်ပွဲကနေ ဆုတံဆိပ်ရယူနိုင်ဖို့ ကြိုးပမ်းရတော့မှာပါ။
- ဘိုးလင်းအားကစားပြိုင်ပွဲကို ဒုတိယမြောက်နေ့အဖြစ် ကျင်းပမှာဖြစ်ပေမယ့် မြန်မာနိုင်ငံကတော့ ဒီနေ့မှ စတင်ယှဉ်ပြိုင်ရမှာပါ။ ဒီနေ့ကျင်းပမယ့် နှစ်ယောက်တွဲဖိုင်နယ်ပွဲစဉ်တွေကိုတော့ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ရပ်စလုံး ပါဝင်မှာဖြစ်ပြီး မြန်မာနိုင်ငံကတော့ အမျိုးသားပွဲတွေပဲ ယှဉ်ပြိုင်မှာပါ။ ယှဉ်ပြိုင်မယ့်ကစားသမားတွေက တင့်ဆွေဦး၊ အောင်ဝင်း၊ ဇေယျာနိုင်၊ သီဟ၊ ဌေးဝင်းအောင်၊ ငြိမ်းချမ်းတို့ဖြစ်ပါတယ်။ ဘိုးလင်းအားကစားနည်းက ရွှေတံဆိပ်နှစ်ခု ပေးမှာပါ။
- အနောက်တိုင်းလက်ဝှေ့ပြိုင်ပွဲကို ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပမှာဖြစ်ပြီး ၄၆ ကီလိုကနေ ၈၁ ကီလိုတန်းအထိ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို MiTEC ရှိခန်းမ ၈ မှာ ပြုလုပ်မှာပါ။ မြန်မာနိုင်ငံက ယှဉ်ပြိုင်မယ့်ကစားသမားတွေကတော့ မျိုးကျော်သူ၊ မောင်ငယ်၊ လင်းထွဋ်အောင်၊ ဝေဖြိုးထွန်း၊ အောင်ပြည့်ဖြိုးတို့ယှဉ်ပြိုင်မှာဖြစ်ပါတယ်။
- ခရစ်ကတ်ပြိုင်ပွဲရဲ့ 50 Over အမျိုးအစားအတွက် မြန်မာအမျိုးသားအသင်း နောက်ဆုံးပွဲစဉ်အဖြစ် ဒီကနေ့မှာ အိမ်ရှင်မလေးရှားအသင်းနဲ့ ရင်ဆိုင်ရမှာပါ။ မြန်မာအသင်းဟာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ရထားလို့ ကြေးတံဆိပ်ဆုကိုမျှော်လင့်နိုင်ဖို့ဆိုရင် ဒီနေ့ပွဲကို မဖြစ်မနေအနိုင်ကစားရတော့မှာပါ။
- ဓားခုတ်ပြိုင်ပွဲကတော့ ဒီနေ့မှစတင်ကာ MiTEC Hall 6 မှာ ကျင်းပမှာဖြစ်ပေမယ့် ရွှေတံဆိပ်နှစ်ခုအထိ ချီးမြှင့်ပေးသွားမှာပါ။ ဒီနေ့ပြိုင်ပွဲမှာတော့ Foil နဲ့ Sabre အမျိုးအစားတွေကို ကျင်းပသွားမှာဖြစ်ပြီး မြန်မာနိုင်ငံက အမျိုးသားပွဲမှာ သီဟ၊ အမျိုးသမီးပွဲတွေမှာတော့ ဖြူဖြူအောင်နဲ့ ဝိုင်းထက်အောင်တို့ ဖြစ်ပါတယ်။
- ဘောလုံးအားကစားနည်းမှာတော့ အမျိုးသားပွဲတွေ ပြန်လည်ကျင်းပမှာပါ။ မြန်မာအသင်းအနေနဲ့ အုပ်စုအဆင့်ကို ကျော်ဖြတ်ထားနိုင်ပြီဖြစ်လို့အိမ်ရှင်မလေးရှားအသင်းကို အသာစီးကနေ ကစားနိုင်မှာဖြစ်ပါတယ်။ မြန်မာအသင်းအနေနဲ့ အုပ်စုပထမနေရာအတွက်ပဲ အဓိကထားကစားရမှာပါ။ ဒီပွဲကိုတော့ ည ၇ နာရီ ၁၅ မိနစ်မှာ ယှဉ်ပြိုင်ကြမှာပါ။
- ကျွမ်းဘားအားကစားနည်းရဲ့ Artistic အမျိုးအစားပြိုင်ပွဲ ဒုတိယနေ့ပွဲတွေကို ထပ်မံကျင်းပမှာဖြစ်ပြီး ရွှေတံဆိပ်တစ်ခု ထပ်မံချီးမြှင့်ပေးမှာပါ။ မြန်မာနိုင်ငံကတော့ ဒီအမျိုးအစားမှာပဲ ယှဉ်ပြိုင်တာဖြစ်ပြီး တစ်ဦးချင်းပွဲမှာ အောင်မြင်မှုမရခဲ့လို့ ဒီနေ့ကျင်းပမယ့် အသင်းလိုက်ပြိုင်ပွဲမှာ အောင်မြင်မှုရနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။
- ဒီနေ့မှ စတင်ကျင်းပမယ့် ဟော်ကီ(မြက်ခင်း) ပြိုင်ပွဲမှာတော့ အမျိုးသမီးပွဲစဉ်တွေနဲ့ စမှာပါ။ ဒီပွဲတွေကိုတော့ နေရှင်နယ်ဟော်ကီအားကစားကွင်းမှာ ယှဉ်ပြိုင်မှာဖြစ်ပြီး မြန်မာအသင်းက စင်ကာပူအသင်းနဲ့ ပွဲဦးထွက်ရင်ဆိုင်ရမှာပါ။ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ဖို့အတွက် အဖွင့်ပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အရေးကြီးပါတယ်။
- ပီတန်း(ကျောက်ဒိုးပစ်) အားကစားနည်းကိုလည်း ဒီနေ့မှာ စတင်ကျင်းပမှာဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ပွဲစဉ်တွေနဲ့ စတင်မှာပါ။ အရီနာ ပီတန်းအားကစားရုံ

စာ - 31

# ဘတ်စကက်ဘော၊ ခရစ်ကတ်၊ ဖူဆယ်ပြိုင်ပွဲဝင် မြန်မာအသင်းများ ရှုံးပွဲကြုံ

**ရန်ကုန်၊ ဩဂုတ် ၂၀**

မလေးရှားနိုင်ငံတွင် ကျင်းပနေသော ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲ၏ အားကစားနည်းများကို ဩဂုတ်လ ၂၀ ရက်နေ့က ဆက်လက်ကျင်းပခဲ့ရာ ဘတ်စကက်ဘော၊ ခရစ်ကတ်၊ ဖူဆယ်ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းများသည် ရှုံးပွဲများနှင့်သာ ကြုံတွေ့ခဲ့ရသည်။

အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၏အဖွင့်ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ရင်ဆိုင်ခဲ့ရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို အမှတ်ပြတ်ဖြင့် ရှုံးနိမ့်သွားခဲ့သည်။

အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်လည်း မြန်မာအသင်းသည် စင်ကာပူအသင်းကို ရမှတ်နှစ်မှတ်အကွာ ၁၀၀ မှတ်/၉၈ မှတ်ဖြင့် ကပ်၍ရှုံးနိမ့်ခဲ့ရသည်။

ဖူဆယ်အားကစားနည်း၏အမျိုးသမီးပြိုင်ပွဲတွင်လည်း မြန်မာအသင်းသည် လက်ရှိချန်ပီယံထိုင်းကို ၁၀ ဂိုး ၂ဂိုး ဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းအနေနှင့် လက်ရှိအချိန်တွင် နှစ်ပွဲကစားထားပြီးဖြစ်ရာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသောကြောင့် ဆုတံဆိပ်ရယူနိုင်ရန် လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

ယင်းအပြင် စားပွဲတင်းတင်းနစ် အမျိုးသမီးအသင်းသည်လည်း ကမ္ဘာ့အဆင့်ရှိ စင်ကာပူအသင်းကို သုံးပွဲပြတ်ရှုံးနိမ့်ကာ အသင်းလိုက်ပြိုင်ပွဲမှနေ၍ ထွက်ခွာခဲ့ရပြီဖြစ်သည်။ ■ J-04

**စာ - 30 Sea Games မှအဆက်**

မှာ ကျင်းပမယ့် ဒီပွဲကိုတော့ Pre Round ပွဲတွေ ကျင်းပသွားမှာဖြစ်ပြီး အနိုင်ရရှိသူတွေက ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရရှိမှာပါ။

- ရွက်လှေအားကစားနည်းကိုတော့ နေရှင်နယ်Sailing စင်တာမှာ စတင်ကျင်းပမှာဖြစ်ပြီး အသင်းလိုက် Racing Laser Standard ပြိုင်ပွဲနဲ့ Racing Laser Optimist U 18 ပွဲတွေကို ကျင်းပသွားမှာပါ။ မြန်မာနိုင်ငံက အမျိုးသားကစားသမားတွေအဖြစ် ထက်လင်းဇော်၊ စည်သူဟိန်း၊ မင်းသော်ကောင်း၊ လင်းဝေယံပြည့်၊ ခွန်အောင်သိန်းဦး၊ ဖုန်းမြတ်သူ၊ မင်းပြည့်သွေး၊ မင်းသီဟအောင်နဲ့ အမျိုးသမီးကစားသမားတွေဖြစ်တဲ့ သန္တာအောင်၊ ချစ်ရီရီထူး၊ စောသော်သီထူး၊ ဂျူလိုင်ထွေးတို့ ယှဉ်ပြိုင်ကြမှာပါ။
- ပိုက်ကျော်ခြင်းအားကစားနည်းရဲ့ ဒုတိယနေ့ပွဲတွေကို ကျင်းပသွားမှာဖြစ်ပြီး မြန်မာအသင်းကတော့ အမျိုးသား (အသင်းလိုက်) နှစ်ယောက်တွဲပြိုင်ပွဲမှာ ဖိလစ်ပိုင်အသင်းနဲ့ ရင်ဆိုင်ရမှာပါ။ မြန်မာအသင်းအနေနဲ့ ရွှေတံဆိပ်ဆု မလွဲချော်ဖို့အတွက် အာရုံစိုက်ယှဉ်ပြိုင်ရမှာပါ။
- သေနတ်ပစ်အားကစားနည်းကိုလည်း ဒီနေ့မှာ စတင်ကျင်းပမှာဖြစ်ပြီး ရွှေတံဆိပ်တစ်ခု ချီးမြှင့်ပေးသွားမှာပါ။ ပြိုင်ပွဲကတော့ အမျိုးသား Double Trap တစ်ဦးချင်းပွဲတွေကို အရည်ချင်းစစ်ပွဲတွေနဲ့ ဗိုလ်လုပွဲတွေကို ကျင်းပမှာဖြစ်ပြီး မြန်မာနိုင်ငံက ကစားသမားတွေကတော့ ကျော်စွာဝင်း၊ ကောင်းထိုက်၊ ရဲထွန်းနောင်တို့ ဖြစ်ပါတယ်။
- စကွက်ပြိုင်ပွဲကိုတော့ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ယှဉ်ပြိုင်တာဖြစ်ပြီး နေရှင်နယ်စကွက်စင်တာမှာ ပြုလုပ်မှာပါ။ အဖွင့်ပွဲစဉ်တွေမှာ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွေကို စတင်ကျင်းပမှာဖြစ်ပြီး အမျိုးသားပြိုင်ပွဲကို ရန်နောင်ဦး၊ သုခသန့်၊ ဇင်မောင်မောင်၊ နိုင်ဦး၊ သက်ကိုကိုလတ်၊ အမျိုးသမီးပြိုင်ပွဲကို အိအိပြုံး၊ သန်းသန်းစိုး၊ အေးအေးသင်း၊ မိုးမိုးသဲတို့က ယှဉ်ပြိုင်မှာပါ။
- စားပွဲတင်တင်းနစ်ပြိုင်ပွဲကိုတော့ တစ်ဦးချင်းပွဲစဉ်တွေ ကျင်းပမှာဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ နှစ်ယောက်တွဲ ပြိုင်ပွဲမှာ ရလဒ်တွေဆိုးရွားခဲ့လို့ ဒီပြိုင်ပွဲမှာ ရလဒ်ကောင်းရဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ သို့သော်လည်း လူငယ်ကစားသမားတွေကို အခြေခံဖွဲ့စည်းထားလို့ အတွေ့အကြုံရရေးကိုသာ ဦးစားပေးယှဉ်ပြိုင်ရမှာပါ။
- တင်းနစ်ပြိုင်ပွဲကိုလည်း နေရှင်နယ်တင်းနစ်စင်တာမှာ ဒီနေ့ပဲ စတင်ကျင်းပမှာဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး၊ တစ်ဦးချင်းနဲ့နှစ်ယောက်တွဲပွဲစဉ်တွေကို ကျင်းပမှာဖြစ်ပါတယ်။ အမျိုးသားကစားသမားတွေဖြစ်တဲ့ အောင်ကျော်နိုင်၊ တင်မျိုးဝေ၊ အောင်မျိုးသန့်၊ အောင်သက်ဦး၊ အမျိုးသမီးကစားသမားတွေဖြစ်တဲ့ နီလာဝင်း၊ သန္တာအောင်တို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။
- သုံးမျိုးစုံအားကစားနည်းပြိုင်ပွဲကိုလည်း ဒီနေ့မှာပဲ စတင်ကျင်းပမှာဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပွဲတွေကို ကျင်းပမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ အမျိုးသားပွဲတွေပဲ ယှဉ်ပြိုင်မှာဖြစ်ပြီး ကျော်ထက်အောင်၊ ရဲဝင့်နိုင်၊ တင်ဝင်းကြည်တို့ ယှဉ်ပြိုင်မှာပါ။
- ဘော်လီဘောပြိုင်ပွဲကိုလည်း အဖွင့်ပွဲအဖြစ် MiTEC Hall 11 မှာစတင်ကျင်းပမှာဖြစ်ပြီး အမျိုးသားပြိုင်ပွဲမှာ မြန်မာအသင်းက ထိုင်းအသင်းနဲ့ တွေ့ဆုံနေပါတယ်။ မြန်မာအသင်းအနေနဲ့ ဆုတံဆိပ်ရယူနိုင်ဖို့ဆိုရင် အဖွင့်ပွဲမှာ ရလဒ်ကောင်းရယူနိုင်ဖို့ လိုပါတယ်။
- ဝူရှူးအားကစားနည်းဟာ ပထမနေ့မှာ ရွှေတံဆိပ်ငါးခုအထိ ချီးမြှင့်ခဲ့သလို ဒုတိယနေ့ဖြစ်တဲ့ ဒီနေ့မှာလည်း ရွှေတံဆိပ်ခြောက်ခုအထိ ချီးမြှင့်ပေးမှာဖြစ်ပါတယ်။ မြန်မာကစားသမားတွေအနေနဲ့ ပထမနေ့ပွဲစဉ်တွေမှာ ရလဒ်ကောင်းမရခဲ့လို့ဒုတိယနေ့ပွဲစဉ်တွေမှာ ရလဒ်ကောင်းရယူနိုင်ဖို့ ကြိုးပမ်းရတော့မှာလည်း ဖြစ်ပါတယ်။ ■ J-04



Mailonline

# ရာသီဖွင့်နှစ်ပွဲတွင် ခြောက်မှတ်ရဖူးပြီး အဆင့်ခြောက်တွင် ရာသီသိမ်းခဲ့ရသည်ကို မမေ့သင့်ကြောင်း မော်ရင်ညို အသိပေး

**ကာဒစ်ဖ်၊ ဩဂုတ် ၂၀**

မန်ယူနည်းပြ မော်ရင်ညိုသည် ရာသီဖွင့်ပွဲစဉ် နှစ်ပွဲတွင် မန်ယူအနေနှင့် ဂိုးပြတ်ရလဒ်များဖြင့် နိုင်ပွဲများ ရယူနိုင်ခဲ့သည်ကို သတင်းမီဒီယာများနှင့် ပရိသတ်များက ချီးကျူးလျက်ရှိသော်လည်း စိတ်ကြီးမဝင်မိကြောင်း ထုတ်ဖော်အသိပေးသွားခဲ့သည်ဟု Sky Sports က ဖော်ပြထားသည်။

မော်ရင်ညိုသည် မန်ယူကစားသမားများမှာ ယမန်နှစ်ကထက် ယုံကြည်ချက်မြင့်မားစွာဖြင့် ကစားနိုင်စွမ်းရှိလာသည်ကိုမူ ကျေနပ်အားရဖြစ်မိကြောင်း ဖွင့်ဟဝန်ခံသွားခဲ့ပြီး ရာသီဖွင့်ပွဲစဉ် နှစ်ပွဲလုံးတွင် အနိုင်ရရှိခြင်းကို ၎င်းအမြင်အတိုင်း ပြောရမည်ဆိုပါက ဘာတစ်ခုမျှပင် မဟုတ်သေးကြောင်း မော်ရင်ညိုက မှတ်ချက်ပေးသွားခဲ့သေးသည်။

မော်ရင်ညိုသည် ဝက်စ်ဟမ်း၊ ဆွမ်ဆီးတို့နှင့်ပွဲစဉ်များတွင် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် မန်ယူကစားနိုင်ခဲ့သည်ကိုမူ ကျေနပ်အားရဖြစ်လျက်ရှိပြီး လက်ရှိစွမ်းဆောင်ရည်များကို ရှေ့ဆက်၍ ထိန်းသိမ်းသွားနိုင်မည်ဆိုပါက ရာသီကုန်ဆုံးချိန်တွင် မျှော်မှန်းထားသည့် ရည်မှန်းချက်များအားလုံး အကောင်အထည်ပေါ်လာလိမ့်မည်ဟုလည်း မော်ရင်ညိုက အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "မနှစ်တုန်းကလည်း ဒီလိုရာသီအစမှာ ကျွန်တော်တို့ နှစ်ပွဲဆက်တိုက် အနိုင်ရပြီး ရမှတ်ခြောက်မှတ် ရယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရာသီသိမ်းတော့ အဆင့်ခြောက်မှာ ရပ်တည်ပြီးတော့ပဲ ကျွန်တော်တို့ ကျေနပ်လိုက်ရတာကို မမေ့သင့်ပါဘူး။ ဒီတော့ လက်ရှိအခြေအနေဟာ ကျွန်တော့်အတွက်တော့ ဘာမှမဟုတ်သေးဘူးလို့ပဲ ပြောရမယ့်အနေအထားဖြစ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော် ကျေနပ်အားရမိတာ တစ်ခုတော့ရှိပါတယ်။ အဲ့ဒါကတော့ အသင်းကစားသမား အားလုံးရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်ဟာ မနှစ်ကထက် အများကြီး တိုးတက်လာတဲ့အချက်ပါပဲ။ ဒီပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ရင် မျှော်မှန်းထားတဲ့အရာရာက ကျွန်တော်တို့အတွက် အကောင်အထည်ပေါ်လာနိုင်မှာပါ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# မန်ယူက ထွက်ခွာခဲ့ရသည့်အကြောင်းရင်းကို ရွိုင်ကိန်း ဖွင့်ဟ

**မန်ချက်စတာ၊ ဩဂုတ် ၂၀**

မန်ယူအသင်းခေါင်းဆောင်ဟောင်း ရွိုင်ကိန်းသည် မန်ယူကို ၎င်းစွန့်ခွာဖြစ်ခဲ့သည့်အကြောင်းရင်းကို ဖွင့်ဟပြောကြားလိုက်ပြီဖြစ်ပြီး ၎င်းက အသင်းအတွက် အပြုသဘောဆောင်သည့် တိုးတက်မှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြောကြားခဲ့သည့် အင်တာဗျူးဖြေကြားချက်များကို အသင်းတာဝန်ရှိသူများက ဒဏ်ကြေးငွေ တပ်ရိုက်အရေးယူခဲ့သည့်အတွက် ၎င်းအနေနှင့် မန်ယူကို စွန့်ခွာရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ရွိုင်ကိန်းက အသိပေးသွားခဲ့သည်ဟု The Mirror က ဖော်ပြထားသည်။



AP

ရွိုင်ကိန်းသည် ၂၀၀၅ ခုနှစ်တွင် မစ်ဒယ်ဘရော့အသင်းပိုင် ရေးဗားဆိုက်ဒ် ဘောလုံးကွင်းကြီး၌ မစ်ဒယ်ဘရော့က မန်ယူကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် မန်ယူအသင်းပိုင် MUTV နှင့်တွေ့ဆုံရာ၌ မန်ယူကစားသမားအချို့၏ခြေစွမ်းနှင့် ခံယူချက်များကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်သွားခဲ့ပြီး ယင်းလုပ်ရပ်အတွက် မန်ယူအသင်းတာဝန်ရှိသူများက ရွိုင်ကိန်းကို ဒဏ်ကြေးငွေ ပေါင်ငါးထောင် တပ်ရိုက်အရေးယူလိုက်ခြင်းဖြစ်သည်။

ရွိုင်ကိန်းသည် ၎င်းအတွက် ပေါင်ငါးထောင်ဟူသည်မှာ များပြားလွန်းလှသည့် ငွေပမာဏတစ်ရပ် မဟုတ်သော်လည်း အမှန်တရားကို ကာကွယ်လိုခြင်းကြောင့် ယင်းဒဏ်ကြေးငွေကို မပေးဆောင်ဘဲ အသင်းက ထွက်ခွာရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ရှင်းပြသွားခဲ့ပြီး အကယ်၍ ယင်းဒဏ်ငွေကို ပေးဆောင်ခဲ့မည်ဆိုပါကမူ ၎င်းမှာ မန်ယူကစားသမားအဖြစ် နှစ်အတန်ကြာ ဆက်ရှိနေခဲ့ဦးမည်သာဖြစ်ကြောင်း ရွိုင်ကိန်းက အသိပေးသွားခဲ့သေးသည်။

ရွိုင်ကိန်းသည် မန်ယူထံတွင် ၁၂ နှစ်ကြာ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခုနစ်ကြိမ်၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် လေးကြိမ်၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ကြိမ် ချန်ပီယံဖြစ်ခွင့်ရခဲ့ပြီး မစ်ဒယ်ဘရော့က မန်ယူကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ယင်းပရီးမီးယားလိဂ်ပွဲစဉ်အပြီး သီတင်းနှစ်ပတ်အကြာတွင် ရွိုင်ကိန်းက အသင်းနှင့် နှစ်ဦးသဘောတူညီချက်ယူကာ လမ်းခွဲသွားခဲ့ခြင်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ရွိုင်ကိန်းက "ကျွန်တော့်ရဲ့မန်ယူကစားသမားဘဝ ဖြတ်သန်းမှုတစ်လျှောက်မှာ အဲ့ဒါထက်ကြီးမားတဲ့ ဒဏ်ကြေးငွေတွေကို တောင် ပေးဆောင်ခဲ့ဖူးပါတယ်။ အနီကတ်ပြသထုတ်ပယ်ခံရတာတွေကြောင့် ကျွန်တော်ပေးဆောင်ခဲ့ရတဲ့ ဒဏ်ကြေးငွေပမာဏစုစုပေါင်းဟာ ပေါင်ငါးသိန်းလောက်ရှိခဲ့တာပါ။ ဒါပေမဲ့ အဆုံးသတ်မှာ ပေါင်ငါးထောင်ဒဏ်ငွေကို မပေးဆောင်လိုတဲ့အတွက် မန်ယူကို ကျွန်တော် စွန့်ခွာလိုက်ရတာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ဂုဏ်သိက္ခာကို ကျွန်တော် ကာကွယ်တာပါပဲ။ ကျွန်တော်ပြောခဲ့တာ တကယ့်အမှန်တရားတစ်ခုပါ။ အဲ့ဒီအချိန်တုန်းက အသင်းတွင်းမှာဖြစ်ပျက်နေခဲ့တဲ့ အရှိတရားတွေပါ။ အသင်းတိုးတက်စေလိုတဲ့အတွက် အဲ့ဒီလိုမှတ်ချက်စကားတွေကို ကျွန်တော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ဘက်က မှန်နေပါလျက်နဲ့တော့ ဘယ်လိုဒဏ်ကြေးမျိုးကိုမှ မပေးဆောင်နိုင်ပါဘူး။ အဲ့ဒါကြောင့်ပဲ အသင်းနဲ့လမ်းခွဲဖို့ကို ကျွန်တော် ရွေးချယ်လိုက်တာပါ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# FOREIGN AFFAIRS




ထရမ့်က တန်ပြန်ဆန္ဒပြသူများကို ချီးကျူးခဲ့သည်

# ဘော့စတွန်တွင် ရာဇဝတ်ကင်းပင်မပြည့်သည့် လက်ယာစွန်းဝါဒီများ စုဝေးမှုကို တန်ပြန်ဆန္ဒပြသူ လေးသောင်းကျော်ရှိ

**ဘော့စတွန်၊ ဩဂုတ် ၁၉**

ဗာဂျီးနီးယားတွင် လူဖြူလူမျိုးကြီးဝါဒီများ၏ဆန္ဒပြပွဲ၌ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီးနောက် တစ်ပတ်မျှအကြာတွင် လက်ယာစွန်းဝါဒီ ဟောပြောသူများ တက်ရောက်မည့် 'လွတ်လပ်စွာထုတ်ဖော်ခွင့်' ခေါင်းစဉ်တပ် စုဝေးပွဲကို ဘော့စတွန်မြို့တွင် ကျင်းပရန် စီစဉ်ခဲ့ရာ တန်ပြန်ဆန္ဒပြသူ လေးသောင်းကျော်ခန့် လမ်းမပေါ်ထွက် ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း Reuters သတင်းဌာနက ဖော်ပြသည်။

သမိုင်းဝင် ဘော့စတွန် အများပိုင်ပန်းခြံတွင် ပွဲစီစဉ်သူများ ဖိတ်ကြားထားသော လက်ယာစွန်းဝါဒီဟောပြောသူများမှာ အကာအရံတစ်ခုအတွင်း စုနေခဲ့ရပြီး နှစ်ဖက်သီးခြားစီဖြစ်စေရန် ရဲများက လုံခြုံရေးယူပေးခဲ့ရသည်။

ပြီးခဲ့သည့်အပတ်က ဗာဂျီးနီးယားပြည်နယ် ရှားလော့စ်ဗီးလ်တွင် ဖြစ်ပွားသကဲ့သို့ လူဖြူလူမျိုးကြီးဝါဒီများနှင့် ကန့်ကွက်သူများအကြား ရန်းရင်းဆန်ခတ်မဖြစ်စေရန် လုံခြုံရေးအထူးတင်းကျပ်ထားခဲ့ရသည်။ ရှားလော့စ်ဗီးလ်တွင် လူဖြူလူမျိုးကြီးဝါဒီတစ်ဦးက ကားဖြင့်ဝင်တိုက်ခဲ့ခြင်းကြောင့် တန်ပြန်ဆန္ဒပြသူ အမျိုးသမီးတစ်ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရခဲ့သည်။

အမေရိကန်တွင် အစောဆုံးပန်းခြံတစ်ခုဖြစ်သော အများဆိုင်ပန်းခြံတစ်ဝိုက်ရှိ လမ်းများတွင် ကန့်ကွက်ဆန္ဒပြသူအရေအတွက်ပါ လေးသောင်း ဝန်းကျင်အထိရှိနိုင်ကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။

ရဲ ၅၀၀ ခန့်ဖြင့် လုံခြုံရေးယူထားခဲ့သလို အတားအဆီးများ၊ မြေသယ်ကားဖြူကြီးများ ပန်းခြံတစ်လျှောက် ဖြန့်ထားပြီး ရှားလော့စ်ဗီးလ်နှင့် ဥရောပတွင် ဖြစ်ခဲ့သလို ကားဖြင့် လူအုပ်ထဲ ဝင်တိုက်ခြင်းမျိုး မဖြစ်စေရန် အဓိက ထားကာကွယ်ပေးခဲ့သည်။

လက်ယာစွန်းဝါဒီများ၏ စုဝေးမှုမှာ လူဒါဇင်အနည်းငယ်သာရှိခဲ့ပြီး ဟောပြောသူများမှာလည်း တန်ပြန်ဆန္ဒပြသူများ၏ အော်ဟစ်ကန့်ကွက်သံများကြောင့် အသံပင်တိုးမပေါက်ခဲ့ပေ။ စုဝေးပွဲကို စီစဉ်ထားသည်ထက် တစ်နာရီခန့် စောကျင်းပခဲ့သည်။

တန်ပြန်ဆန္ဒပြသူများမှာ လက်ယာစွန်းဝါဒီများ၏စုဝေးပွဲကို လာရောက်သူများကို ဝိုင်းရန်ပြီး 'ရှက်ဖွယ်'၊ 'အိမ်ပြန်တော့' ဟု အော်ဟစ်လှောင်ပြောင်ခဲ့ကြသလို ရေဘူးများဖြင့် ပစ်ပေါက်မှုများလည်း ရှိခဲ့သည်။ ရဲများက စုဝေးပွဲလာသူများကို လုံခြုံရေးပေးပြီး ခေါ်ထုတ်ခဲ့ရကာ တန်ပြန်ဆန္ဒပြသူအချို့၏ဟန့်တားမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

ရှားလော့စ်ဗီးလ်မှ အကြမ်းဖက်မှုသည် ထရမ့်လက်ထက်တွင် အကြီးဆုံးပြည်တွင်းအကျပ်အတည်း ဖြစ်လာခဲ့သည်။ ထရမ့်သည်ဖြစ်စဉ်အတွက် လူဖြူအမျိုးသားရေးဝါဒီများကို တိုက်ရိုက်အပြစ်မတင်ဘဲ နှစ်ဖက်စလုံးကို အပြစ်ဖို့ခဲ့ခြင်းကြောင့် ဝေဖန်ခံခဲ့ရသည်။ သို့သော်လည်းထရမ့်က ရှားလော့စ်ဗီးလ်မြို့ရှိ အမေရိကန်ပြည်တွင်းစစ်အတွင်း ကျွန်စနစ်ကို ဆက်ထိန်းထားလိုသည့် ကွန်ဖက်ဒရိတ်ဘက်မှ ဗိုလ်ချုပ်ကြီးရောဘတ်အီးလီး၏ရုပ်တု ဖယ်ရှားမည့်အစီအစဉ်ကို ကန့်ကွက်ခဲ့ကြသည့် အုပ်စုထဲတွင်လည်း လူကောင်းများ ပါဝင်ကြောင်း ထပ်မံပြောကြားခဲ့သည်။

ယခုဘော့စတွန်ဖြစ်စဉ်တွင်မူ ထရမ့်က တန်ပြန်ဆန္ဒပြသူများကို ချီးကျူးခဲ့သည်။

"တစ်ယူသန်မှုနဲ့ အမုန်းတရားကို ဆန့်ကျင်ဖော်ထုတ်ရဲတဲ့ ဘော့စတွန်က ဆန္ဒပြသူအများအပြားကို ချီးကျူးဂုဏ်ပြုလိုပါတယ်။ ကျုပ်တို့ရဲ့တိုင်းပြည်ဟာ တပေါင်းတစည်းတည်း ဖြစ်လာတော့မှာပါ။ ကျုပ်တို့ရဲ့ ကြီးမြတ်တဲ့ တိုင်းပြည်ဟာ ဆယ်စုနှစ်ပေါင်းများစွာ ကွဲပြားလာခဲ့တာပါ။ တစ်ခါတစ်ရံမှာ ကုစားနိုင်ဖို့ ဆန္ဒပြတယ်ဆိုတာ လိုအပ်ပါတယ်။ ကျုပ်တို့တွေ ကုစားကြမယ်၊ အရင်ကထက် ပိုသန်မာလာကြမယ်" ဟု ထရမ့်က သူ့ထုံးစံအတိုင်း တွစ်တာလူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

ဘော့စတွန်ဖြစ်စဉ်တွင် လူ ၃၃ ဦး အဖမ်းခံခဲ့ရပြီး အဓိကအားဖြင့် လုံထိန်းဝတ်စုံဝတ်ရဲများကို ကျောက်ခဲများ၊ ကျင်ငယ်ပုလင်းများဖြင့် ပစ်ပေါက်ခဲ့သူများကို ဖမ်းဆီးခြင်းဖြစ်သည်။

"ထိပ်တိုက်တိုးမှုအနည်းငယ်ရှိခဲ့ပါတယ်။ ပါဝင်သူ ၉၉ ဒသမ ၉ ရာခိုင်နှုန်းကတော့ မှန်မှန်ကန်ကန်ဆောင်ရွက်ခဲ့ကြတာပါ" ဟု ရဲမင်းကြီး ဝီလျံအီဗန်စ်က ပြောကြားခဲ့သည်။

သူတို့ရှင်းရှင်းလင်းလင်း ကျယ်ကျယ်လောင်လောင် ကြားသွားပါပြီ။ ဘော့စတွန်ဟာ အမုန်းစကားတွေကို သည်းခံမှာမဟုတ်ဘူး"ဟု လူမျိုးရေးခွဲခြားမှု ဆန့်ကျင်သည့် တန်ပြန်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော အသက် ၅၈ နှစ်အရွယ် အိုဝင်တော်နီက ပြောကြားခဲ့သည်။

■ F-03

## ALSO IN NEWS

### လှေကားကျိုးပြီး ရေကူးကန်ထဲပိတ်မိနေတဲ့အမျိုးသမီး Facebook ကတစ်ဆင့် ရဲကိုအကူအညီတောင်း

အမေရိကန်ပြည်ထောင်စု နယူးဟမ့်ရှိုင်းယားပြည်နယ်သူ အမျိုးသမီးတစ်ဦးဟာ ရေကူးကန်ထဲမှာရေကူးနေရင်း လှေကားကျိုးသွားတာကြောင့်အပေါ်ကို ပြန်မတက်နိုင်တော့ပါဘူး။ အသက် ၆၁ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ အမျိုးသမီး လက်စ်လီခန်းဟာ ပြီးခဲ့တဲ့ဩဂုတ်လ ၁၁ ရက်နေ့က လှေကားကျိုးပြီး ရေကူးကန်ထဲက ပြန်မတက်နိုင်တော့တာပါ။ ကိုယ့်ဘာသာကိုယ် ကန်ဘောင်ပေါ်ပြန်တက်ဖို့ကြိုးစားပေမယ့် မတက်နိုင်တော့တာမို့ ရေထဲမှာ အခက်အခဲတွေ့နေပါတယ်။ အိမ်မှာလည်း ဘယ်သူမှ မရှိပါဘူး။ လက်ကိုင်ဖုန်းကလည်း အိမ်ထဲမှာ ရောက်နေပါတယ်။ ဒါပေမဲ့ သူမရဲ့ iPad ကတော့ ရေကူးကန်ဘေးကနံ့ပေါ်မှာရှိနေပါတယ်။ ရေကူးကန်ထဲက တုတ်ချောင်းကို သုံးပြီးတော့ iPad ကို သူမဆီရောက်အောင် ဆွဲယူခဲ့ပါတယ်။ ပြီးတော့ Facebook ရဲ့သူမတို့ ရပ်ရွာစာမျက်နှာပေါ်ကိုတက်ပြီးတော့ အကူအညီတောင်းစာ တက်ရေးခဲ့ပါတယ်။ Facebook post ကို အရေးပေါ်ဖြစ်ကြောင်း သိစေဖို့ 911 အဆင့်လို့လည်း သတိပေးထားပြီး လူတွေသတိထားမိအောင် လုပ်ထားခဲ့ပါတယ်။ အိမ်နီးနားချင်းအမျိုးသမီးတစ်ဦး ရောက်လာပြီးတော့ ရဲကိုပါခေါ်လာခဲ့ပါတယ်။ ရေကူးကန်ထဲမှာပိတ်မိနေခဲ့သူအမျိုးသမီး လက်စ်လီခန်းဟာ ရင်သားကင်ဆာဝေဒနာကို ကျော်လွှားခဲ့သူလည်းဖြစ်ပြီး သူများကိုကူညီမှ သူများက ကိုယ့်ကို ကူညီလိမ့်မယ်လို့ ဒေသဆိုင်ရာ မီဒီယာကို ပြောကြားခဲ့ပါတယ်။ ■ F-02

### အမဲလိုက်ခွေးက တူးဆွလို့ မြေကြီးထဲက ဒေါ်လာရှစ်သောင်းခွဲတန် ဘိန်းမည်းတွေရ

အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်က မိသားစုတစ်စုပိုင် အမဲလိုက်ခွေးကြီးမျိုးတစ်ကောင်ကို ရဲတပ်ဖွဲ့က ဂုဏ်ပြုခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီခွေးက သူတို့ခြံနောက်နားကမြေကို တူးဆွခဲ့ပြီးတော့ အမေရိကန်ဒေါ်လာရှစ်သောင်းခွဲခန့်တန်ဖိုးရှိ ဘိန်းမည်းတွေကိုတွေ့ရှိရတာကြောင့်ဖြစ်ပါသတဲ့။ ခွေးကြီးတူးဆွခဲ့တဲ့အရာတွေကို အိမ်ရှင်က မသင်္ကာတာမို့ ရုပ်သံရိုက်ကူးခဲ့ပါတယ်။ ကန်ယွန်လို့အမည်ရတဲ့ ဒီခွေးကြီးဟာ မူးယစ်ဆေးဝါးတွေကို တူးဖော်ရရှိခဲ့ပြီဆိုတာကို အိမ်ရှင်က ရိပ်မိသွားခဲ့ပါတယ်။ ယမ်ဟေးစီရင်စုနယ် ရဲမှူးတင်ဆဗန်ဆန်ကတော့ ဒါဟာ ၁၅ အောင်စ အလေးချိန်ရှိတဲ့ ဘိန်းမည်းတွေဖြစ်တယ်လို့အတည်ပြုပေးခဲ့ပါတယ်။ ရဲမှူးကန်ယွန်က ခွေးကြီးကန်ယွန်ကို ဖဲကြိုးနဲ့ဂုဏ်ပြုခဲ့ပြီး မူးယစ်ဆေးဝါးနှိမ်နင်းရေးခွေးအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ အသက် ၁၈ လသားအရွယ်သာရှိသေးတဲ့ အမဲလိုက်ခွေးကြီးက ရှာတွေ့ခဲ့တဲ့ဘိန်းမည်းတွေကို ဘယ်သူက ပိုင်ဆိုင်တယ်ဆိုတာ ရဲက စုံစမ်းဆဲဖြစ်ပါတယ်။ ■ F-02

